# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။ **ပါပဝဂ် (ဓမ္မပဒ - ၁၁၆)**


၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက် | ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်၊ ကြာသပတေးနေ့၊ | အတွဲ (၅၆)၊ အမှတ် (၁၂၅)


# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့၏ နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ထမင်းစားခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးအေးသာအောင်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ လွှတ်တော်ရေးရာ *စာမျက်နှာ ၃ ကော်လံ ၁* ❖



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်



ယခုနှစ်တွင် မြန်မာနိုင်ငံခရီးသွားမြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်မည့် မြိတ်ကျွန်းစုဒေသ

# ယခုနှစ်အတွင်း မြန်မာနိုင်ငံခရီးသွားမြှင့်တင်ရေး မြိတ်ကျွန်းစုကို ဦးစားပေးဆောင်ရွက်မည်

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် ဖေဖော်ဝါရီ ၁**

မြန်မာနိုင်ငံ ခရီးသွားမြှင့်မားစေရေးအတွက် ယခုနှစ် ၂၀၁၇ ခရီးသွားနှစ်တွင် မြိတ်ကျွန်းစုခရီးစဉ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းပြည်ပခရီးသွားများ ပိုမိုသွားရောက်လည်ပတ်လေ့လာနိုင်ရေး ဦးစားပေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့အနေနဲ့ အခု ၂၀၁၇ခုနှစ်မှာ မြိတ်ကျွန်းစုကို ပြည်တွင်းပြည်ပခရီးသွားတွေ ပိုမိုများပြားအောင် ဦးစားပေးဆောင်ရွက်မယ်။ ဒီနှစ်အတွင်းမှာ ခရီးသွားဒေသတွေ ထပ်ပြီးအသစ်ပေါ်ပေါက်လာအောင် ထပ်ပြီးဖော်ထုတ်နေပါတယ်။ အလားတူပဲ မြန်မာနိုင်ငံအတွက်ခရီးသွားအလားအလာရှိတဲ့ဒေသတွေ ထပ်ထပ်ပြီး ဖော် ထုတ်နေတယ်။ ဒီလိုလုပ်ကိုင်နေရင်းနဲ့ ဒေသတွင်းကရော၊ နိုင်ငံတကာကပါ မြန်မာနိုင်ငံအတွက် စိတ် အဝင်စားဆုံးဖြစ်နိုင်မယ်ထင်တဲ့ ဒေသမျိုးကို ၂၀၁၈ ခုနှစ်မှာ ကျွန်တော်တို့ ထပ်ပြီးမိတ်ဆက်မယ့် အစီအစဉ်ရှိပါတယ်။ ဒီနှစ်မှာကတော့ မြိတ်ကျွန်းစုကို ဦးစားပေးပေ့ါ။ နောက် ဒီ့ထက် ပိုကောင်းတဲ့ အလားအလာရှိတဲ့ နေရာတွေလည်း အနှံ့အပြားပေါ်လာဦးမှာပါ။ ဒီထဲမှာမှ ထုတ်ဖော်ကြေညာမယ်ဆိုရင် ပြည်တွင်း၊ ပြည်ပဧည့်သည်တွေအတွက် နေထိုင်ရေး၊ သွားလာရေး၊ *စာမျက်နှာ ၄ ကော်လံ ၁* ❍


**ရွှေပြည်နန်း သနပ်ခါး**

**မည်းညို အစက်ကင်း လှဖြူဝင်း ... မွှေးမြသင်းကြူ သဘာဝအသားဖြူ**



ဒေါ်မိမိလှိုင် (ကထိက)
သမိုင်းဌာန၊ ပဲခူးတက္ကသိုလ်

ကျွန်မက ဆိုင်ကယ်နဲ့(၅)မိုင်ဝေးတဲ့ ပဲခူးတက္ကသိုလ်ကို နေ့တိုင်းအလုပ်သွားရာမှ မျက်နှာမှာ အမည်းစက်နဲ့အညိုကွက်တွေများများလာလို့ စိတ်ညစ်နေခဲ့တာကြာပါပြီ။ သား(၃)ယောက်မွေးပြီးကတည်းက သနပ်ခါးအတုံးက ကျွန်မရဲ့ရန်သူဖြစ်သွားပါတယ်။ အလုပ်တာဝန်တွေနဲ့ မအားလပ်နိုင်တာကြောင့် **ရွှေပြည်နန်းသနပ်ခါးအစိမ်းရောင်** ဘူးလေးက သားတို့ရဲ့မိတ်ဆွေဖြစ်နေတာလည်းကြာပါပြီ။ ကျွန်မလည်း သူတို့သနပ်ခါးဘူးလေးကို ယူလိမ်းကြည့်ရာမှ မျက်နှာမှာရှိနေတဲ့ အမည်းစက်နဲ့အညိုကွက်တွေ မရှိတော့ လောက်အောင်ပါးသွားပြီး ဖြူစင်ဝင်းပသွားတာကို သတိထားမိလာပါတယ်။ အမှန်တကယ်ပြောရရင် သွေးပြီးသားအဆင်သင့်ဘူးတွေကို လွယ်လွယ်ကူကူရလို့ ဝယ်လိမ်းဖြစ်တာပါ။ ရွှေပြည်နန်းသနပ်ခါးက တကယ့်သနပ်ခါးအကောင်းတွေနဲ့ စီမံဖော်စပ်ထားတာဖြစ်ပြီး **တကယ်လက်တွေ့ကောင်းတာမို့ အစဉ်အမြဲလိမ်းဖြစ်တော့မှာ ဖြစ်ပါတယ်။ ရွှေပြည်နန်း သဘာဝအသားဖြူသနပ်ခါး အစိမ်းရောင်ဘူးလေးကို အခုတော့ သားတွေနဲ့အတူ လုပြီးတောင်လိမ်းနေရပါတယ်...**

ဒေါ်မိမိလှိုင် (ကထိက၊ သမိုင်းဌာန၊ ပဲခူးတက္ကသိုလ်)၊ အမှတ်(၁၂၁)၊ ဂိုင်း/မြောက်(၄)လမ်း၊ ပဲခူးမြို့။



ထပ်ဆင့်ထောက်ခံအပ်ပါသည်
ဒေါ်ခင်ဝင်း (ရုံးအုပ်)၊ ဆောက်လုပ်ရေးတံတားအထူးအဖွဲ့(၆)၊ မော်လမြိုင်မြို့။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် (အမှတ် - ၅၃၁ (B)၊ မိုးကုတ်လမ်းသွယ်၊ စက်မှုဇုန် (၁)၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့) သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

# ၂၀၁၇ ခုနှစ်၊ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

(၁) ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်ရေး၊

(၂) အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာအောင် တည်ဆောက်ရေး၊

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး၊

(၄) ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေး၊




ဒို့ညီနောင်ထု
တည်ထောင်ပြု
ပြည်ထောင်စုနေ့
ဒို့မမေ့ ။
ပြည်ထောင်စုအရေး
ညီအောင်တွေး
မနှေးဆောင်ရွက်
ပြည်သူ့အတွက် ။
ပင်လုံစိတ်ဓာတ်
လွှမ်းခြုံပတ်
မြင့်မြတ်မြန်မာ
တည်စေရာ ။

## မြန်မာ့အလင်း

# အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု၏ အတွေးအခေါ်များ

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပြောကြားချက်များသည် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုကြီးတွင် ပြည်ထောင်စုသား တိုင်းရင်းသားအားလုံး ခံယူကျင့်သုံးထိုက်သည့် သဘောထားများဟု ယုံကြည်ပါသည်။ အရေအတွက်များသော တိုင်းရင်းသားများမှ လူနည်းစုနှင့် လူမျိုးစုငယ်များ၏ ဘာသာစကားနှင့် ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာများအား မပျောက်ကွယ်အောင် စောင့်ရှောက်ရမည့် ကြီးလေးသည့်တာဝန်ရှိပါကြောင်းဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ခြင်းသည် နိုင်ငံတော်တွင် နှစ်ပေါင်းများစွာ မင်းမူခဲ့သော အတွေးအခေါ်ဟောင်းတစ်ရပ်ကို တွန်းလှန်လိုက်ခြင်းဖြစ်ပါသည်။

အဆိုပါ အတွေးအခေါ်ဟောင်းမှာ တိုင်းရင်းသားလူနည်းစုတို့၏ ဘာသာ စကားနှင့် ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာများ အားကောင်းလာခြင်းသည် ပြည်ထောင်စုမှ ခွဲထွက်ရေးကို အားပေးအားမြှောက်ဖြစ်စေသည်ဟူသော အယူအဆဖြစ်ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ချပြလိုက်သည့် အတွေးအခေါ်မှာ လူများစုက လူနည်းစုတိုင်းရင်းသားလူမျိုးတို့၏ ဘာသာစကားနှင့် ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာများအား ကာကွယ်စောင့်ရှောက်ခြင်းသည် ညီနောင်သားချင်းစိတ်ဓာတ်ကို တိုးပွားစေ၍ ဖက်ဒရယ်ပြည်ထောင်စု၏အုတ်မြစ်ကို ခိုင်မာစေသည်ဟူသော သဘောပင်ဖြစ်ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အတွေးအခေါ်သည် လောကပါလတရားတို့ကို ထွန်းကားစေမည့် အတွေးအခေါ်အဖြစ် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

အခွင့်အရေးနှင့်တာဝန်ကို ဒွန်တွဲပြီး တူညီသောတန်ဖိုးထားမှ မိမိတို့၏ လူ့အသိုက်အဝန်းသည် တိုးတက်နိုင်မည်ဖြစ်ပါကြောင်းဟူသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ခံယူချက်သည် အလေးအနက် နှလုံးသွင်းခံယူရမည့် သဘောထားဟု ယူဆပါသည်။ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုကို ပုံဖော်ရာ၌ ပြည်ထောင်စုသားအားလုံးက မိမိတို့ရယူလိုသည့် အခွင့်အရေးကို မိမိတို့က ပြန်လည်ဖော်ဆောင်ရမည့် ပြည်ထောင်စုအပေါ် တာဝန်ဝတ္တရားတို့ကို ချိန်ထိုးယှဉ်တွဲစဉ်းစားမှသာလျှင် လက်တွေ့ကျ၍ မျှတသည့် ချဉ်းကပ်ပုံတို့ ပေါ်ထွက်လာမည်ဖြစ်ပါသည်။ မတူကွဲပြားသော တိုင်းရင်းသားလူမျိုးတို့၏ အခွင့်အရေးများ မျှမျှတတ တန်းတူရည်တူ ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ပြည်ထောင်စုသားတိုင်းသည် ပွင့်လင်းသောသဘောထားဖြင့် အခြားသူများ၏ ဆွေးနွေးပြောကြားချက်များကို နားလည်လက်ခံစဉ်းစားပေးရန် လိုအပ်သည်ဟူသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပြောကြားချက်သည် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု၏ အခြေခံအုတ်မြစ်သဘောထားဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေးသည် မိမိတို့တစ်နိုင်ငံလုံးရှိ ပြည်သူ ပြည်သားများကို အကျိုးဖြစ်စေမည့် ဥပဒေများနှင့် ကာကွယ်လွှမ်းမိုးထားခြင်းဖြစ်သည်၊ ဖိနှိပ်ချုပ်ချယ်ခြင်းမဟုတ်ဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပြောကြားချက်သည် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု၏ ဥပဒေဆိုင်ရာ အခြေခံသဘောထားဖြစ်ကြောင်း လေးစားစွာ ကောက်နုတ်တင်ပြအပ်ပါသည်။ ။

## ပြင်ဦးလွင်မြို့နယ်ရှိ မိဘမဲ့ပရဟိတပညာသင်စောင့်ရှောက်ရေးကျောင်း အလှူရှင်များလိုအပ်

ပြင်ဦးလွင် ဖေဖော်ဝါရီ ၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် သင်္ဂတုံရေမောင်းကုန်းကျောင်းတိုက် မိဘမဲ့ပရဟိတပညာသင်စောင့်ရှောက်ရေးကျောင်း၌ စေတနာရှင် အလှူရှင်များ လိုအပ်လျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် သင်္ဂတုံရေမောင်းကုန်းကျောင်းတိုက်၌ စေတနာရှင် အလှူရှင်များ နည်းနေသည့်အတွက် အလှူရှင်များကို ဖိတ်ခေါ်လျက်ရှိကြောင်း၊ မိဘမဲ့ကလေး စုစုပေါင်း ၁၅၀ ကျော်ရှိကြောင်း၊ အဝတ်အစား၊ စာရေးကိရိယာ၊ ဆန်၊ ဆီ၊ ဆား အားလုံးကို အလှူခံကြောင်း၊ လှူဒါန်းလိုပါက ကျောင်းထိုင်ဆရာတော် ဦးဇနက ဖုန်း- ၀၉-၇၉၁၄၀၇၈၅၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၆၉)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁-၂-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ ရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၄၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၅၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၀ ကျပ် |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၀ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၅၆ · ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၅၅ · ၈ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၉ |
| တရုတ် | တစ်ယွမ် | ၁၉၆ · ၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄ · ၇ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❖ *ရှေ့ဖုံးမှ*

ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ သုံးခွဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

**တစ်နှစ်ပြည့်မြောက်**

အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဒီမိုကရေစီအသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ထင်ဟပ်စေသည့် ဒုတိယအကြိမ် လွှတ်တော်များ၏ သက်တမ်းသည် ယနေ့ တစ်နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ပြည်သူလူထုက တူညီသည့်ဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ခဲ့သည့် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းမှစပြီး မိမိတို့တာဝန်ယူခဲ့သည့်ကာလအတွင်း လွှတ်တော်၏ တာဝန်များဖြစ်သည့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ခေတ်စနစ်နှင့်အညီ ဖော်ဆောင်နိုင်ရန် ဥပဒေများ အသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းသင့်သည့် ဥပဒေများရုပ်သိမ်းခြင်းစသည့် ဥပဒေပြုခြင်းလုပ်ငန်းများအပြင် အုပ်ချုပ်ရေးကဏ္ဍနှင့် တရားစီရင်ရေး ကဏ္ဍတို့ကို တတ်နိုင်သမျှ ပိုင်းခြားစောင့်ကြည့် ထိန်းကျောင်းခြင်းစသည့် တာဝန်များကို ဆောင်ရွက်ခဲ့ပါကြောင်း။



ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**ပြဋ္ဌာန်းနိုင်ရန်ဆောင်ရွက်**

မိမိတို့ တာဝန်ယူခဲ့သည့် ကာလအတွင်း ပြည်ထောင်စုလွှတ်တော်က နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးဖြစ်ထွန်းစေမည့် ဥပဒေများအသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်းနှင့် ရုပ်သိမ်းခြင်းတို့ ဆောင်ရွက်ရာတွင် အသစ်ပြဋ္ဌာန်းသည့် ဥပဒေ ၇ ခု၊ ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေခြင်းမရှိတော့သည့်အတွက် ပြင်ဆင်ခဲ့ရသည့် ဥပဒေ ၅ ခုနှင့် ရုပ်သိမ်းခဲ့ရသည့် ဥပဒေ ၃ ခုတို့ကို ဆောင်ရွက်ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ဥပဒေအသစ်များ ရေးဆွဲပြဋ္ဌာန်းရာတွင်လည်း ပြည်သူများအကျိုးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် ဥပဒေများဖြစ်ရေးအတွက် လွှတ်တော်က အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု စတုတ္ထပုံမှန် အစည်းအဝေးတွင်လည်း ပြဋ္ဌာန်းရန်ကျန်ရှိနေသည့် ဥပဒေများကို ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်နေပါကြောင်း။

**ထိန်းညှိဆောင်ရွက်**

လွှတ်တော်က ဥပဒေပြုခြင်းလုပ်ငန်းများအပြင် နိုင်ငံတော်၏အကျိုး၊ ဒေသ၏အကျိုး၊ ပြည်သူလူထု၏အကျိုးအတွက် လွှတ်တော်အတွင်း အဆိုများတင်သွင်းခြင်း၊ မေးခွန်းများမေးမြန်းခြင်းနှင့် ကော်မတီများအလိုက် ကော်မတီလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် အုပ်ချုပ်ရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍများကိုလည်း ထိန်းညှိဆောင်ရွက်လျက်ရှိပါကြောင်း။

**အရှိန်အဟုန်ဖြင့်ဆောင်ရွက်**

ဒီမိုကရေစီ ရှင်သန်ခိုင်မာရန်အတွက် စွမ်းရည်မြင့်မားပြီး အားကောင်းခိုင်မာသော လွှတ်တော်များရှိနေရန် မဖြစ်မနေလိုအပ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးဝန်ထမ်းများ၏ ဘက်စုံစွမ်းရည် မြင့်မားရေးအတွက် ပြည်တွင်းပြည်ပ ပညာရှင်များနှင့် ပူးပေါင်းပြီး အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်များ စွမ်းရည်မြင့်မားပြီး အားကောင်းလာသည်နှင့်အမျှ ဒီမိုကရေစီစနစ်သည်လည်း ခိုင်မြဲလာမည်ဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မိမိတို့၏ စွမ်းရည်မြင့်မားအောင် ဆောင်ရွက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအားလုံး တောင့်တလျက်ရှိသည့် ငြိမ်းချမ်းရေး၊ သာယာဝပြောပြီး ချမ်းသာကြွယ်ဝ ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုပေါ်ပေါက်လာရေးအတွက်လည်း အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ပေးကြပါဟု ဆန္ဒပြုရင်း နိဂုံးချုပ်ပါကြောင်း ပြောကြားသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ယခုကဲ့သို့ ဒုတိယအကြိမ် လွှတ်တော်သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခမ်းအနားကို ကျင်းပနိုင်ခြင်းသည် ပထမအကြိမ် လွှတ်တော်သက်တမ်းတွင် တာဝန်ယူခဲ့သည့် လွှတ်တော်အသီးသီး၏ ဥက္ကဋ္ဌများက မိမိတို့ကို လွှတ်တော်လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့အောင် ကူညီပံ့ပိုးခဲ့သည့် အကျိုးဆက်ဖြစ်ပါကြောင်း၊ ဒုတိယအကြိမ် လွှတ်တော်သက်တမ်း တစ်နှစ်ပြည့်ပြီဆိုသည့်အခါ၊ မိမိတို့ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရန် လုပ်သည့်အခါ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လမ်းစပေါ်သို့ ခြေချခါစသာ ရှိပါသေးကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၏ လမ်းစပေါ်ရောက်ရန်မှာ မိမိတို့အားလုံး ပန်းခင်းလမ်းကို လျှောက်လှမ်းခဲ့ရခြင်း မဟုတ်ပါကြောင်း။

**သတိမပြတ်ရန်လို**

ခယောင်းလမ်းကိုကြမ်းတမ်းခက်ထန်စွာဖြင့် ကျားကုတ်ကျားခဲဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ ယခုလိုဆောင်ရွက်ခဲ့ပြီးမှ လက်ရှိအခြေအနေကို ဆိုက်ရောက်လာခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ ကိုယ်စားလှယ်များအားလုံးက ဒါကို သတိမပြတ်ရန်လိုပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် ယခု တစ်နှစ်ပြည့်သွားပြီ ဖြစ်သည့်အတွက် တစ်နှစ်ထက်တစ်နှစ် မိမိတို့၏ အရည်အသွေးများ မြင့်မားတိုးတက်လာပါမှ လွှတ်တော်ကြီး ခိုင်မာတောင့်တင်းမည်ဖြစ်ပါကြောင်း၊ ထိုသို့ လွှတ်တော်ကြီး ခိုင်မာတောင့်တင်းမှသာလျှင် မိမိတို့နိုင်ငံ၌ ဒီမိုကရေစီ အခြေခံအုတ်မြစ် မြဲမြံမည်ဖြစ်ပါကြောင်း။

**ခိုင်မာတောင့်တင်းရန်လို**

လွှတ်တော်ကြီးခိုင်မာတောင့်တင်းမှု မရှိလျှင် ဒီမိုကရေစီအခြေခံအုတ်မြစ် မခိုင်မာနိုင်ပါကြောင်း၊ ဗဟိုအစိုးရ၊ ဗဟိုအဖွဲ့အစည်းများကိုကြည့်ကြည့်၊ ပြည်နယ်၊ တိုင်းအစိုးရ၊ ပြည်နယ်၊ တိုင်းအဖွဲ့အစည်းများကို ကြည့်ကြည့် လွှတ်တော်ပေါ်ပြီးမှ လွှတ်တော်ကနေ ဆင့်ကဲပေါ်ပေါက်လာခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့်လွှတ်တော်သည် ဒီမိုကရေစီတွင် အခြေခံအုတ်မြစ်ဖြစ်သည့်အတွက် မိမိတို့ လွှတ်တော်ခိုင်မာတောင့်တင်းရန် လိုအပ်ပါကြောင်း၊ ယင်းကို ကိုယ်စားလှယ်များအနေဖြင့်လည်း သတိရှိစေချင်ပါကြောင်း။

နောက်တစ်ခုမှာ မိမိတို့ကို မဲဆန္ဒရှင် မိဘပြည်သူများက ဒီမိုကရေစီ လိုလားသည့် စိတ်ဆန္ဒ၊ အာသာဆန္ဒပြင်းပြင်းပြပြဖြင့် မဲပေးလိုက်ခြင်းဖြစ်ပါကြောင်း၊ ဒီမိုကရေစီ အာသာဆန္ဒပြင်းပြသည့် မဲဆန္ဒရှင်များကို တာဝန်ကျေရန် မိမိတို့ ဒီမိုကရေစီပန်းတိုင်သို့ လျှောက်လှမ်းကြရမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီပန်းတိုင်ကို လျှောက်လှမ်းသည့်အခါ ပြင်းထန်သည့် စိတ်ဓာတ်၊ မလျှော့သည့် လုံ့လဝီရိယ၊ ခိုင်မာသည့်ဆန္ဒ၊ အမှားအမှန်ကို ခွဲခြားဆုံးဖြတ်နိုင်သော ဉာဏ်ပညာ အမြော်အမြင်များနှင့် မိမိတို့ဆက်လက်ပြီး ဒီမိုကရေစီပန်းတိုင်ရောက်အောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လျှောက်လှမ်းနိုင်ကြရန် အလေးအနက် ပြောကြားအပ်ပါကြောင်း။

ဒုတိယအချက်အနေဖြင့် ဒုတိယအကြိမ် လွှတ်တော်သက်တမ်း၏ ပထမတစ်နှစ်တာကာလမှာပဲ မိမိတို့နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့ပါကြောင်း၊ လွှတ်တော်၏ဂုဏ်သိက္ခာကို မြင့်မားစေခဲ့ပါကြောင်း၊ ယင်းမှာ (၃၇)ကြိမ်မြောက်အာဆီယံပါလီမန်များ အထွေထွေညီလာခံကို ခမ်းနားထည်ဝါ

*စာမျက်နှာ ၄ သို့*



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း (၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် ကူညီဆောင်ရွက်ပေးခဲ့သော ပြည်ထဲရေးဝန်ကြီးဌာနအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် (၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် ကူညီဆောင်ရွက်ပေးခဲ့သော ပညာရေးဝန်ကြီးဌာနအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်



နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ် (သတင်းစဉ်)

# မဖြစ်မနေ အသုံးပြုနေရသည့် အသုံးအဆောင်ပစ္စည်းများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးကြိုးစား

**နေပြည်တော်  ဖေဖော်ဝါရီ ၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် တပ်မတော် မိုးရေကာဖျင်စက်ရုံနှင့် ဖိနပ်စက်ရုံ(လှိုင်းတက်)တို့သို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက ကုန်ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်မြေပြင်တွင်လည်းကောင်း၊ လုပ်ငန်းခွင်တွင်လည်းကောင်း လက်တွေ့သုံးစွဲရာတွင် တွေ့ရှိရသည့် အားသာချက်၊ အားနည်းချက်များကို အခြားသော ပြည်တွင်းပြည်ပ ထုတ်ကုန်ပစ္စည်းများနှင့် နှိုင်းယှဉ်သုံးသပ်ဖော်ထုတ်၍ မိမိစက်ရုံ၏ထုတ်ကုန်ပစ္စည်းများ အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်ရေး၊ သုံးစွဲသူများ ပိုမို၍ သက်သောင့်သက်သာရှိစေရေး အမြဲမပြတ် ဆန်းစစ်ပြင်ဆင်ဆောင်ရွက်သွားရန်၊ ထို့အပြင် ကျောင်းသုံးကျောပိုးအိတ်၊ ဖိနပ်၊ ဦးထုပ်၊ ခါးပတ်စသည်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူလူထု မဖြစ်မနေ အသုံးပြုနေရသည့် အသုံးအဆောင်ပစ္စည်းများကိုပါ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေး သုတေသနပြုလုပ်၍ ကြိုးစားလုပ်ဆောင်ရန်၊ မိမိစက်ရုံ၏ စက်စွမ်းအားပြည့်လည်ပတ်၍ ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ခြင်းဖြင့် ယင်းအသုံးအဆောင်ပစ္စည်းများ ပြည်ပမှ ဝယ်ယူသုံးစွဲရခြင်းကြောင့် နိုင်ငံခြားငွေသုံးစွဲရမှုပမာဏကို တစ်ဖက်တစ်လမ်းမှ လျှော့ချနိုင်သည်အထိ အထောက်အကူဖြစ်စေရေး မျှော်မှန်းလုပ်ဆောင်ရန်၊ စက်ရုံဝန်ထမ်းများ၏ သက်သာချောင်ချိမှုကို ထိရောက်စွာ လုပ်ဆောင်နိုင်မည့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ စီမံဆောင်ရွက်ပေးရန်တို့အား မှာကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် တပ်မတော်သုံး ချပ်ဝတ်တန်ဆာ အသုံးအဆောင်ပစ္စည်းများနှင့် စက်ရုံမှ ထုတ်လုပ်သည့် ဖိနပ်အမျိုးမျိုးတို့အား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မိုးရေကာဖျင်စက်ရုံအတွင်းရှိ ရက်ကန်းဌာနနှင့် ချပ်ဝတ်တန်ဆာဌာနတို့အတွင်း တပ်မတော်သုံး ချပ်ဝတ်တန်ဆာပစ္စည်းများ ထုတ်လုပ်နေမှုနှင့် ဖိနပ်စက်ရုံအတွင်း ဖိနပ်ထုတ်လုပ်နေမှု အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်မိုးရေကာဖျင်စက်ရုံနှင့် ဖိနပ်စက်ရုံ(လှိုင်းတက်)၌ ဖိနပ်ထုတ်လုပ်နေမှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်**

---

*စာမျက်နှာ ၃ မှ*

အောင်မြင်စွာ ကျင်းပနိုင်ခဲ့၍ ဖြစ်ပါကြောင်း၊ ယင်းသို့ ခမ်းနားထည်ဝါ အောင်မြင်စွာ ကျင်းပနိုင်ခြင်းမှာလည်း လွှတ်တော်ဥက္ကဋ္ဌများသာမက ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အဆင့်ဆင့်သော အရာရှိ၊ အရာခံ၊ အမှုထမ်း၊ အရာထမ်း၊ ဝန်ထမ်းများအားလုံး၏ တက်ညီလက်ညီ မမောမပန်း ကြိုးပမ်းဆောင်ရွက်ပေးမှုကြောင့် ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပြီး ပြည်ထောင်စုဝန်ကြီးဌာန အသီးသီး၏ ဝိုင်းဝန်းကူညီပံ့ပိုးမှုကြောင့် မိမိတို့ ခမ်းနားထည်ဝါ အောင်မြင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဒါကို အလေးအနက်ဂုဏ်ပြုအပ်ပါကြောင်း၊ လွှတ်တော်၏ ဒုတိယဥက္ကဋ္ဌ နှစ်ဦးနှင့် လွှတ်တော်ဝန်ထမ်းအသီးသီး၊ အရာထမ်း၊ အမှုထမ်းအသီးသီး၏ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အလေးအနက်ဂုဏ်ပြုအပ်ပါကြောင်း၊ လွှတ်တော်မှ ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။

**ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်**

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင်နှင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်တို့က (၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအတွက် ကူညီဆောင်ရွက်ပေးခဲ့သော ဝန်ကြီးဌာနများနှင့် လူပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်နှင့် လွှတ်တော်အကူအညီပေးရေး မိတ်ဖက်အဖွဲ့အစည်းများဖြစ်ကြသည့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ နိုင်ငံတကာ ပါလီမန်များအဖွဲ့ (Inter-Perliamentary Union)မှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

**ဂုဏ်ပြုနေ့လယ်စာ**

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့သည် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာ အတူတကွ သုံးဆောင်ကြသည်။

**ဂုဏ်ပြုပန်းခြင်းပေးအပ်**

ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌများနှင့် တက်ရောက်လာကြသူများသည် လွှတ်တော်သဘင်ဆောင်ခန်းမ၌ ကျင်းပသည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ယဉ်ကျေးမှုဖျော်ဖြေပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

**စတင်ကျင်းပ**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ ပထမပုံမှန် အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှ ဇွန် ၆ ရက်အထိ လည်းကောင်း၊ ဒုတိယပုံမှန် အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဇူလိုင် ၂၅ ရက်မှ အောက်တိုဘာ ၇ ရက်အထိ လည်းကောင်း၊ တတိယပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၆ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ လည်းကောင်း ကျင်းပခဲ့ပြီး စတုတ္ထပုံမှန်အစည်းအဝေးကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် စတင်ကျင်းပလျက်ရှိသည်။

## မောင်တောမြို့၌ ရခိုင်ရိုးရာရထားဆွဲပွဲတော် ကျင်းပမည်

**မောင်တော  ဖေဖော်ဝါရီ ၁**

ရခိုင်ရိုးရာရထားဆွဲ ပွဲတော်ကို မောင်တောမြို့၌ မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက် ၊ ၁၄ ရက်နှင့် ၁၅ ရက် (ဖေဖော်ဝါရီလ ၉ ရက်၊ ၁၀ ရက် နှင့် ၁၁ ရက်)နေ့များတွင် ကျင်းပသွားမည် ဖြစ်ကြောင်းသိရသည်။

အဆိုပါပွဲတော်ကို မောင်တောမြို့ စည်ပင်သာယာဈေးအရှေ့ဘက် မင်းဘာကြီးလမ်းတစ်လျှောက်၌ ည ၇ နာရီမှ ၉ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။

“ရခိုင်ရိုးရာ ရထားဆွဲပွဲတော်ကို မောင်တောဒေသခံပြည်သူတွေရဲ့ဆန္ဒနဲ့အညီ ကျင်းပလိုတဲ့ဆန္ဒရှိပါတယ်၊ ပွဲတော်ကျင်းပရေးကော်မတီတွေလည်း ဖွဲ့စည်းထားပါတယ်၊ လုံခြုံရေးအတွက် နယ်မြေခံရဲတပ်ဖွဲ့၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့၊ တပ်မတော်နဲ့ ပြည်သူ့အင်အားတွေရယူပြီးလုံခြုံရေးအကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်”ဟု ရခိုင်ရိုးရာ ရထားဆွဲပွဲတော်ကျင်းပရေးကော်မတီအစည်းအဝေးတွင် မောင်တောခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်က ပြောကြားသည်။

ရခိုင်ရိုးရာ ရထားဆွဲပွဲတော်ကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိမ်မြုပ်ပျောက်ကွယ်လု ဖြစ်နေသော ရိုးရာပွဲလမ်းသဘင်များ စည်ကားသိုက်မြိုက်စွာကျင်းပလာနိုင်ရေး၊ မျိုးဆက်သစ်လူငယ်များ အတွေ့အကြုံ ဗဟုသုတတိုးပွားစေပြီး ရိုးရာအစဉ်အလာပွဲတော်များအား ဆက်လက် ထိန်းသိမ်းရေးနှင့် တိုင်းရင်းသားလူမျိုးအချင်းချင်း မိမိတို့ရိုးရာဓလေ့စရိုက်လက္ခဏာများကို သိရှိရပြီး အချင်းချင်း စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆင်နွှဲနိုင်ရေး ဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည် ဖြစ်ကြောင်းသိရသည်။

ရခိုင်ရိုးရာရထားဆွဲပွဲတော်ကို ရှေးယခင်ကာလများကတည်းက ကျင်းပခဲ့ကြောင်းသိရပြီး နောက်ပိုင်းတွင် ကျင်းပမှု မရှိသလောက်နီးပါးဖြစ်ခဲ့ကြောင်း သိရသည်။ ရခိုင်ရိုးရာရထားဆွဲပွဲတော်ကို သုံးနှစ်ဆက်တိုက်ကျင်းပပြီးလျှင် တစ်နှစ်၊ နှစ်နှစ်ခန့် မကျင်းပဘဲ နားနေတတ်ကြောင်း၊ ထို့နောက် သုံးနှစ်ဆက်တိုက် ဆက်လက်ကျင်းပကြောင်း၊ ပွဲတော်ကျင်းပပြီးလျှင် တစ်နှစ်၊ နှစ်နှစ်ခန့် ထပ်မံနားနေကြောင်းလည်း သိရသည်။

“ရခိုင်ရိုးရာရထားဆွဲပွဲကို ဘယ်နေ့ဘယ်ရက်ကတည်းက ကျင်းပခဲ့တယ်လို့ အတိအကျမသိရပေမယ့် ရှေးယခင် ရခိုင်မင်းများလက်ထက်က မင်းနေပြည်တော်ကနေ ကျေးလက်ဒေသတွေအထိ ကျင်းပခဲ့ကြတယ်လို့ သိရတယ်၊ နောက်ပိုင်း ပွဲတော်မကျင်းပဖြစ်သလောက် နီးပါး ပြတ်တောက်သွားခဲ့တယ်။ မျိုးဆက်သစ်လူငယ်တွေအတွက် ရခိုင်ရိုးရာရထားဆွဲပွဲဆိုတာ မမြင်ဖူး၊ မကြားဖူးသလောက် နီးပါးအထိ ဖြစ်သွားခဲ့တယ်၊ အင်မတန်ဝမ်းနည်းဖွယ်ကောင်းပါတယ်၊ ဒါကြောင့် ဒီလထဲမှာ ရခိုင်ရိုးရာရထားဆွဲပွဲကို စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက် ကျင်းပသွားမှာဖြစ်ပါတယ်”ဟု ရခိုင်ရိုးရာ ရထားဆွဲပွဲ ကျင်းပရေးကော်မတီဝင်တစ်ဦးက ပြောပြသည်။

**သတင်း - မင်းမင်းဇော်၊ နေဝင်းထွန်း**

---

❍ *ရှေ့ဖုံးမှ*

နောက် သယ်ယူပို့ဆောင်ရေးနဲ့ စားသောက်ရေး အစရှိတဲ့ လုပ်ငန်းစဉ်အားလုံးမှာပါ အဆင်ပြေအောင်ဆောင်ရွက်နိုင်မှ ခရီးစဉ်အသစ် ပေါ်ထွန်းလာမှာဖြစ်လို့ ခုချိန်ကတော့ နည်းနည်းစောနေသေးတယ်။ ဒါပေမယ့် ၂၀၁၈ မှာ နောက်ထပ် ဦးစားပေးခရီးစဉ်ဒေသဆိုတာမျိုး ရွေးချယ်ပြီးတဲ့အချိန်ကျရင် ထပ်မံပြီးတော့ အသိပေးမှာပါ ” ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က ပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုဒေသခရီးစဉ်ဖြစ်သည့် ကော့သောင်း၊ မြိတ်နှင့် ထားဝယ်ခရိုင်တို့သည် ယခင်ကတည်းက ခရီးသွားဒေသတစ်ခုအဖြစ် ထင်ရှားစွာတည်ရှိပြီးဖြစ်သည်။ ယခုနှစ်တွင် ပြည်တွင်းပြည်ပခရီးသွားများ ပိုမိုတိုးပွားရေးအတွက် ခရီးသွားကုမ္ပဏီများ၊ Website များ၊ တနင်္သာရီတိုင်းဒေသကြီး Website၊ ပိုစတာ၊ ဗီဒီယို နှင့်ရုပ်ရှင်စသည်တို့ဖြင့် ဖြန့်ချိသွားမည်ဖြစ်ပြီး စင်ကာပူတွင် ဇန်နဝါရီလအတွင်းကကျင်းပခဲ့သော အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်နှင့် ခရီးသွားပြခန်း၌လည်း မြိတ်ကျွန်းစု ဒေသနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို ပြည်ပမီဒီယာများအား ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ချပြလုပ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

“မြိတ်ကျွန်းစုခရီးစဉ်မှာ ကျွန်းအားလုံး ၈၀၀ ကျော်ရှိတယ်။ ဒီနှစ်မြှင့်တင်မှုအနေနဲ့က တကယ်သွားလာလည်ပတ်လို့ ကောင်းတဲ့နေရာတွေ၊ လုံခြုံစိတ်ချရမှုကောင်းတဲ့ နေရာတွေက ကျွန်းတွေကို ခရီးစဉ်ရေးဆွဲသွားမှာပါ။ အဲဒီလိုရေးဆွဲတဲ့အခါမှာ ခရီးသွားလုပ်ငန်းရှင်တွေရဲ့တာဝန်ပါ။ ဝန်ကြီးဌာနအနေနဲ့ကတော့ မူဝါဒပိုင်းဆိုင်ရာရယ်၊ မြှင့်တင်မှုပိုင်းဆိုင်ရာရယ် လုပ်ဆောင်ပေးမယ်။ ပထမဆုံးက နိုင်ငံတကာမီဒီယာကို ဖိတ်ခေါ်ပြီးတော့ မြိတ်ကျွန်းစုကဘာလဲဆိုတာကိုပြသရမယ်။ သူတို့ကနေ ဒီကသာယာလှပမှု၊ လုံခြုံမှု စတဲ့အားသာချက်တွေကို ဖြန့်ဝေမယ်။ အဲဒီလိုနဲ့ ကမ္ဘာ့နိုင်ငံက ပြည်သူတွေသိလာတဲ့အခါ လာရောက်လည်ပတ်တဲ့သူတွေ များလာမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဖိုရမ်မှာ ပြည်ပမီဒီယာအဖွဲ့တွေကို ကံစမ်းမဲတွေ ဖောက်ခဲ့တယ်။ မတ် ၃၁ ရက်မတိုင်ခင် ပြည်ပမီဒီယာတွေ လာကြမှာပါ။ ခရီးစဉ်အတွက် နေထိုင်စရိတ်ကိုတော့ ဒီကပဲတာဝန်ယူပေးရမှာပါ”ဟု ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်သန်းဝင်း ကပြောသည်။

မြိတ်ကျွန်းစုဒေသ ခရီးစဉ်တစ်လျှောက်တွင် ရေပေါ်ရေအောက် သန္တာကျောက်တန်း မျိုးစိတ် ၅၁၈ မျိုး၊ ခရုကမာမျိုးစိတ် ကိုးမျိုး၊ ငါးမျိုးစိတ် ၄၂မျိုး၊ ငှက်မျိုးစိတ် ၂၂၈ မျိုး၊ နို့တိုက်သတ္တဝါ ၁၉ မျိုးတို့အပြင် ကုန်းနေရေနေ သွေးအေး၊ သွေးနွေးသတ္တဝါမျိုးစိတ်ပေါင်း မြောက်မြားစွာ နေထိုင်ကျက်စားလျက်ရှိသော ဒေသဖြစ်သည်။ မြိတ်ကျွန်းစုသည် ကျွန်းကြီး၊ ကျွန်းငယ်ပေါင်း ၈၀၀ ကျော်ရှိပြီး ကျွန်း ၂၀ ကျော်တွင် အောက်ချင်းငှက်များ ရှင်သန်နေထိုင်လျက်ရှိရာ သူဌေးကျွန်းသည် ထင်ရှားသည်။ မြိတ်ကျွန်းစုအတွင်းရှိ လန်ပိအမျိုးသားအဏ္ဏဝါဥယျာဉ်သည် ၁၉၉၆ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ကျွန်းအနီးတစ်ဝိုက်တွင် ရေပေါ်ရေအောက် သဘာဝပေါက်ပင်မျိုးစုံနှင့် သတ္တဝါ မျိုးစုံတို့ကို ခရီးသွားများအနေဖြင့် လေ့လာတွေ့ရှိနိုင်မည်ဖြစ်သည်။ ကျွန်းအချို့တွင် နေထိုင်မှုဘဝထူးခြားလှသော ဆလုံ လူမျိုးများ နေထိုင်ကျက်စားရာ မြိတ်ကျွန်းစုသည် ပြည်တွင်း၊ ပြည်ပ ခရီးသွားများအတွက် သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်း ဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် ပြည့်စုံပြီး ဆလုံလူမျိုးတို့၏ ထူးခြားသော လူမှုနေထိုင်မှုဘဝကိုလည်း လေ့လာနိုင်သည့် ဒေသတစ်ခုဖြစ်သည်။ မြိတ်ကျွန်းစုသည် National Geographic Traveler အဖွဲ့၏ သုတေသနပြုချက်အရ Best Trip 2015 တွင် အဆင့် (၁၁) ရရှိသော ဒေသဖြစ်၍ နိုင်ငံတကာမှ ခရီးသွားများ၏ စိတ်ဝင်စားမှု ပိုမိုမြင့်တက်လာသည့် ဒေသတစ်ခုလည်းဖြစ်သည်။

ယခုနှစ်တွင် အဓိကဦးစားပေးလုပ်ဆောင်မည့် ထားဝယ်ဒေသ၊ မြိတ်ဒေသနှင့် ကော့သောင်းဒေသများသို့ ပြည်တွင်းပြည်ပခရီးသွားများဝင်ရောက်မှုမှာ ၂၀၁၅ ခုနှစ်တွင် သုံးသိန်းနီးပါးနှင့် ၂၀၁၆ ခုနှစ်တွင် နှစ်သိန်းခွဲကျော်ရှိခဲ့ပြီး ယခုနှစ်တွင် ခရီးသွားများ ပိုမိုဝင်ရောက်နိုင်ရန် ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းကုမ္ပဏီများနှင့်ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ မြန်မာနိုင်ငံ၌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန စာရင်းများအရ ၂၀၁၅ ခုနှစ်တွင် ၄ဒသမ ၆၈ သန်းရှိခဲ့ကာ ၂၀၁၆ ခုနှစ်တွင် ၂ ဒသမ၉ သန်းရှိခဲ့သဖြင့် ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ၃၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းသိရသည်။

# မန်းရွှေစက်တော်ဘုရား ပါဒခြေတော်ရာနှစ်ဆူနှင့် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်

**မင်းဘူး ဖေဖော်ဝါရီ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးဒေသရှိ မန်းရွှေစက်တော်ဘုရားကြီး ပါဒခြေတော်ရာနှစ်ဆူဖွင့်ပွဲနှင့် (၂၅၈၄) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် က ကျင်းပခဲ့သည်။ **(ယာပုံ)**

အခမ်းအနားသို့ တိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စသာရ (အောင်မြေရတနာကျောင်းတိုက်)၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ ဒု-တပ်မမှူး ဗိုလ်မှူးကြီး ဝင်းဗိုလ်တို့က မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနီယပွဲတော်မုခ်ဦးနှင့် အောက်ခြေတော်ရာ အလင်းပေါက် ဖန်အုပ်ဆောင်းကြီးတို့ကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းသံဃနာယကဆရာတော်ကြီးနှင့် ဆရာတော် ၃၆ ပါးတို့အား အထက်ခြေတော်ရာသို့ ပင့်ဆောင်ကာ အထက်ခြေတော်ရာတို့ကို ထပ်မံဖွင့်လှစ်ပေးခဲ့သည်။

မန်းရွှေစက်တော်ဘုရားပွဲအား တပို့တွဲလဆန်း ၅ ရက်မှ နှစ်ဆန်းတစ်ရက်နေ့အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မေသူလွင် (မကွေးကိုယ်ပွား)**





# ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ ဇနီးနှင့်အဖွဲ့ ရန်ကုန်ဘုန်းတော်ကြီးနှင့် သီလရှင်ပညာရေးကျောင်းများသို့ သွားရောက်လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁**

Greater Mekong Initiative ၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ရောက်ရှိနေသည့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေး၏ ဇနီး Mrs. Akie Abe နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၁) ရပ်ကွက်ရှိ မြို့ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့သွားရောက်ပြီး အလှူငွေနှင့် ကျောင်းသုံးပစ္စည်းများ လှူဒါန်းကြသည်။

ထို့နောက် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၏ဇနီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ မေတ္တာရောင်ခြည် သီလရှင်သင်ပညာရေးကျောင်း၊ သန်လျင်မြို့နယ်ရှိ သဒ္ဓမ္မဇောတိကာရုံ ရွှေကျင်ကျောင်းတိုက်ရှိ ရွှေကျင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ သီတဂူသာသနာပြုကောလိပ်ရှိ ဓမ္မဒီပဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ဒဂုံမြို့နယ်ရှိ မေရီချက်(ပ်) မင်း နားမကြားသော ကလေးများကျောင်းများသို့ သွားရောက်ကြပြီး အလှူငွေနှင့် ကျောင်းသုံးပစ္စည်းများ လှူဒါန်းခဲ့ကြသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအား တွေ့ဆုံနှုတ်ဆက်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်သည် ယနေ့နံနက် ၉ နာရီ တွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းခန်းမ၌ တိုင်းဒေသကြီး နှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များအား တွေ့ဆုံ နှုတ်ဆက်သည်။

ပြည်ထောင်စုနေ့ ကျင်းပရေးစီမံ ခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ယဉ်ကျေးမှု အဖွဲ့များသည် ပြည်ထောင်စုနေ့အခမ်း အနားသို့ တက်ရောက်လာသည့် ဧည့်သည်တော်များအား မိမိတို့၏ရိုးရာ ယဉ်ကျေးမှုအကများကို ဖော်ထုတ် ပြသ၊ ကပြဖျော်ဖြေသွားရမည်ဖြစ်သဖြင့် ဖျော်ဖြေရေးအတွက် အလေးအနက် ထားပြီး လေ့ကျင့်သွားကြရန်၊ ယဉ်ကျေးမှု အဖွဲ့အားလုံးသည် မြန်မာနိုင်ငံသား ဟူသော ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ဆောင်သွားကြရန် မှာကြားသည်။

ရိုးရာယဉ်ကျေးမှု အဖွဲ့များကို ပြည်ထောင်စုနေ့ အခမ်းအနားများသို့ တက်ရောက်ရန် ဖိတ်ကြားရခြင်း၏ အဓိကရည်ရွယ်ချက်မှာ တိုင်းဒေသကြီး နှင့် ပြည်နယ်အလိုက် ရိုးရာယဉ်ကျေးမှု အကများကို အပြန်အလှန် ဖလှယ်နိုင် စေရန်ဖြစ်သည်။

ယဉ်ကျေးမှု အဖွဲ့များအား နေပြည်တော်၏ ဖွံ့ဖြိုးတိုးတက်မှုတွေကို ကြည့်ရှုလေ့လာနိုင်ရန် ဥပ္ပါတသန္တိ စေတီတော်၊ နေပြည်တော် ဗုဒ္ဓဂယာ၊ နေပြည်တော် ရေပန်းဥယျာဉ်အပါအဝင် လေ့လာရေးခရီးစဉ်များ စေလွှတ်ပေး သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုနေ့ အခမ်းအနား အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ မှ ရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဖိတ်ကြား ခေါ်ယူခဲ့ရာ ကချင်ပြည်နယ်မှ ၃၆ ဦး၊ ကယားပြည်နယ်မှ ၄၀၊ ကရင်ပြည်နယ်မှ ၄၁ ဦး၊ ချင်းပြည်နယ်မှ ၃၂ ဦး၊ မွန်ပြည်နယ်မှ ၃၅ ဦး၊ ရခိုင်ပြည်နယ်မှ ၃၆ ဦး၊ ရှမ်းပြည်နယ်မှ ၃၇ ဦး၊ တနင်္သာရီ တိုင်းဒေသကြီးမှ ၃၇ ဦး၊ မန္တလေးတိုင်း ဒေသကြီးမှ ၃၄ ဦး စုစုပေါင်း ၃၂၈ ဦး ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်သည် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်များ နှင့်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက် ပြီး စစ်ကြောရေးနှင့်တည်းခိုရေး စခန်း အတွင်းရှိ တည်းခိုဆောင်များ၊ ဆေးပေး ခန်း၊ စာကြည့်တိုက်နှင့် ဆပ် ကော်မတီ ရုံးခန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**ထူးခြားသည့် ညအပူချိန်**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့၌ ၀ ဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်မြို့၊ ဟဲဟိုးမြို့နှင့် လွိုင်လင်မြို့တို့၌ ၅ ဒီဂရီစင်တီဂရိတ်စီ တို့ ဖြစ်ကြသည်။

# ရန်ကုန်မြို့တွင်းညပိုင်းပြေးဆွဲနေသော YBS လိုင်းကားများ ည ၁၀ နာရီအထိ ပြေးဆွဲမှုမရှိလျှင် ယာဉ်ပြေးဆွဲခွင့် ပိတ်သိမ်းမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရန်ကုန်မြို့တွင်းစနစ်သစ်အနေဖြင့် ဇန်နဝါရီ ၁၆ ရက်က စတင်ပြောင်းလဲပြေးဆွဲနေသော YBS ယာဉ်လိုင်းကားများအနေဖြင့် ပြည်သူများအဆင်ပြေစေရန် ညပိုင်း ၁၀ နာရီအထိပြေးဆွဲပေးရန် သတ်မှတ်ထားသော်လည်း ပြေးဆွဲမှုမရှိသည့်ယာဉ်အား သတ်မှတ်စည်းကမ်းချက်နှင့်အညီ ယာဉ်ပြေးဆွဲခွင့်ကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ သိရသည်။

"ကျွန်တော်တို့အနေနဲ့ ရန်ကုန်မြို့တွင်းပြေးဆွဲနေတဲ့ YBS ယာဉ်လိုင်းကားတွေကို ညပိုင်းခရီးသွားပြည်သူတွေ အဆင်ပြေစေဖို့ ညပိုင်းမှာ ၁၀ နာရီအထိ ပြေးဆွဲပေးဖို့ သတ်မှတ်ထားပြီး ဖြစ်ပါတယ်။ ခုတော့ ပြေးလည်းပြေးဆွဲကြပါတယ်။ တကယ်လို့ သတ်မှတ်ထားတဲ့အတိုင်းမလိုက်နာဘူး၊ စည်းကမ်းနဲ့ လျော်ညီမှု မရှိလို့ ပြည်သူတစ်ဦးတစ်ယောက်ကတိုင်ရင် အဲဒီယာဉ်လိုင်းကားကို ပထမအနေနဲ့ ခေါ်ပြောပါမယ်။ အဲဒီလိုခေါ်ပြောလို့မှ မလိုက်နာဘူးဆိုရင်တော့ ယာဉ်လိုင်းပြေးဆွဲခွင့်ကို ပိတ်သိမ်းသွားမှာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ ဒေါက်တာ မောင်အောင်က ပြောသည်။

ယခုအခါ ရန်ကုန်မြို့တွင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်မှ စတင်ပြောင်းလဲလိုက်သော YBS ကားများသည် နံနက် ၅ နာရီမှ ည ၁၀ နာရီအထိ သတ်မှတ်ယာဉ်လိုင်းအတိုင်း အလှည့်ကျမောင်းနှင်ခွင့်ပြုထားပြီး သတ်မှတ်ငွေကြေးထက် ကောက်ခံပါက ထိထိရောက်ရောက် အရေးယူမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ ထုတ်ပြန်ထားပြီးဖြစ်သည်။

ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများအဆင်ပြေစေရန်နှင့် ယာဉ်ကြောကျပ်တည်းမှုကို လျှော့နည်းပပျောက်စေရန် တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ ယခင်မထသယာဉ်လိုင်းပေါင်း ၃၀၀ ကျော်ကို ယာဉ်လိုင်းပေါင်း ၆၀ ကျော်အထိ လျှော့ချကာ YBS ယာဉ်လိုင်းများအဖြစ် ဇန်နဝါရီ ၁၆ ရက်တွင် စတင်ပြေးဆွဲခဲ့သည်။ သို့သော် စတင်ပြေးဆွဲစဉ် တစ်ပတ်အတွင်း၌ ခရီးသွားပြည်သူအချို့ခရီးစဉ်ပြောင်းလဲမှုအပေါ် အခက်အခဲအနည်းငယ်ရှိခဲ့သော်လည်းယခုအခါ ထူးခြားမှုအခက်အခဲသိပ်မရှိတော့သော်လည်း ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်အချို့မှာ ထူးထူးခြားခြား ပြောင်းလဲမှုမရှိသေးကြောင်း ခရီးသွားပြည်သူအချို့က ပြောသည်။ သို့သော်လည်း ယာဉ်မောင်းများအနေဖြင့်လည်း



အနည်းငယ်သောအခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသည်။

"ခုကျွန်တော်မောင်းနေတဲ့ ယာဉ်လိုင်းက မြို့တွင်းဆိုတော့ မနက် ၅ နာရီကနေ ည ၁၀ နာရီအထိဆိုတော့ တော်တော်လေး ပင်ပန်းတယ်။ ဒါပေမယ့် အဆင်ပြေပါတယ်။ နောက်တစ်ခု အခက်အခဲက အငှားယာဉ်တွေကိစ္စပဲ။ သက်ဆိုင်ရာတိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့အနေနဲ့ မှတ်တိုင်တွေမှာ အငှားယာဉ်တွေ ရပ်ပေးထားတာတွေကို ကူမရှင်းပေးဘူး။ ကျွန်တော်တို့ယာဉ်မောင်းတွေ အဓိကကြုံနေရတာ အဲဒီပြဿနာပဲ။ မတော်တဆ တစ်ခုခုဖြစ်ရင် ကျွန်တော်တို့ ယာဉ်မောင်းတွေ အပြစ်တင်ခံရဦးမယ်"ဟု YBS ယာဉ်လိုင်းမှ ယာဉ်မောင်း ကိုမင်းသူအောင်က ပြောသည်။

**သတင်း -မင်းခေတ်၊ ဓာတ်ပုံ-မိုးမခ**

# လူကုန်ကူးခံရသည့် မြန်မာနိုင်ငံသား ၄၄ ဦးအား မြဝတီမြို့သို့ လာရောက်လွှဲပြောင်း

**မြဝတီ ဖေဖော်ဝါရီ ၁**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်ရှိ ယာယီစောင့်ရှောက်ရေးဂေဟာတွင် ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီခွဲက ထိုင်းနိုင်ငံ၌ သွားရောက်အလုပ်လုပ်ကိုင်ကြသည့် မြန်မာအလုပ်သမားများထဲမှ လူကုန်ကူးခံရသူများအား ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာနလက်အောက်ရှိ ဂေဟာအသီးသီးတွင် လက်ခံစောင့်ရှောက်ထားသည့် လူကုန်ကူးခံရသူများအနက် နိုင်ငံသားစိစစ်မှုရှိပြီးသူ မြန်မာအလုပ်သမား ၄၄ ဦးအား ထိုင်းနိုင်ငံ တာ့(ခ်)ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ Pol-Capt VUTTHICHAI TEEKAYU ခေါင်းဆောင်သည့် တာဝန်ရှိသူများသည် မြဝတီမြို့သို့ လာရောက်အပ်နှံပေးခဲ့ကြောင်း သိရသည်။

**ရှင်းလင်းပြောကြား**

မြဝတီခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဇော်က "ထိုင်းနိုင်ငံအတွင်း လူမှုစောင့်ရှောက်ရေးဂေဟာတွေမှာ စောင့်ရှောက်ပေးထားတဲ့ မြန်မာအလုပ်သမား ၄၄ ဦးကို ထိုင်းတာဝန်ရှိသူတွေက မြန်မာဘက်မြဝတီကို လာရောက်လွှဲပေးတာပါ။ အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ၂၂ ဦး ဖြစ်ပါတယ်။ ကျွန်တော်တို့က လက်ခံရယူပြီး ဒီနေ့ပဲ မော်လမြိုင်က လူငယ်သင်တန်းကျောင်းကို ကုန်ကျစရိတ်တွေကျခံပေးပြီး မော်လမြိုင်လူမှုဝန်ထမ်းဦးစီးဌာနက ညွှန်ကြားရေးမှူး ဦးကိုကိုနိုင် ဦးဆောင်ပြီး ခေါ်သွားမှာပါ။ မော်လမြိုင်မှာ သုံးရက်ထားပေးပြီး စစ်ဆေးဆောင်ရွက်စရာတွေပြုလုပ်ပြီးရင် ခရီးစရိတ်တွေထောက်ပံ့ပေးပြီး သူတို့နေရပ်တွေကို ပြန်လွှတ်ပေးမှာဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

**ထိန်လင်းအောင်(မြန်/ဆက်)**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူမည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ပြစ်မှုနောက်တွင် ထိုက်တန်သည့် ပြစ်ဒဏ်ကပ်တော့မည်

## မကြည်ပြာ(သချာ)

ဥပဒေကို ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းတွင် မိမိတို့နိုင်ငံနှင့်ဆီလျော်အောင် ပြဋ္ဌာန်းသုံးစွဲကြသည်။ ဥပဒေရှိမှန်းသိလျက်နှင့် အနိုင်ကျင့်ပြုမူနေကြသည်ကို ကမ္ဘာနှင့် အဝှမ်း တွေ့မြင်ကြားသိရသောအခါ ရှင်လျက်နှင့်သေနေရသည့် ဥပဒေဖြစ်ကြောင်း ဝမ်းနည်းစွာတွေးမိသည်။ ကမ္ဘာပေါ်တွင်တည်ရှိသည့် နိုင်ငံများတွင်ပါဝင်သည့် ကျွန်မတို့နိုင်ငံတွင်လည်း ဥပဒေသည် အမှန်တကယ် အသုံးဝင်သည် မဝင်သည် ဆိုသည်နှင့် တစ်သမတ်တည်း ဥပဒေရှိပါ၏လောဟု သံသယဖြစ်မိပါသည်။

တရားဥပဒေကို မှန်ကန်မျှတသော ညွှန်ကြားချက်၊ အမိန့်၊ စည်းမျဉ်းဟု ဆိုနိုင်သည်။ သို့သော် ဥပဒေသည် အမိန့်သက်သက်မဟုတ်ဘဲ လူသားတို့အကျိုးနှင့် အကျိုးခံစားရပိုင်ခွင့် (Right) နှင့်အတူ တာဝန် (Duty) ကို ညီညွတ်မျှတစေရန် ထုတ်ပြန်သည့် အမိန့်မျိုးသာဖြစ်သည်။ ဥပဒေ၊ နည်းဥပဒေများကို အများပြည်သူ သိအောင် ကြော်ငြာခြင်းပြုခဲ့လျှင် တိုက်ရိုက်ဥပဒေပြုသည် (Direct Legislation) ဟုဆိုသည်။ ကြေညာသည့်နေ့မှစ၍ အာဏာတည်သည်။ အသက်ဝင်သည်။

လောကပါလတရားဟူသည် ဟီရိနှင့်ဩတ္တပ္ပတရားနှစ်ပါးဖြစ်ပြီး ဟီရိဩတ္တပ္ပဟု တွဲလျက်ပြောဆိုကြသည်။ ဟီရိတရားသည် မကောင်းမှုအကုသိုလ်ဒုစရိုက်မှ ရှက်ခြင်းသဘောလက္ခဏာရှိပြီး ဩတ္တပ္ပဟူသည် မကောင်းမှုအကုသိုလ်ဒုစရိုက်မှ ကြောက်လန့်ခြင်းသဘောဖြစ်သည်။ ကျင့်ဝတ်သိက္ခာဟူသည်ကား ကောင်းမြတ်သော ကိုယ်ကျင့်တရားဖြစ်၍ မိမိလုပ်ငန်းအပေါ် တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် သဘောထားပြည့်ဝစွာ ထမ်းဆောင်ခြင်းဖြစ်သည်။

ကျွန်မတို့ ပြည်သူများသည် စိတ်အေးချမ်းသာစွာဖြင့် လုပ်ကိုင်စားသောက်လိုကြပြီး တရားဥပဒေစိုးမိုးရေး (Rule of law) ကိုသာ လိုလားကြသည်။ ကိုယ်ကျင့်တရားကောင်းမွန်ရေးသည် ပြည်သူတစ်ဦးတစ်ယောက်ချင်းစီ၏ အပြုအမူနှင့် သက်ဆိုင်ပြီး ကိုယ်ကျင့်တရား ပျက်ယွင်းနေသည့် ပြည်သူတို့အတွက် ဥပဒေနှင့်သာ ထိန်းကျောင်းပေးရမည်ဖြစ်သည်။ သမာသမတ်ကျကျ နေထိုင်လုပ်ကိုင်ပြီး ဆင်းရဲနွမ်းပါးစွာ အသက်ရှင်နေထိုင်သူတို့ရှိသကဲ့သို့ မတရားသည့် နည်းလမ်းများဖြင့် ချမ်းသာကြွယ်ဝလျက် လူကုန်ထံအဖြစ် နေထိုင်သူတို့ရှိနေကြခြင်းကြောင့် ကိုယ်ကျင့်တရားပျက်ယွင်းခြင်းသည် ဆင်းရဲချမ်းသာနှင့် ရာထူးကြီးငယ်ပေါ် မူမတည်ပါ။ ဥပဒေတစ်ခုကို ထုတ်ပြန်မည်ဆိုပါက တိုင်းသူပြည်သားများသာမက အုပ်ချုပ်သူ အဆင့်အဆင့်ကလည်း လိုက်နာရမည်ဖြစ်ပြီး ခွဲခြားသုံးစွဲခြင်း မရှိစေရပေ။

တရားဥပဒေစိုးမိုးရေးသည် ပြည်သူများ၏ စိတ်ခံစားမှုနှင့်ဆိုင်သည်။ ပြည်သူတို့၏ လွတ်လပ်မှု၊ လုံခြုံမှုတို့စိတ်မချရသေးလျှင် တရားဥပဒေစိုးမိုးသည်ဟု မဆိုနိုင်ပါ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး၊ ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊ အမှုများတွင် ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး စသည့် တရားစီရင်ရေးမူများကို ချမှတ်ထားပြီးဖြစ်သည့်အတွက် ထိုမူများအတိုင်း ကျင့်သုံးရမည်ဖြစ်သည်။

ကန်တော်မင်းကျောင်းဆရာတော်ကြီး၏ လောကသာရဆုံးမစာတွင် "လူမှုဆုံးဖြတ်၊ ဓမ္မသတ်နှင့် ညီညွတ်မယွင်း စောင့်စည်းခြင်းဖြင့် မပင်းမျက်နှာ၊ မနာအားပါ၊ နှစ်ဖက်သား၏ အကြားလည်းမှန်၊ ချိန်ခွင်ဟန်သို့"ဟု ဆုံးမထားသည့်အတိုင်း ညီညွတ်မျှတရန်လိုသည်။ ဥပဒေသည် နိုင်ငံရေး၊ လူမှုရေးအားလုံးနှင့် ဆိုင်ပြီး တိုင်းပြည်၏ စည်ပင်ဝပြောမှုနှင့် တိုက်ရိုက်အချိုးကျသည်။

လုယက်ခိုးဝှက်ခြင်းကြောင့် ကြောက်ရွံ့ထိတ်လန့်နေရသည့်ကြားထဲမှ ကျွန်မတို့ တစ်သက်တာတွင် မကြားဖူးသော သက်ငယ်မုဒိမ်းမှုဆိုသည်ကလည်း အတင့်ရဲစွာ ထွက်ပေါ်လာပြန်သည်။ လူယုတ်မာတို့သည် ရန်ငြိုးရှိ၍လည်းကောင်း၊ အုပ်ထိန်းသူနှင့် ဝေးသော အခြေအနေကို အခွင့်ကောင်းယူ၍လည်းကောင်း၊ မူးယစ်သောက်စားပြီး ရုတ်တရက်ပေါ်လာသည့် စိတ်အခြေအနေကြောင့်လည်းကောင်း အကြောင်းအမျိုးမျိုးဖြင့် မိန်းကလေးငယ်များကို ရက်စက်စွာအနိုင်ကျင့်ရုံသာမက အသက်သေသည်အထိ ကိစ္စတုံးပြုလုပ်ခဲ့ကြလေသည်။ ထိုအမှုများကို အမိန့်ချမှတ်ရာ၌ ပြုသည့်လုပ်ရပ်နှင့် ခံစားရသည့်ရလဒ်တို့သည် နည်းပါးကွာခြားလွန်းသဖြင့် ပြည်သူတို့၏ မကျေနပ်သံများ ပေါ်ထွက်လာပြီးနောက်တွင် ပြစ်ဒဏ်ကို ပြောင်းလဲသတ်မှတ်ပေးခဲ့သည်။

ထိုဥပဒေကို ချက်ချင်းဆိုသကဲ့သို့ ပြုပြင်ပေးသည့်အတွက် ခေတ်ကာလနှင့် ကွာခြားလျက်ရှိသည့် အခြားသော ဥပဒေများကိုပါ ပြုပြင်ပေးစေရန် မျှော်လင့်ကြသည်။ ဥပမာ မယားစရိုတ်နှင့် ကလေးစရိတ် လျှောက်ထားခြင်းဆိုင်ရာ ဥပဒေတွင်ပါဝင်သည့် ပြဋ္ဌာန်းချက်သည် အသစ်ပြုပြင်ပြီးသည့်တိုင်အောင် ခေတ်ကာလနှင့် လျော်ညီမှုမရှိသေးပေ။ ထိုနည်းတူစွာ ကာယိန္ဒြေနှင့်ဆိုင်သော ဥပဒေ၊ ကိုယ်ထိလက်ရောက်ကျူးလွန်သော ဥပဒေတို့သည် ခေတ်ကာလနှင့် မကိုက်ညီတော့ပါ။

> **ပြစ်မှုများကို စစ်ဆေးစီရင်ခြင်းအခန်းတွင် ပါဝင်သည့် ဝရမ်းမှုစစ်ဆေးသော ကျင့်ထုံး ကျင့်နည်းများတွင် တရားလိုမလာရောက် ခြင်း၊ တရားခံမလာရောက်ခြင်းတို့သည် လည်း တရားစီရင်ရေးကို ထိခိုက်စေသည် သာဖြစ်သည်။ တရားလို မလာရောက်သဖြင့် မပြီးဆုံးနိုင်သည့် အမှုများသည် နိုင်ငံ၏ ပုံရိပ်ကို သွယ်ဝိုက်၍ ထိခိုက်စေသည်**

ထို့အတူ နိုင်ငံတော်အစိုးရမှထုတ်သည့် အောင်ဘာလေထီလက်မှတ် ရောင်းချခြင်းတွင် ငွေ ၂၀၀ ကျပ်ထက်ပိုမရောင်းရန် အမိန့်ထုတ်ထားသော်လည်း ထီဖွင့်ချိန်နီးလေတိုင်း တဖြည်းဖြည်းတက်လာသည့်ဈေးကို လူသိရှင်ကြားပင် အသံချဲ့စက်ဖွင့်လျက်ကြေညာပြီး လမ်းတကာ၊ ရပ်ကွက်တကာပတ်၍ ရောင်းချနေခြင်းကို တားမြစ်အရေးယူကြောင်း မကြားမိပေ။

ပြစ်မှုများကို စစ်ဆေးစီရင်ခြင်း အခန်းတွင်ပါဝင်သည့် ဝရမ်းမှုစစ်ဆေးသော ကျင့်ထုံးကျင့်နည်းများတွင် တရားလိုမလာရောက်ခြင်း၊ တရားခံမလာရောက်ခြင်း တို့သည်လည်း တရားစီရင်ရေးကို ထိခိုက်စေသည်သာဖြစ်သည်။ တရားလို မလာရောက်သဖြင့် မပြီးဆုံးနိုင်သည့်အမှုများသည် နိုင်ငံ၏ပုံရိပ်ကို သွယ်ဝိုက်၍ ထိခိုက်စေသည်။

ယခုလတ်တလောတွင် လူပြောသူပြောများနေသည့် ပုဒ်မ ၆၆(ဃ)သည် အာမခံပေး၍ မရကြောင်း သိထားကြပြီး နောက်ပိုင်းတွင်မူ အာမခံပေးနိုင်သည်ဟု သိရပြန်သောအခါ သားရေကွင်းကဲ့သို့ အလျော့အတင်းပြုနိုင်သည့် ဥပဒေဟု လူပြောသူပြောများကာ စကားတင်းဆို ပြက်ရယ်ပြုဖွယ် ဖြစ်ရသည်မှာလည်း မညီမျှသည့် တရားစီရင်ချက်ဖြစ်ကြောင်း ထင်ရှားစွာပြနေပါသည်။

မော်တော်ယာဉ်နှင့်ပတ်သက်သည့် ဥပဒေကို ကြည့်ကြပါဦးစို့။ 'ကားရပ်ရန် နေရာမပြနိုင်လျှင် ကားပါမစ်ထုတ်ပေးခြင်းမပြု'ဟူသည့် ဥပဒေကို ထုတ်ပြန်လိုက်သော်လည်း အမှန်တကယ် ကားရပ်ရန်နေရာမရှိ၍ ကားပါကင်နေရာလုရင်း အသက်ပါပေးလိုက်ရသည့် ဖြစ်ရပ်များပေါ်ပေါက်ခဲ့သည်။ မော်တော်ယာဉ် လျှောက်ထားသူများသည် ရန်ကုန်တိုင်းအစွန်အဖျားတွင် နေထိုင်သူများထံမှ မှတ်ပုံတင်၊ သန်းခေါင်စာရင်းများကို အခကြေးငွေပေးကာ ငှားရမ်းသုံးစွဲပြီးလိမ်လည်၍ မော်တော်ယာဉ်လျှောက်ထားမှုများကြောင့် ထုတ်ပြန်ထားသည့် ဥပဒေသည် အသက်ဝင်သော်လည်း အကျိုးသက်ရောက်မှုမရှိပြန်ပေ။

ထိုသို့ မှတ်ပုံတင်၊ သန်းခေါင်စာရင်းများကို ငှားရမ်းသုံးစွဲကာ လျှောက်ထားခြင်းသည် မြန်မာနိုင်ငံတွင် ယခင်ကလည်း ရှိခဲ့ဖူးသည်။ လက်ကိုင်ဖုန်းတစ်လုံးလျှင် သိန်းငါးဆယ်ပေးရသောခေတ်၌ မှတ်ပုံတင်တစ်ခုလျှင် ငွေတစ်သောင်းကျပ်ပေးပြီး ငှားရမ်းကာ လက်ကိုင်ဖုန်းလျှောက်ထားကြပြီး လူပေါ်လူဇော်လုပ်ကြသော ခေတ်အား ပြန်တွေးမိသည်နှင့် ယခု မော်တော်ယာဉ်လျှောက်ထားမှုကို ထိုဖုန်းလျှောက်ထားမှုအတိုင်းဖြစ်လာမည်ဟု ကျွန်မတို့ကြုံတွေ့ပြီးသားဖြစ်သည်။ မည်သည့်ကိစ္စအတွက် လျှောက်ထားသည်ဖြစ်စေ လျှောက်လွှာလက်ခံသူသည် အပြန်အလှန်စိစစ်ပြီးမှ လက်ခံရန်လိုသည်။ ထောက်ခံစာတောင်းမည်ဆိုပါက လိမ်လည်ရယူနိုင်သည့် ထောက်ခံစာများဖြင့် တင်ပြလာနိုင်သည်ကို ထည့်သွင်းစဉ်းစားရန် လိုပါသည်။

မြန်မာနိုင်ငံ၏ မော်တော်ယာဉ်ဥပဒေတွင် ' မည်သည့်အကြောင်းကြောင့် တိုက်တိုက် တိုက်သူအမှား'ဟူသည့် အချက်ကိုလည်း ပြင်ဆင်ရပါမည်။ ရုတ်တရက်ထွက်လာသည့် လူများ၊ စက်ဘီးများ စသည်တို့ကိုရှောင်ရင်း မရှောင်နိုင်သည့်ဘက်သို့ တိုက်ခိုက်မိသည့်အတွက် ယာဉ်မောင်းများနစ်နာရခြင်းရှိနေပါသည်။ အဝေးပြေးလမ်းပေါ်တွင် အခြားသောယာဉ်များမမောင်းရသည့် ဥပဒေကြောင့်လည်း ကားမောင်းသူတို့ဘက်မှ သက်သာသွားရသည်။ သို့သော် စည်းကမ်းမဲ့မောင်းသူတို့ကြောင့် စည်းကမ်းနှင့် မောင်းသူတို့သည် အထိနာနေရဆဲပင် ဖြစ်သည်။

ကိုယ်ပိုင်ကားစီးပါက အန္တရာယ်များသဖြင့် ခရီးသည်တင်ကားများစီးမည်ဆိုပါကလည်း မိမိကိုယ်ကို သရဏဂုံတင်ပြီးမှ စီးရမည့်အခြေအနေ ဖြစ်နေပါပြီ။ မှတ်တိုင်မရောင်မီ ခရီးသည်ကိုတွန်းချခြင်း၊ ခရီးသည်ကို ရိုက်နှက်အနိုင်ကျင့်ခြင်းများကြောင့် အမည်ပျက်နေပြီဖြစ်သည့် ခရီးသည်တင်ကားတို့ကိုလည်း စဉ်းစားပြီးမှ စီးရမည့်အခြေအနေပါ။ အမျိုးသမီးများအတွက် ကာယိန္ဒြေထိပါးစော်ကားခံရသည့် နေရာသည်လည်း ခရီးသည်တင်ကားများပေါ်တွင်သာဖြစ်သည်။ ထိုသို့ အရှက်ရသည့်အခါ ကူညီမည့်သူမရှိ၊ ကယ်တင်မည့်သူမပါဘဲ စိတ်ဆင်းရဲမှုကို မျိုသိပ်လျက် စီးနေရသည်ကို အမျိုးသမီးအတော်များများ ကြုံတွေ့ကြဖူးမည်သာ။

အထက်ပါအကြောင်းအရာများသည် ကျွန်မတို့ နေ့စဉ်ကြုံတွေ့ကြားသိနေရသော ထမင်းစားရေသောက်ပမာ အလွယ်တကူဖြစ်နေသည့် ဖြစ်ရပ်များသာ။ ကျွန်မတို့ ပြည်သူများသည် မတရားမှုများကြားတွင် ကျင်လည်ခဲ့ရပြီး ထိုလုပ်ရပ်များအပေါ် ပြန်လည်တုံ့ပြန်ရန် အခွင့်အရေးနှင့်အခြေအနေမပေးပါ။ မတရားမှုများကို အံကြိတ်ခံရင်း အသက်ပေးရပေါင်းလည်းများလှပါပြီ။ အားကိုးအားထားပြုကာ တိုင်တည်ရင်ဆိုင်နိုင်မည့် ပြည်သူ့ဘက်မှလိုက်သည့် အဖွဲ့အစည်းဖြစ်ပါစေဟု ဆုတောင်းမျှော်လင့်ရသည်မှာ အမောပင်။

ယခုအချိန်တွင် ကျွန်မတို့မျှော်လင့်သည့် အမှန်တရားကို ဦးထိပ်ပန်ဆင်လျက် ပြည်သူ့ရှေ့မှမားမားရပ်မည့် အဖွဲ့သစ်တစ်ခုသည် ကျွန်မတို့ပြည်သူများရှေ့ဝယ် ပေါ်ပေါက်လာပြီဟူသော သတင်းစကားကိုကြားရသည့်အခါ ကျွန်မအလွန်ဝမ်းသာမိသည်။

ယခု ထွက်ပေါ်လာသည့် အဖွဲ့မှာ "ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်" ဖြစ်သည်။ ထိုကော်မရှင်သည် ပြည်သူများ ကြုံတွေ့နေရသည့် အခက်အခဲများကို ဥပဒေဘောင်အတွင်းမှ တိကျစွာဖြေရှင်းပေးမည်ဖြစ်ပြီး ဥပဒေနှင့် ဘောင်မဝင်သည့်ကိစ္စများ၊ အသက်မဝင်သည့်ဥပဒေများနှင့် အကျိုးမရှိသော ဥပဒေများကို ဖျက်ခြင်း၊ ပြင်ခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ ကျွန်မတို့ ခံစားခဲ့ရသည့် တစ်ဖက်သတ်ဥပဒေများကို အောင်မြင်စွာ ပြောင်းလဲနိုင်ရန်အတွက် မျှော်လင့်မိပါသည်။

'ပြစ်ဒဏ်သည် ပြစ်မှုနှင့် အနီးကပ်လိုက်လာသူဖြစ်တယ်'ဟု ပညာရှင် ဖရေးကပ်က ပြောဖူးသည်။ ထိုအတိုင်းပင် ပြစ်မှုကျူးလွန်သူကို ထိရောက်သည့် ပြစ်ဒဏ်ပေးမည်ဆိုပါက ပြစ်မှုနှင့် ပြစ်ဒဏ်ကို တွဲလျက်မြင်လာပြီး ရာဇဝတ်မှုများ လျော့ပါးသွားမည်သာ။

မျှော်လင့်သည့်အတိုင်း ဖြစ်လာနိုင်ရန်အတွက် ပြည်သူများအားလုံး ပူးပေါင်းပါဝင်ကြရန်လိုသည်။ ကော်မရှင်သည်လည်း ပူးပေါင်းပါဝင်လာသည့် ပြည်သူများကို အလေးထားလျက် တလေးတစားနှင့် အမြင်ချင်းဖလှယ်ကာ လက်တွဲလုပ်ဆောင်ရမည်ဖြစ်သည်။ ယခုအစိုးရသည် ပြည်သူမှ တင်မြှောက်ထားသည့် ပြည်သူ့အစိုးရဖြစ်သည့်အတွက် ပြည်သူတို့၏ အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရမည်။ ကြောက်ရွံ့နာကျည်းမှုများဖြင့် ဖြတ်သန်းရင်ဆိုင်ခဲ့ရသည့် ပြည်သူများကို စောင့်ရှောက်ပေးမည့် ကော်မရှင်ဖြစ်စေချင်သည်။ မလိုရာဖြုတ်၊ လိုရာသွင်းပြီး ပြုပြင်ရမည့်ဥပဒေများကို "ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်" သည် အမှန်တကယ်ပြုပြင်နိုင်ပါစေ။ ပြုပြင်ထားသည့် ဥပဒေများကိုလည်း အောက်ခြေပြည်သူမှအစ အထက်တွင်ရှိ အာဏာရှိသူများကပါ တစ်ပြေးညီ လိုက်နာမည်ဆိုပါက ကျွန်မတို့နိုင်ငံသည် တရားဥပဒေစိုးမိုးမှု အားကောင်းလာပါတော့မည်။ ဥပဒေစိုးမိုးလာလျှင် တိုင်းပြည်အေးချမ်းသာယာပြီး အဘက်ဘက်မှပြည့်စုံလာပါလိမ့်မည်။ ထို့ကြောင့် "ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်" နှင့် ပူးပေါင်းကူညီကာ အေးချမ်းသာယာသည့် နိုင်ငံတော်ကို မျှော်မှန်းကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။

## မင်းတပ်မြို့၌ မဟာဓာတ်အားလိုင်းရရှိ၍ စတင်အသုံးပြုလျက်ရှိ

**မင်းတပ် ဖေဖော်ဝါရီ ၁**

ချင်းပြည်နယ် မင်းတပ်မြို့၌ မဟာဓာတ်အားလိုင်း(၆၆) KV ဓာတ်အားလိုင်းရရှိအသုံးပြုလျက်ရှိကြောင်း သိရသည်။ အဆိုပါ (၆၆)KV မဟာဓာတ်အားလိုင်းကို ဇန်နဝါရီ ၃၁ ရက်က လက်ခံရရှိဆောင်ရွက်ကြောင်းနှင့် မြို့တွင်းဓာတ်အားလိုင်းများ (၁၁/၀.၄)KV ဓာတ်အားခွဲရုံများနှင့် ချိတ်ဆက်စမ်းသပ်၍ ဇန်နဝါရီ ၃၁ ရက် ညနေ ၄ နာရီခွဲတွင် (Grid System) မီးဖြင့် အများပြည်သူများအား စတင်မီးပေးဖြန့်ဖြူးပေး လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိ မြို့ပေါင်း ၃၃၀ ကျော်သည် စနစ်ကျနသော မြို့ပြ Urban Planning အဖြစ် အကွက်ချ တည်ဆောက်ပြီးဖြစ်သည့် မြို့များဖြစ်ရေးနှင့် အဆိုပါမြို့များ အားလုံးတွင် အစိုးရပိုင်းနှင့် ပုဂ္ဂလိကပိုင်းဆိုင်ရာများမှ တည်ဆောက်မည့် အိမ်ခန်းတစ်သန်း တည်ဆောက်ပြီးစီးရေးကို ရည်မှန်းချက်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြောကြားသည်။



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပစဉ်

ယနေ့နံနက်ပိုင်းတွင်ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယမြောက်နေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ မူဝါဒလေးရပ်၊ ရည်မှန်းချက်သုံးရပ်၊ လုပ်ငန်းစဉ် လေးရပ်တို့ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ရငွေလျာထားချက်မှာ သာမန်ရငွေကျပ် ၅၄ ဒသမ ၂၉၂ ဘီလီယံ၊ ငွေလုံးငွေရင်းရငွေကျပ် ၃၇ ဒသမ ၅၉၀ ဘီလီယံ၊ ကြွေးမြီရငွေကျပ် ၁၈၂ ဒသမ ၃၃၂ ဘီလီယံ ဖြစ်သည့်အတွက် ရငွေ စုစုပေါင်းငွေကျပ် ၂၇၄ ဒသမ ၂၁၄ ဘီလီယံ ဖြစ်ပါကြောင်း။

အသုံးစရိတ် လျာထားချက်မှာ သာမန်အသုံးစရိတ် ငွေကျပ် ၁၀၃ ဒသမ ၂၈၉ ဘီလီယံ၊ ငွေလုံးငွေရင်းအသုံးစရိတ် ငွေကျပ် ၃၇၄ ဒသမ ၇၇၉ ဘီလီယံ၊ ကြွေးမြီအသုံးစရိတ်ငွေကျပ် ၂၅ ဒသမ ၀၀၀ ဘီလီယံဖြစ်သည့်အတွက် အသုံးစရိတ် စုစုပေါင်းငွေကျပ် ၅၀၃ ဒသမ ၀၆၈ ဘီလီယံ ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေး ဝန်ကြီးဌာန၏ ဖော်ပြပါ ရငွေလျာထားချက်နှင့် သုံးငွေလျာထားချက်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဘတ်ဂျက်သတ်မှတ်မှုဘောင်အတွင်း ရေးဆွဲထားခြင်းဖြစ်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးကော်မရှင်တို့မှ အဆင့်ဆင့် စိစစ်ဖြတ်တောက် အတည်ပြုပြီးဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ရငွေလျာထားချက် ငွေကျပ်၂၇၄ ဒသမ ၂၁၄ ဘီလီယံနှင့် သုံးငွေလျာထားချက်ငွေကျပ် ၅၀၃ ဒသမ ၀၆၈ ဘီလီယံတို့ကို ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတွင် ရငွေ၊ သုံးငွေလျာထားချက်အဖြစ် အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ဝန်ကြီးရုံးအပါအဝင် ဌာန၊ အဖွဲ့အစည်း ၂၁ ခုဖြင့် ဖွဲ့စည်းထားရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ အမျိုးသားစီမံကိန်းတွင် ဝန်ကြီးဌာန၏ မူဝါဒ (၉)ချက်၊ ရည်မှန်းချက် (၁၅)ချက်နှင့် ရှေ့လုပ်ငန်းစဉ် (၂၁) ချက် ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရငွေ၊ သုံးငွေများကို လျာထားရေးဆွဲထားပါကြောင်း၊ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်အရအသုံး ခန့်မှန်းခြေငွေစာရင်းတွင် ရငွေအနေဖြင့် သာမန်ရငွေကျပ်သန်း ၆၅၃၉၈၃၈ ဒသမ ၉၄၃၊ ငွေလုံးငွေရင်းရငွေ ကျပ်သန်း ၁၆၇၉၉ ဒသမ ၂၆၆နှင့် ကြွေးမြီရငွေကျပ်သန်း ၃၄၈၈၂၂ ဒသမ ၂၃၀ ဖြစ်သည့်အတွက် စုစုပေါင်းရငွေကျပ်သန်း ၆၉၀၅၄၆၀ ဒသမ ၄၃၉ ဖြစ်ပြီး အသုံးစရိတ်အနေဖြင့် သာမန်အသုံးစရိတ် ကျပ်သန်း ၄၆၅၇၁၆၀ ဒသမ ၂၉၀၊ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ်သန်း ၇၅၅၃၀ ဒသမ ၈၆၁နှင့် ကြွေးမြီအသုံးစရိတ် ကျပ်သန်း ၁၁၀၁၇၉ ဒသမ ၅၇၅ ဖြစ်သည့်အတွက် စုစုပေါင်းအသုံးစရိတ် ကျပ်သန်း ၄၈၄၂၈၇၀ ဒသမ ၇၂၆ ဖြစ်ပါကြောင်း။

ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်ဖြင့် ပေးပို့ထားသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရငွေလျာထားချက် ကျပ်သန်း ၆၉၀၅၄၆၀ ဒသမ ၄၃၉ နှင့် အသုံးစရိတ်လျာထားချက် ကျပ်သန်း ၄၈၄၂၈၇၀ ဒသမ ၇၂၆ တို့ကို အတည်ပြုပေးပါရန် ရှင်းလင်းတင်ပြသည်။

နေပြည်တော် ကောင်စီဝင် ဦးတင်ထွဋ်က နေပြည်တော်ကောင်စီ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မူလလျာထားချက်ခွင့်ပြုငွေ တောင်းခံမှုနှင့်စပ်လျဉ်း၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် နေပြည်တော်ကောင်စီ၏ ရငွေလျာထားချက်စုစုပေါင်း ကျပ် ၁၀၆ ဒသမ ၄၂၃ သန်းနှင့် သာမန်အသုံးစရိတ် လျာထားချက်ကျပ် ၁၅၁၄ ဒသမ ၀၀၀ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် လျာထားချက် ကျပ်၂၅၈၀၂ ဒသမ ၁၅၄ သန်း ဖြစ်ပြီး အသုံးစရိတ်လျာထားချက် စုစုပေါင်းမှာ ကျပ်၂၇၃၁၆ ဒသမ ၁၅၄ သန်း ဖြစ်ပါကြောင်း။

ဆက်လက်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မူလလျာထားချက် ခွင့်ပြုငွေတောင်းခံမှုနှင့်စပ်လျဉ်း၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် လျာထားချက်တွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ရန်ပုံငွေရငွေစုစုပေါင်း ကျပ် ၂၉၄၀၈ ဒသမ ၂၃၄ သန်း၊ သာမန်အသုံးစရိတ် ကျပ် ၂၅၈၅၇ ဒသမ ဝ၆၅ သန်းနှင့် ငွေလုံး ငွေရင်းအသုံးစရိတ် ကျပ် ၃၄၇၅ ဒသမ ၁၄၀ သန်းဖြစ်ပြီး နိုင်ငံတော် ထောက်ပံ့ငွေ တင်ပြငွေကျပ် ၁၁၃၃၉ ဒသမ ၉၃၅ သန်း ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြ သည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းတို့က ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက် အစီရင်ခံစာများကို သက်ဆိုင်ရာ ပူးပေါင်းကော်မတီများက လွှတ်တော်သို့ အချိန်မီတင်သွင်းနိုင်ရန်အတွက် စိစစ်ရေးပူးပေါင်းအဖွဲ့အနေဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပြီး အဖွဲ့အသီးသီး၏ စိစစ်တွေ့ရှိချက်များကို ဖေဖော်ဝါရီ ၆ ရက်တွင် နောက်ဆုံးထား၍ ပူးပေါင်းကော်မတီများသို့ ပေးပို့နိုင်ရေးအလေးထားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ တစ်ဦးချင်းအနေဖြင့် မိမိတို့ စိတ်ဝင်စားသည့် ဌာန၊ အဖွဲ့အစည်းများ၏ စိစစ်ရေးပူးပေါင်းအဖွဲ့များ ဆွေးနွေးပွဲသို့ ဆက်သွယ်တက်ရောက် ဆွေးနွေးနိုင်ပါကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**



## အပြည်ပြည်ဆိုင်ရာစာချုပ်နှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အရပ်ဘက်နှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ ဗဟိုဌာန (Centre for Civil and Political Rights- CCPR) တို့ ပူးပေါင်း၍ အရပ်ဘက်နှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ ဘာသာရပ်ဆိုင်ရာအရာရှိများနှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီအဖွဲ့ဟောင်း Mr. Krister Thelin က စာချုပ်တွင် ပါဝင်သော တာဝန်ဝတ္တရားများနှင့် စပ်လျဉ်းသည့် ၎င်း၏အတွေ့အကြုံများနှင့် ဗဟုသုတများကို တက်ရောက်လာကြသည့် ကိုယ်စားလှယ်များနှင့် အပြန်အလှန် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တာချီလိတ်၌ ရှမ်းအမျိုးသားအဆင့် နိုင်ငံရေးအကြို ဆွေးနွေးပွဲကျင်းပ

**တာချီလိတ် ဖေဖော်ဝါရီ ၁**

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၌ ရှမ်းလူမျိုးများ၏ ဆန္ဒသဘောထားကို ထည့်သွင်းဆွေးနွေးနိုင်ရေးအတွက် ရှမ်းအမျိုးသားအဆင့် နိုင်ငံရေးအကြို ဆွေးနွေးပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ပါဆတ်ရပ်ကွက်ရှိ မဟာရာဋ္ဌာန် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဆွေးနွေးပွဲဖြစ်မြောက်ရေးတာဝန်ခံ ဦးစိုင်းသိန်းအောင်က ဒုတိယအကြိမ် (၂၁) ရာစု ပင်လုံ၌ နိုင်ငံရေးမူဘောင်ဆွေးနွေးရာတွင် ရှမ်းတိုင်းရင်းသားလူမျိုးများ၏ အသံ၊ အကြံဉာဏ်များ ပါဝင်ဆွေးနွေးနိုင်ရေးအတွက် တိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံပွဲပြုလုပ်ရခြင်းဖြစ်ပြီး ရှမ်းအရှေ့တွင် တာချီလိတ်၊ မိုင်းယောင်း၊ မိုင်းဆတ်၊ မိုင်းတုံ၊ ကျိုင်းတုံမြို့များ၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ လယ်ယာမြေနှင့် သယံဇာတခွဲဝေရေး စသည့်ကဏ္ဍငါးရပ်ဖြင့် ဆွေးနွေးလျက်ရှိကြောင်း၊ အဓိကအားဖြင့် ရှမ်းတိုင်းရင်းသားလူမျိုးများ၏ အသံ၊ အကြံဉာဏ်များ ရရှိနိုင်ရန်အတွက် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ဒေါ်နန်းငွေမြ၊ စိုင်းရှဲန်လီနှင့် ဦးစိုင်းညွန့်လွင်တို့က ငြိမ်းချမ်းရေးကိစ္စရပ်များကို လည်းကောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာများကို လည်းကောင်း၊ ဆွေးနွေးကြကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



# အသက်ကို ပဓာနမထားဘဲ ပြည်သူ့လူထု တာဝန်ကို ရဲရဲဝံ့ဝံ့ဆောင်ရွက်သူ

**သတင်းဆောင်းပါး-မင်းသစ်(သတင်းစဉ်)၊ ဓာတ်ပုံ-နေလင်း**

နာရေးကူညီမှုအသင်း(ရန်ကုန်)၏ ရွှေရောင်အနားပေါင်ကွပ်ထားသည့် ဂုဏ်ပြုမှတ်တမ်းလွှာနှစ်ခု၊ ပုဆိုးအင်္ကျီတစ်စုံနှင့် လွမ်းသူ့ပန်းစည်းလေးက ခြေလေးချောင်းထောက်စားပွဲခုံပုလေးပေါ်တွင် အထီးကျန်စွာရှိနေသည်။

ဇန်နဝါရီ ၂၉ ရက် ညနေ ၅ နာရီ ဝန်းကျင်ခန့်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဧရိယာအတွင်း ပြည်ပခရီးစဉ်မှ ပြန်လည်ရောက်ရှိလာသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဥပဒေအကြံပေးပုဂ္ဂိုလ် တရားလွှတ်တော်ရှေ့နေကြီး ဦးကိုနီအား အနီးကပ်သေနတ်ဖြင့် ပစ်သတ်လုပ်ကြံခဲ့သူအား တာဝန်သိပြည်သူတစ်ဦးအနေဖြင့် လိုက်လံဖမ်းဆီးရင်း သေနတ်သမား၏ပစ်ခတ်မှုကြောင့် အသက်သေဆုံးခဲ့ရသည့် အသက် ၄၈ နှစ်အရွယ် တက္ကစီယာဉ်မောင်း ဦးနေဝင်း(ခ) ဦးဝင်းလွင်၏ ဈာပနပြင်ဆင်ထားရာ နေရာဖြစ်သည်။

"ကားမောင်းတဲ့သူ သေနတ်နဲ့ပစ်ခံရတယ်ဆိုတာ မယုံဘူး။ စတာ နောက်တာပဲထင်နေတယ်။ ယုံလည်းမယုံကြည်ခဲ့ဘူး။ ဖြစ်ရင်လည်း အပေါ် ယံလောက်ပဲဖြစ်မယ်ထင်တာ။ အခုလို အသက်ဆုံးရှုံးတဲ့အထိ ဖြစ်မယ်လို့မယုံခဲ့ဘူး"ဟု ဦးနေဝင်း၏ဇနီးဖြစ်သူ မစုသက်ခိုင်က ပြောသည်။

အိမ်ထောင်သက် ၁၀ နှစ်ကျော် ရှိပြီဖြစ်သည့် ဦးနေဝင်းသည် ၎င်းကွယ်လွန်ချိန်တွင် အသက်ခုနစ်နှစ်အရွယ် ဒုတိယတန်းကျောင်းသား၊ အသက်သုံးနှစ်ခွဲအရွယ်သားနှင့် ၄၅ ရက် လသားအရွယ် ကလေးငယ်တစ်ဦးတို့ ကျန်ရှိခဲ့ကြောင်း ၎င်း၏ ဇနီးဖြစ်သူက ပြောသည်။

ဦးနေဝင်းသည် မိသားစုစီးပွားရေးအတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ခရီးသည်ပို့ဆောင်ရေးဆောင်ရွက်နေသည့် ပျံသန်းသော ပျံလွှားသယ်ယူပို့ဆောင်ရေးအသင်းသို့ လွန်ခဲ့သောခြောက်လခန့်က ဝင်ရောက်ခဲ့ပြီး ယာဉ်မောင်းအလုပ်ကို လုပ်ကိုင်ခဲ့ကြောင်း အသင်းဥက္ကဋ္ဌက ပြောသည်။

"အကြမ်းဖက်ပြီး သေနတ်ကိုင်လာတဲ့ လူတစ်ယောက်ကို နောက်ကနေပြေးလိုက်သွားပြီး ခဲနဲ့ထုတယ်ဆိုတာ တော်ရုံတန်ရုံလူ မလုပ်နိုင်တဲ့ ကိစ္စတစ်ခုပါ။ နောက်ပြီး သေနတ်ကလည်း လက်ထဲမြှောက်ပြီး တောက်လျှောက်ကိုင်လာတာ မြင်နေရတယ်"ဟု ဦးနေဝင်း အသက်စွန့်ဆောင်ရွက်ခဲ့မှုအပေါ် ပျံသန်းသော ပျံလွှားသယ်ယူပို့ဆောင်ရေးအသင်းဥက္ကဋ္ဌက ပြောသည်။

ထို့အတူ ပျံသန်းသော ပျံလွှားသယ်ယူပို့ဆောင်ရေးအသင်းမှ အသက် ၆၀ ကျော်အရွယ် ယာဉ်မောင်း အန်ကယ်ဟစ်(ခ) ဦးညဏ်ထွန်းက "ကိုနေဝင်းက ပရဟိတစိတ်ရှိတယ်။ ပရဟိတစိတ်ရှိလို့လည်း အခုလိုဖြစ်သွားတာပေါ့" ဟု ပြောသည်။

"ဖမ်းဟော့၊ ဖမ်းဖမ်းဆိုပြီး လူအုပ်ကြီးက ငြာသံပေးပြီး လေဆိပ်ဘက်ကနေ ကားပါကင်ဘက်ဆင်းလာတဲ့ လူတစ်ယောက်နောက်ကို လိုက်ကြတယ်။ သူ့လက်ထဲ



မှာ သေနတ်ကိုင်ထားတော့လူတွေက အနားသိပ်ကပ်မလိုက်ရဲကြဘူး။ ကိုနေဝင်းကတော့ အနားထိကပ်သွားပြီး အကြမ်းဖက်သမားကို ခဲနဲ့လှမ်းပစ်လိုက်တယ်။ အဲ့ဒီလူ ခဲမှန် ချာလပတ်လည်ပြီး ပြန်အလှည့်မှာသေနတ်နဲ့ပစ်လိုက်တာ ကိုနေဝင်းကို သေနတ်မှန်သွားတယ်"ဟု အန်ကယ်ဟစ်က ဖြစ်စဉ်ကို ပြောသည်။

ကိုနေဝင်း သေနတ်ထိမှန်လဲကျသွားချိန်တွင် ပျံသန်းသော ပျံလွှားသယ်ယူပို့ဆောင်ရေးအသင်းမှ တက္ကစီကားတစ်စီး ရောက်လာကာ ကားပေါ်သို့ ကိုနေဝင်းအား တင်ဆောင်ပြီး မြောက်ဥက္ကလာဆေးရုံသို့ အချိန်မီပို့ဆောင်ခဲ့သော်လည်း ရရှိသောဒဏ်ရာကြောင့် ဆေးရုံရောက်ပြီး ဆရာဝန်စမ်းသပ်စစ်ဆေးလိုက်ချိန်တွင် အသက်မရှိတော့ကြောင်း အန်ကယ်ဟစ်က ပြောသည်။

ပျံသန်းသော ပျံလွှားသယ်ယူပို့ဆောင်ရေးအသင်းမှ အသင်းသားများက ကွယ်လွန်သွားရှာသည့် ကိုနေဝင်း၏ နာရေးကိစ္စဆောင်ရွက်နိုင်ရန်နှင့် ကောင်းမှုကုသိုလ်ပြုလုပ်နိုင်ရန် ကျန်ရစ်သူမိသားစုသို့ ငွေကျပ်ဆယ်သိန်းတိတိ ထောက်ပံ့ပေးခဲ့ပြီး သားသမီးများပညာရေးအတွက် လိုအပ်ပါက ထောက်ပံ့ကူညီပေးသွားမည်ဟု ပျံသန်းသော ပျံလွှားသယ်ယူပို့ဆောင်ရေး အသင်းဥက္ကဋ္ဌက ပြောသည်။

ရန်ကုန်မြို့တွင် YBS ယာဉ်လိုင်းစနစ်သစ် စတင်ချိန်တွင် ရန်ကုန်လေဆိပ်၌ ပြေးဆွဲနေသည့်ခရီးသည်တင်တက္ကစီအသင်းကားများ အခမဲ့ ပြေးဆွဲပေးခဲ့ရာ ပျံသန်းသော ပျံလွှားသယ်ယူပို့ဆောင်ရေးအသင်းမှလည်း ပါဝင်ခဲ့ရာ အသင်းသားတစ်ယောက်ဖြစ်သူ ကိုနေဝင်းအနေဖြင့်လည်း ပရဟိတစိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ကူညီခဲ့သည်ဟု အသင်းဥက္ကဋ္ဌက ပြောသည်။

ကိုနေဝင်း၏ ကျန်ရစ်သူမိသားစုအား စေတနာရှင်များက ငွေကြေးထောက်ပံ့လှူဒါန်းလျက်ရှိရာ နေအိမ်သို့လာရောက်ကူညီထောက်ပံ့သည့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (စီမံ) ဦးတင်မောင်နီက "ကိုနေဝင်းဖြစ်သွားတာက လေဆိပ်ဧရိယာအတွင်း ဖြစ်သွားတယ်။ သူလုပ်ကိုင်နေတာကလည်း လေဆိပ်ဧရိယာထဲ လုပ်ကိုင်နေတဲ့အတွက် လူမှုရေးအရ လာပြီး ကူညီထောက်ပံ့ပေးတာပါ"ဟု ပြောသည်။

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား လေကြောင်းရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် ပူးပေါင်းကာ အဆင့်မြှင့်တင်ပြီး လေဆိပ်လုံခြုံရေးကို တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးတင်မောင်နီက ပြောသည်။

နိုင်ငံသားကောင်းတစ်ဦးအနေဖြင့် နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးတွင် တစ်ထောင့်တစ်နေရာမှပါဝင်ပြီး တာဝန်ကျေပွန်ခဲ့သည်သာမက နိုင်ငံသားတစ်ဦး၏တာဝန်ကို အသက်ပေးပြီး ထမ်းဆောင်ခဲ့သည့် အဆိုပါသူရဲကောင်းအား နာရေးကူညီမှုအသင်း(ရန်ကုန်)က ဂုဏ်ပြုထားသည့် ဂုဏ်ပြုမှတ်တမ်းလွှာလေးက ယနေ့အချိန် ဖခင်ကွယ်လွန်ခဲ့သည်ကို မသိနိုင်သေးသည့် ၎င်း၏ သားသမီးများအတွက် နောင်တစ်ချိန် အမှတ်ရဂုဏ်ယူစရာ ဖြစ်လာမည်။

ပျော်ပျော်နေတတ်ပြီး အများအပေါ်ကူညီတတ်သည့် ပရဟိတစိတ်အပြည့်ရှိသူ ဦးနေဝင်းအတွက် ပျံသန်းသောပျံလွှား သယ်ယူပို့ဆောင်ရေးအသင်းမှ အသင်းသားများစုပေါင်းပြီး ဂူသွင်းသင်္ဂြိုဟ်ရန်အတွက် အသင်းဥက္ကဋ္ဌက "ဇန်နဝါရီ ၃၁ရက်နေ့ ရန်ကုန်မြို့ရေဝေးသုသာန်မှာ ကိုနေဝင်းကို သင်္ဂြိုဟ်ခဲ့တယ်၊ မီးမရှို့ဘူး။ သူနဲ့ပတ်သက်ပြီး အမှတ်တရဖြစ်ဖို့ ဂူသွင်းသင်္ဂြိုဟ်ခဲ့တယ်"ဟု ၎င်းက ပြောသည်။



## မီးငြိမ်းသတ်ယာဉ်များ လွှဲပြောင်းပေးအပ်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁**

ကချင်ပြည်နယ်အတွင်းရှိ မီးငြိမ်းသတ်ယာဉ်များလိုအပ်ချက်ရှိသည့် မြို့နယ်များအတွက် ပြည်နယ်မီးသတ်ဦးစီးဌာနမှ ရေဂါလန် ၈၀၀ ဆံ့၊ CNJ မီးငြိမ်းသတ်ယာဉ်များအား သက်ဆိုင်ရာမြို့နယ်များသို့ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့မြက်ခင်းပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် ဝယ်ယူတင်သွင်းခဲ့သော မီးငြိမ်းသတ်ယာဉ်များနှင့်ပတ်သက်သည့် စာရွက်၊ စာတမ်းများကို Young's Auto ကုမ္ပဏီကိုယ်စားလှယ်က ပြည်နယ်အစိုးရအဖွဲ့ထံ လွှဲပြောင်းပေးအပ်ရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသူရမျိုးတင်က လက်ခံယူပြီး မြစ်ကြီးနားခရိုင်အတွင်း အာလမ်ကျေးရွာ၊ မန်ခိန်ရပ်ကွက်၊ ကန်ပိုက်တီမြို့နှင့် ပန်ဝန်မြို့တို့အတွက် တစ်စီးစီ၊ မိုးညှင်းခရိုင်အတွင်း နန့်မွန်း၊ လုံးတုံတို့အတွက် တစ်စီးစီနှင့် ဖားကန့်မြို့နယ်အတွက် နှစ်စီး၊ ဗန်းမော်ခရိုင်အတွင်း ဒေါ့ဖုန်းယန်မြို့နှင့် စီသောင်ကျေးရွာတို့အတွက် တစ်စီးစီတို့နှင့် ဖားကန့်မြို့နယ် ဆန်ခါကျေးရွာနှင့် သာယာကုန်းကျေးရွာတို့မှ ကိုယ့်အားကိုယ်ကိုး ဝယ်ယူခဲ့သည့် မီးငြိမ်းသတ်ယာဉ်နှစ်စီးနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဝယ်ယူခဲ့သော မီးငြိမ်းသတ်ယာဉ်တစ်စီးတို့ကို ပြန်လည်လွှဲပြောင်းပေးအပ်ရာ သက်ဆိုင်ရာကိုယ်စားလှယ်များက လက်ခံယူကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

## မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းလုံးဝရပ်ဆိုင်းပေးရန် စုပေါင်းဆန္ဒထုတ်ဖော်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် Palm Spring Hotel ရှေ့တွင် ဒေသခံပြည်သူများ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း လုံးဝရပ်ဆိုင်းပေးရန် စုပေါင်းဆန္ဒထုတ်ဖော်ပွဲကို ဇန်နဝါရီ ၃၁ ရက်က ပြုလုပ်ခဲ့ကြသည်။

"အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC)ကနေ ဒီဟိုတယ်မှ မြစ်ဆုံရေကာတာကို အားပေးတဲ့အစည်းအဝေးလုပ်နေတယ်လို့ သိရတယ်။ မြစ်ကြီးနားမှာတင်မဟုတ်ဘူး၊ တခြားမြို့နယ်တွေမှာလည်း ပြုလုပ်ခဲ့တယ်လို့ သိရတယ်။ ဒါကြောင့် ဒေသခံပြည်သူတွေက စိတ်ပူလို့ ယခုလို စုပေါင်းပြီးဆန္ဒထုတ်ဖော်ပွဲပြုလုပ်တာ ဖြစ်တယ်"လို့ မြစ်ဆုံစီမံကိန်းကြောင့် တန်ဖရဲကျေးရွာမှ အောင်မြင်သာစံပြကျေးရွာသို့ပြောင်းရွှေ့လာသူ ဒေါ်ဂျာခေါန်က ပြောသည်။

"ဒီမြစ်ဆုံစီမံကိန်းကို လုံးဝရပ်ဆိုင်းပေးစေချင်တယ်။ အရင်နေရာမှာ လွတ်လွတ်လပ်လပ်ပြန်နေချင်တယ်။ ကျွန်မတို့ကပြောင်းချင်လို့ ပြောင်းခဲ့တာမဟုတ်ဘူး။ အတင်းပြောင်းခိုင်းလို့ ခုနေရာမှာနေရတာ။ စားဝတ်နေရေးအတွက် လုပ်ကိုင်စားသောက်ဖို့ လယ်ယာမြေမရှိလို့ ကျန်းမာရေး၊ လူမှုရေးနဲ့ ကလေးတွေရဲ့ ကျောင်းစရိတ်အခက်ခဲဖြစ်နေတယ်" ဟု ၎င်းက ပြောသည်။

"လက်ရှိအစိုးရအနေနဲ့ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို အချိန်မဆွဲဘဲ အမြန်ဆုံးရပ်ဆိုင်းပေးစေချင်တယ်။ ပြည်သူက အားကိုးပြီး ရွေးချယ်တင်မြှောက်ပေးထားတဲ့ အစိုးရဖြစ်တဲ့အတွက်ကြောင့် ပြည်သူ့အသံကို နားထောင်ပေးစေချင်တယ်"ဟု ဆက်လက်ရှင်းပြသည်။

"မြစ်ဆုံစီမံကိန်းနဲ့ မြန်မာနိုင်ငံရှိ ရေအားလျှပ်စစ်ကဏ္ဍ၏ မဟာဗျူဟာမြောက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တန်စစ်ချက်စီမံကိန်း ဖြစ်မြောက်ရေးအဖွဲ့(SEA)ကို စီမံကိန်းနဲ့ပတ်သက်ပြီး ပံ့ပိုးပေးနေတယ်လို့ ကြားသိရတယ်။ မြစ်ဆုံစီမံကိန်းနဲ့ပတ်သက်ပြီး ပါဝင်ဆွေးနွေးခြင်း၊ အားပေးခြင်းမရှိဘူး"လို့ (SEA)အဖွဲ့ခေါင်းဆောင် Ms.Kate Lazarus က ဇန်နဝါရီ ၃၁ ရက်က Palm Spring Hotel ၌ ပြုလုပ်သော ဧရာဝတီမြစ်ဝှမ်းဒေသရှိ ဘက်ပေါင်းစုံမှ ပါဝင်ပတ်သက်သူများ၏ အခြေခံတိုင်းတာချက်အပေါ် ဆန်းစစ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားသည်။

"ကျွန်တော်တို့(ACHC) ကုမ္ပဏီအနေနဲ့ ဘာမှပြောစရာမရှိပါဘူး။ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းလုပ်ဖြစ် မလုပ်ဖြစ်ကတော့ လက်ရှိအစိုးရနဲ့ ပြည်သူတွေရဲ့သဘောထားပေါ်မှာပဲ မူတည်ပါတယ်"ဟု ဧရာဝတီအထက်ပိုင်း မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်ထုတ်လုပ်ရေးကုမ္ပဏီ မြစ်ကြီးနားဆက်ဆံရေးရုံးတာဝန်ခံ Mr. Zhang Hugwt က ပြောသည်။

အဆိုပါ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းလုံးဝရပ်ဆိုင်းပေးရန် ဆန္ဒထုတ်ဖော်ပွဲတွင် ဒေသခံပြည်သူ ၃၀ ခန့်ပါဝင်ခဲ့ကြပြီး ဧရာဝတီမြစ်ညာမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်း (လုံး၀) ရပ်ဆိုင်းရေး၊ ဧရာဝတီမြစ်ကို ပြည်သူများပိုင်ဆိုင်နိုင်ရေး၊ ဧရာဝတီမြစ် ထာဝစဉ်လွတ်လပ်စွာစီးဆင်းရေး၊ ဒေသခံပြည်သူများ ယခင်နေရာသို့ လွတ်လပ်စွာနေထိုင်ခွင့်ရရှိရေး ဆိုင်းဘုတ်များကိုင်ဆောင်ပြီး ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**




## ကော့မှူးမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ကြေညာ

**ကော့မှူး ဖေဖော်ဝါရီ ၁**

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်၌ ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းကို door to door စနစ်ဖြင့် ကောက်ယူပြုစုပြီး ပထမအကြိမ်အဖြစ် ဖေဖော်ဝါရီ ၁ ရက်မှ ၁၄ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများနှင့် မဲရုံနယ်မြေများတွင် ကပ်ထားကြေညာထားရှိမည်ဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများက မိမိတို့ အမည်စာရင်းပါရှိမှု ရှိ/မရှိ လာရောက်ကြည့်ရှုရန် နှိုးဆော်ထားသည်။ ကော့မှူးမြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ)၊ မြန်မာအမျိုးသားကွန်ဂရက်ပါတီနှင့် အမျိုးသားတိုးတက်ရေးပါတီ၊ နိုင်ငံရေးပါတီခုနစ်ခုနှင့် တစ်သီးပုဂ္ဂလနှစ်ဦး စုစုပေါင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကိုးဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ကော့မှူးမြို့နယ်၌ မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၅ အုပ်စုတွင် မဲရုံပေါင်း ၁၅၅ ရုံနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ကိုးသောင်းလေးထောင်ကျော်ရှိပြီး မဲဆန္ဒရှင်စာရင်းများ ကြေညာထားရှိမှုကို ကော့မှူးမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မြတ်နှင့်အဖွဲ့ဝင်များက လိုက်လံစိစစ်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# အန်ကောဝပ် ဝင်ရောက်လေ့လာကြေး တိုးမြှင့်ကောက်ခံ

**ဖနောင်ပင် ဖေဖော်ဝါရီ ၁**

ကမ္ဘောဒီးယားနိုင်ငံ နာမည်ကျော် အန်ကောဝပ်ရှေးဟောင်း သုတေသနဥယျာဉ်သို့ လာရောက်လည်ပတ်မည့် နိုင်ငံခြားသားဧည့်သည်များအတွက် လက်မှတ်ဈေးနှုန်းများကို ဖေဖော်ဝါရီ ၁ ရက်မှ စတင်တိုးမြှင့်ကောက်ခံလိုက်ကြောင်း အန်ကောဝပ်ရှေးဟောင်းသုတေသနဥယျာဉ်ဆိုင်ရာ ပြောရေးဆိုခွင့်ပုဂ္ဂိုလ်တစ်ဦးက ဖေဖော်ဝါရီ ၁ ရက်တွင် ပြောကြားခဲ့သည်။

ရှေးဟောင်းဥယျာဉ်သို့ တစ်နေ့တာဝင်ရောက်ခွင့်လက်မှတ်ကို အမေရိကန်ဒေါ်လာ ၂၀ မှ ၃၇ သို့လည်းကောင်း၊ သုံးရက်တာလည်ပတ်ခွင့်လက်မှတ်နှုန်းထားကို ဒေါ်လာ ၄၀ မှ ၆၂ ဒေါ်လာသို့လည်းကောင်း၊ ခုနစ်ရက်တာ လည်ပတ်ခွင့်လက်မှတ်ကို ဒေါ်လာ ၆၀ မှ ၇၂ ဒေါ်လာသို့လည်းကောင်း အသီးသီးတိုးမြှင့်လိုက်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသားများနှင့် အသက် ၁၂ နှစ်အောက် ကလေးများအတွက် အခမဲ့အစီအစဉ်ကို ဆက်လက်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

ခရီးသွားဧည့်သည်များအတွက် အန်ကောဝပ်ရှေးဟောင်းသုတေသနဥယျာဉ်အကြောင်း ဖော်ပြထားသည့် ဝက်ဘ်ဆိုက်အသစ် www.angkor.com.kh ကို ကြေညာထားကြောင်း အန်ကောဝပ်ရှေးဟောင်းသုတေသနဥယျာဉ်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ကိုဆယ်က ပြောကြားခဲ့သည်။

ယင်းဝက်ဘ်ဆိုက်တွင် ဗီဇာလိုအပ်ချက်များ၊ လမ်းညွှန်မြေပုံများ စသည့် အရေးကြီးသည့်အချက်များ ဖော်ပြထားသည်။ အန်ကောဝပ်ရှေးဟောင်းသုတေသနဥယျာဉ်သည် ဆီရမ်ရိဒ်ပ်ပြည်နယ်၌ ပါဝင်ပြီး ၁၉၉၂ ခုနှစ်က ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ဖြစ်ခဲ့သည်။

၂၀၁၆ ခုနှစ်က အန်ကောဝပ်ရှေးဟောင်းသုတေသနဥယျာဉ်သို့ ဝင်ရောက်ခဲ့သည့် နိုင်ငံခြားသားဧည့်သည် ၂ ဒသမ ၂ သန်းရှိခဲ့ပြီး လက်မှတ်ရောင်းရငွေ အမေရိကန်ဒေါ်လာ ၆၂ ဒသမ ၅ သန်းရှိခဲ့ကြောင်း အစိုးရစာရင်းဇယားများအရ သိရသည်။ **(ဆင်ဟွာ)**

# တောင်ကိုရီးယား သမ္မတရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည် မဟုတ်ကြောင်း ဘန်ကီမွန်းပြောကြား

**ဆိုးလ် ဖေဖော်ဝါရီ ၁**

တောင်ကိုရီးယားသမ္မတရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဘန်ကီမွန်းက ဖေဖော်ဝါရီ ၁ ရက်တွင် ပြောကြားလိုက်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဘန်ကီမွန်းအနေဖြင့် သမ္မတရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည်ဟု တရားဝင်ပြောကြားထားခြင်းမရှိသော်လည်း ကွန်ဆာဗေးတစ်အသိုင်းအဝိုင်းအတွင်း သမ္မတဖြစ်နိုင်ခြေအရှိဆုံး ပုဂ္ဂိုလ်အဖြစ် အများက ရှုမြင်ထားသူတစ်ဦးဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားသမ္မတအဖြစ် တိုင်းပြည်၏ နိုင်ငံရေးပြောင်းလဲမှုနှင့် အမျိုးသားစည်းလုံးညီညွတ်မှုကို ဦးဆောင်လိုသော ၎င်း၏ စစ်မှန်သောဆန္ဒကို လက်လွှတ်လိုက်တော့မည်ဖြစ်ကြောင်း ယနေ့ လွှတ်တော်သတင်းစာရှင်းလင်းပွဲတွင် ဘန်က ပြောကြားခဲ့သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသည် ကြိုတင်ကြေညာထားခြင်းမရှိဘဲ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဘန်သည် ကုလသမဂ္ဂတွင် အမြင့်ဆုံးရာထူးတာဝန်ကို သက်တမ်းနှစ်ကြိမ် ထမ်းဆောင်ပြီးနောက် ဇန်နဝါရီ ၁၂ ရက်က တောင်ကိုရီးယားနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

**(ဆင်ဟွာ)**






# အမေရိကန်တရားသူကြီးချုပ်အဖြစ် နေးလ်ဂေါဆတ်ချ်အား ထရန့်ရွေးချယ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် နိုင်ငံတော်တရားရုံးချုပ်၏ ကွန်ဆာဗေးတစ်တရားသူကြီးချုပ်အဖြစ် နေးလ်ဂေါဆတ်ချ်ကို ရွေးချယ်တင်မြှောက်လိုက်ကြောင်းနှင့် တရားရုံး၏ ကွန်ဆာဗေးတစ်အဖွဲ့ဝင် အများစုကို ပြန်လည် စုစည်းထိန်းသိမ်းနိုင်ရန်နှင့် ကိုယ်ဝန်ဖျက်ချခြင်း၊ သေနတ်အကြမ်းဖက်မှုကို ထိန်းချုပ်ခြင်း၊ သေဒဏ်ပေးခြင်းနှင့် ဘာသာရေးဆိုင်ရာ တရားမျှတမှုများအတွက် အုပ်ချုပ်မှုစည်းမျဉ်းများကို ပုံဖော်ရာတွင် အကူအညီပေးနိုင်ရန်အတွက် အသက် ၄၉ နှစ်ရှိ တရားသူကြီး နေးလ်ဂေါဆတ်ချ် ကို ခန့်အပ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သော တစ်နှစ်အကြာက ကွယ်လွန်သွားခဲ့ပြီဖြစ်သည့် ကွန်ဆာဗေးတစ်အဖွဲ့ဝင် အန်တိုနင်စကာလီယာ၏ လစ်လပ်သွားသော နေရာ၌ မစ္စတာ နေးလ်ဂေါဆတ်ချ် ကို အစားထိုးခန့်အပ်လိုက်ကြောင်း အင်္ဂါနေ့တွင် ထရန့်က ကြေညာခဲ့သည်။

ဂေါဆတ်ချ်သည် အမေရိကန်တရားရုံးချုပ်၏ အသက်အငယ်ဆုံး တရားသူကြီးချုပ်ဖြစ်လာခဲ့ပြီး ဆယ်စုနှစ်များစွာကြာသည်အထိ တရားရုံး၏ ရည်မှန်းချက်များကို ဆောင်ရွက်နိုင်မည့်သူဖြစ်ကြောင်း၊ ထူးချွန်ပြောင်မြောက်ပြီး စွမ်းရည်ပြည့်ဝကာ ထူးခြားသည့်ပုဂ္ဂိုလ်ဖြစ်ကြောင်းနှင့် ပါတီနှစ်ခုကို အထောက်အကူပြုခဲ့ကြောင်း ထရန့်က ချီးမွမ်းခန်းဖွင့်ခဲ့သည်။

သို့သော်လည်း ပြီးခဲ့သည့်နှစ်က သမ္မတဟောင်း ဘားရက်အိုဘားမား၏ တရားသူကြီးချုပ် ရွေးချယ်တင်မြှောက်မှုကို ရီပတ်ဘလစ်ကန်ပါတီဝင်များက ပိတ်ပင်မှုများ ပြုလုပ်ခဲ့ကြသည်ဖြစ်ရာ ဂေါဆတ်ချ်အနေဖြင့် ဒီမိုကရက်တစ်ဥပဒေပြုအဖွဲ့ဝင်များ၏ အပြင်းအထန်ကန့်ကွက်ဆန့်ကျင်မှုများကို ရင်ဆိုင်ရလျက်ရှိသည်။ ၎င်းကို ရွေးချယ်မှုသည် နိုင်ငံရေးအက်ကွဲကြောင်းကို ပိုမိုနက်ရှိုင်းလာစေမည့် သဘောဆောင်လျက်ရှိသည်။ **(အင်န်အိတ်ချ်ကေ)**

# ဒုံးကျည်စမ်းသပ်မှုအသစ် ပြုလုပ်လျက်ရှိကြောင်း အီရန်အတည်ပြု နျူကလီးယားစာချုပ်ကိုဖောက်ဖျက်ခြင်းမဟုတ်ကြောင်း ပြောကြား

**တီဟီရန် ဖေဖော်ဝါရီ ၁**

အီရန်အစ္စလာမ့်နိုင်ငံသည် ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုတစ်ခုကို လုပ်ဆောင်လျက်ရှိနေကြောင်း၊ သို့သော် အဆိုပါစမ်းသပ်မှုသည် စက်မှုအင်အားကြီးနိုင်ငံများနှင့် ချုပ်ဆိုထားသည့် နျူကလီးယားသဘောတူစာချုပ်ကို ချိုးဖောက်ခြင်းမဟုတ်ကြောင်း အီရန်ကာကွယ်ရေးဝန်ကြီးက ဖေဖော်ဝါရီ ၁ ရက်က ပြောကြားခဲ့သည်။

နျူကလီးယားစာချုပ်ချုပ်ဆိုခဲ့သည့် ၂၀၁၅ ခုနှစ်မှ စတင်ကာ အီရန်သည် တိုက်ချင်းပစ်ဒုံးကျည်များကို စမ်းသပ်ပစ်ခတ်မှုလုပ်ဆောင်ခဲ့သည်။ သို့သော်လည်း ယခုစမ်းသပ်မှုသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်လက်ထက်တွင် ပထမဆုံးသော စမ်းသပ်မှုဖြစ်သည်။ ထရန့်သည် သမ္မတအဖြစ် အနိုင်ရရှိရေးအတွက် မဲဆွယ်စည်းရုံးမှုများ ပြုလုပ်ခဲ့ရာတွင် အီရန်၏ ဒုံးကျည်စမ်းသပ်မှုပြဿနာကို ရပ်တန့်သွားအောင် လုပ်ဆောင်မည်ဟု ပြောကြားခဲ့သည်။

လတ်တလောပြုလုပ်နေသည့် ဒုံးကျည်စမ်းသပ်မှုများသည် စည်းမျဉ်းဘောင်အတွင်းမှနေ၍ အစီအစဉ်တကျ စမ်းသပ်ဆောင်ရွက်နေခြင်းဖြစ်ပြီး အီရန်၏ ကာကွယ်ရေးကိစ္စရပ်များတွင် အခြားနိုင်ငံသားများက ဝင်ရောက်စွက်ဖက်ခွင့်ပြုလိမ့်မည်မဟုတ်ဟု ကာကွယ်ရေးဝန်ကြီး ဟူစိန်ဒက်ဂန်က ပြောကြားခဲ့ကြောင်း တက်စ်နင်သတင်းအေဂျင်စီက ဖော်ပြသည်။ ထို့အပြင် ဒုံးကျည်စမ်းသပ်မှုသည် နျူကလီးယား သဘောတူစာချုပ်ကို ဖောက်ဖျက်နေခြင်းမဟုတ်ကြောင်း ၎င်းက ဆိုသည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာရစ်ဖ်က အီရန်သည် ၎င်း၏ တိုက်ချင်းပစ်ဒုံးကျည်များကို အသုံးပြုလျက် အခြားနိုင်ငံများကို မည်သည့်အခါမျှ တိုက်ခိုက်မှုလုပ်ဆောင်မည်မဟုတ်ကြောင်း အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

**(ရိုက်တာ)**

# ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲ ဖေဖော်ဝါရီ ၂၀ သို့ ရွှေ့ဆိုင်း

**ဂျီနီဗာ ဖေဖော်ဝါရီ ၁**

ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆီးရီးယားဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် ဒီမီစတုလာကို ဆီးရီးယားပြဿနာဆိုင်ရာ ဂျီနီဗာငြိမ်းချမ်းရေးဆွေးနွေးပွဲ အမြန်ဆုံးပြန်လည်စတင်ရန်နှင့် ဆီးရီးယားနိုင်ငံမှ သက်ဆိုင်ရာအဖွဲ့အစည်းအားလုံး ခြွင်းချက်မရှိ ဆွေးနွေးပွဲတက်ရောက်ကြရန် ယမန်နေ့က ထုတ်ပြန်ခဲ့သည်။

မူလက ဆီးရီးယားပြဿနာဆိုင်ရာ ဂျီနီဗာငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၈ ရက်တွင် ကျင်းပရန် စီစဉ်ထားသော်လည်း လုံခြုံရေးကောင်စီသည် ယမန်နေ့က တံခါးပိတ်အစည်းအဝေးကျင်းပခဲ့ပြီးနောက်တွင် ယင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ ရက်သို့ ရွှေ့ဆိုင်းလိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

ဆွေးနွေးပွဲကို နောက်ဆုတ်ခြင်းသည် ဆီးရီးယားအတိုက်အခံအုပ်စုများကို ပြင်ဆင်ချိန်ပိုမိုရရှိစေရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က ရုရှား၊ တူရကီနှင့် အီရန်နိုင်ငံတို့သည် ဆီးရီးယားအပစ်အခတ်ရပ်စဲရေးကို အဖြေရှာနိုင်မည့် သုံးနိုင်ငံ ပူးပေါင်းမှုယန္တရားတစ်ခုကို လည်ပတ်ဆောင်ရွက်နိုင်ရေး သဘောတူညီခဲ့ကြသည်။

**(ဆင်ဟွာ)**

# ဒီမိုကရက်တစ်ပါတီ(မြန်မာ)က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၁

**ဒီမိုကရက်တစ်ပါတီ(မြန်မာ) ဒုတိယဥက္ကဋ္ဌ ဦးတင်ဆွေက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဖေဖော်ဝါရီ ၁ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



**လေးစားအပ်ပါသော နိုင်ငံသူ နိုင်ငံသားအပေါင်းတို့ခင်ဗျား-**

မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဒီနေရာမှနေပြီး နှုတ်ခွန်းဆက်သပါတယ်။

လာမယ့် ဧပြီလ(၁)ရက်နေ့တွင် ဒုတိယအကြိမ်၊ လွှတ်တော်သက်တမ်း၏ ၂၀၁၇၊ ကြားဖြတ်ရွေးကောက်ပွဲ၊ ကျင်းပပါတော့မယ်။ ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ ရန်ကုန်တိုင်းဒေသကြီးတွင် လစ်လပ်လွှတ်တော်ကိုယ်စားလှယ် (၄)နေရာကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပါတယ်။

ပါတီစုံ ဒီမိုကရေစီစနစ်ကို ယုံကြည်သူတွေဟာ၊ ရွေးကောက်ပွဲတွေကို ဖြတ်သန်းကြရပါမယ်။ ဒီနေရာမှာ ရွေးကောက်ပွဲစနစ်တွေဟာလည်း အရေးကြီးလှပါတယ်။ ဒီမိုကရေစီရေချိန်ကို မြှင့်ချင်သူတွေဟာ လက်ရှိရွေးကောက်ပွဲစနစ်ကို ပြောင်းလဲဖို့ လိုပါတယ်။ ကမ္ဘာမှာ ထင်ရှားတဲ့ စနစ်ကြီးနှစ်ခုကတော့ နိုင်သူအကုန်ယူစနစ်နှင့် အချိုးကျကိုယ်စားပြု စနစ်ဆိုပြီးရှိပါတယ်။ ရွေးကောက်ပွဲစနစ်မတူတာနှင့်အမျှ နိုင်ငံရေး သဟဇာတဖြစ်မှု၊ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှု မတူညီပါဘူး၊ ဒီမိုကရေစီနှုန်းစံလည်း ကွာခြားသွားပါတယ်။

ယနေ့ဆိုလျှင် ပါတီပေါင်း (၉၀)ကျော်ရှိရာ၊ ပါတီတည်ထောင်သူခေါင်းဆောင်တိုင်းမှာ ကောင်းမွန်သော အတွေးအခေါ်များ၊ ထက်မြက်စူးရှသော အမြင်များ၊ မတူကွဲပြားတဲ့ အရည်အချင်း ထူးခြားစွာပါဝင်လာကြပါတယ်။ ဘယ်ခေါင်းဆောင်မှ ခေါင်းအပိုမပါလာဘူး။ ဦးနှောက်အပိုလည်း ပါမလာပါဘူး။ စုပေါင်းခေါင်းဆောင်၊ စုပေါင်းအဖြေရှာဆောင်ရွက်မှသာ၊ ပိုမိုကောင်းမွန်တဲ့ အဖြေများရရှိလာမှာ ဖြစ်ပါတယ်။

နိုင်ငံရေးပါတီတိုင်းမှာ မတူညီတဲ့ အတွေးအခေါ်၊ အတွေ့အကြုံရင့်ကျက်သူတွေကို ရွေးကောက်ပွဲစနစ်ပုံစံ ပြောင်းလိုက်ရုံဖြင့် မြန်မာနိုင်ငံကြီးအတွက် ကောင်းမွန်၍ မတူညီသည့် အင်အားသစ်တွေ ပေါ်ထွန်းလာမှာဖြစ်ပါတယ်။ နိုင်ငံရေး ယဉ်ကျေးမှုအသစ်တစ်ရပ်လည်း ပေါ်ထွန်းလာမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ပါတီရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် သဘောထားအမြင်မှာ ကမ္ဘာပေါ်မှာ ဘယ်လိုဖွဲ့စည်းပုံအခြေခံဥပဒေမှ အနာဂတ်ကို ကြိုမမြင်နိုင်ပါဘူး။ ဒါကြောင့် သုံးမယ်၊ ပြင်မယ်၊ ဖျက်မယ်ဆိုသည့် မူအတိုင်းဖြစ်ပါတယ်။

**ပါတီရဲ့မူသဘောမှာ** - မိမိအကျိုးစီးပွားနှင့်ပါတီအကျိုးစီးပွားယှဉ်လျှင် ပါတီအကျိုးစီးပွားကို ဦးစားပေးပါ။ ပါတီအကျိုးစီးပွားနှင့်အမျိုးသားအကျိုးစီးပွား ယှဉ်လာလျှင်၊ အမျိုးသား အကျိုး စီးပွားကို ဦးစားပေးပါ။ မူအရဖွဲ့စည်းပုံအခြေခံ ဥပဒေလေ့လာရာတွင် ပါတီအကျိုးစီးပွားထက် တစ်မျိုးသားလုံးရဲ့အကျိုးစီးပွားကိုရှေ့တန်းတင်ပြီး သုံးမယ်၊ ပြင်မယ်၊ ဖျက်မယ် မူအရ ဖြစ်ပါတယ်။ အများစံထားသည့် အမေရိကန်ဖွဲ့စည်းပုံအခြေခံဥပဒေသည်ပင်လျှင် (၂၇) ကြိမ်တိုင်အောင် ပြင်ခဲ့ပြီးဖြစ်ပါတယ်။

**စီးပွားရေးမူဝါဒမှာ** - လေးချောင်းထောက်စီးပွားရေးမူဝါဒဖြစ်ပါတယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးကို ရယူခဲ့ကြသော ခေါင်းဆောင်ကြီးများဟာ မြန်မာပြည်ဒုတိယကမ္ဘာစစ်ကြီးဒဏ်နှင့် ပြည်တွင်းစစ်မီးကြီးလောင်မြိုက်ချိန်၊ ငြိမ်ဝပ်ပိပြားမှု အားနည်းနေချိန်မှာပင် စုပေါင်းဦးဆောင်၊ စုပေါင်းဆောင်ရွက်ပြီး ပြည်တွင်းလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များအား အလေးပေးဆက်ဆံပြီး ဆောင်ရွက်ခဲ့သဖြင့် အရှေ့တောင်အာရှမှာ ထိုင်း၊ စင်ကာပူတို့မှပင် နမူနာယူခဲ့ကြရပါတယ်။

အောင်မြင်မှုမှာ ဖခင်ပေါင်းတစ်ထောင်ရှိတယ်၊ ဆုံးရှုံးမှုမှာ ဖခင်မဲ့ဆိုစကားရှိသဖြင့် ပြည်တွင်း အင်အားပြည်တွင်းမှာသာရှိ ဆိုသကဲ့သို့ ပြည်တွင်းလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များအား အားပေးတိုင်ပင်ပြီး ကျွန်တော်တို့ ဆောင်ရွက်ပါမယ်။

ကမ္ဘာ့စီးပွားရေးအင်အားဟာ အနောက်မှအရှေ့သို့ ရွေ့လျားနေစဉ် ကျွန်တော်တို့နိုင်ငံသည် ကုန်သွယ်လမ်းကြောင်းရဲ့ အဓိကနေရာမှာ နေရာယူဖော်ဆောင်နိုင်လျှင် အာဆီယံမှာထိပ် ပြန်ရောက်နိုင်ပါတယ်။

**ပညာရေးနှင့်ကျန်းမာရေး**- ကျွန်တော်တို့ပါတီရဲ့မူဝါဒမှာ အရွယ်ရောက်သူတိုင်း ပညာသင် ကြားခွင့်နှင့်ဝါသနာပါရာကို သင်ယူနိုင်စွမ်းရှိခွင့်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး၊ အထက်တန်း ကျောင်းနှင့် စက်မှုလက်မှုအထက်တန်းကျောင်းများကို တိုင်းနှင့် ပြည်နယ် (၁၄)ခုတွင် ပိုမို ဖွင့်လှစ်နိုင်ရေးနှင့်ကလေးသူငယ်မွေးဖွားနှုန်းတိုးတက်ရေး၊ ကလေးသူငယ်သေဆုံးမှု ကျဆင်းရေးကို ဦးစားပေးပါမယ်။

**လူမှုရေး**-ကလေး(၄)ယောက်နှင့် အထက်ရှိသောမိသားစုများ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်ရေး ရန်ပုံငွေဖွင့်လှစ်ထားရှိခြင်း၊ သက်ကြီးရွယ်အိုနှင့်ခိုကိုးရာမဲ့ ကိုယ်ခန္ဓာမသန်စွမ်းသူများ အလုပ်အကိုင်ဖန်တီးနိုင်ရေးတို့ဖြစ်ပါတယ်။

**အလုပ်သမား၊ လယ်သမားကဏ္ဍ**- အလုပ်ရှင်လည်းကြီးပွား၊ အလုပ်သမားလည်း ချမ်းသာမှုအရ၊ အများပိုင်ကုမ္ပဏီများနှင့် လုပ်ငန်းခွင်၌ အလုပ်သမားမှ အစုရှယ်ယာထည့်ပိုင်ခွင့်ရှိသော ကုမ္ပဏီကို အခွန်စည်းကြပ်မှု လျှော့ပေါ့ရေးမူချမှတ်ခြင်း၊ စက်ရုံ၊ အလုပ်ရုံတည်ထောင်သော လုပ်ငန်းရှင်များအား ဝန်ထမ်းအိမ်ရာစနစ်ပါသော စက်ရုံ၊ အလုပ်ရုံများအား ဦးစားပေးလုပ်ခွင့်ပြုခြင်း၊ တန်ဖိုးနည်းအိမ်ရာအစား အိမ်ငှားစနစ်ကို ဦးစားပေးချထားခြင်းစနစ်ကျင့်သုံးခြင်း၊ ဝန်ထမ်းအိမ်ရာစနစ် တိုးမြှင့်ခြင်း၊ အိမ်အကူအလုပ်သမားများအား တရားဝင်မှတ်ပုံတင်ပြုလုပ်၍ ငှားရမ်းရန်တို့ဖြစ်ပါတယ်။

**လယ်ယာကဏ္ဍ၌** လယ်လုပ်သူ လယ်ပိုင်ခွင့်ရှိစေရမည် မူအရ လယ်ယာမြေ အငြင်းပွားမှုများအား တည်ဆဲဥပဒေများဖြင့် အခါမလွန်အောင် ဆုံးဖြတ်ပေးခြင်း၊ သီးနှံဈေးနှုန်းများအား နိုင်ငံတော်မှ စံအဖြစ် သတ်မှတ်ပေးခြင်း၊ ဝယ်ယူပေးခြင်း စီမံကိန်းရေးဆွဲရန်နှင့် တောင်သူများအား အာဆီယံနိုင်ငံများရှိ တောင်သူများနှင့် အပြန်အလှန် ဒေသဖွံ့ဖြိုးမှု ဆည်းပူးနိုင်ရန် စီမံကိန်းဆောင်ရွက်ရပါမယ်။



**ငြိမ်းချမ်းရေးပေါ် သဘောထားအမြင်**မှာ - နှစ်ပေါင်း (၆၀) ကျော် လောင်မြိုက်သောစစ်မီးကို တစ်ခါတည်းနဲ့ မငြိမ်းသတ်နိုင်ပါ။ ယခုလို ငြိမ်းချမ်းရေးညီလာခံ (၂၁-ရာစုပင်လုံ) ကြီးတွင် မညီမျှမှုများအား ကိုယ့်သဘောတရားကို နောက်ထားပြီး တစ်ပါးသူရဲ့အမြင်ကို ဦးစားပေး၍ ဆွေးနွေးပါလျှင် အောင်မြင် မည်မုချဖြစ်ပါတယ်။ မြန်မာပြည် ကံကောင်းချိန်မှာ သက်ဆိုင်သူ အသီးသီးဉာဏ်ကောင်းကြပါစေ၊ နှလုံးသားကို ရှေ့တန်းမတင်ဘဲ ဦးနှောက်ကိုရှေ့တန်းတင်၍ ဆွေးနွေးကြလျှင် အနာဂတ် မြန်မာနိုင်ငံတော်ကြီးသည် ထွန်းတောက်သည့် တက်နေဝန်းကဲ့သို့ ဖြစ်လာပါလိမ့်မည်။ **တကယ်တမ်းတော့ ကျွန်တော်တို့အားလုံးဟာ မြန်မာနိုင်ငံသားများသာ ဖြစ်ပါတယ်** ဆိုတာကို မမေ့သင့်ပါ။

နိဂုံးချုပ်အနေဖြင့် လေးစားရပါသော မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့ခင်ဗျား။ လွှတ်တော်ဆိုတဲ့ နိုင်ငံရေးကစားကွင်းဟာ နိုင်ငံရေးသမား လွှတ်တော်ကိုယ်စားလှယ်များအတွက်ဖြစ်သည့်အတိုင်း မြန်မာနိုင်ငံသူ နိုင်ငံသားများအနေနှင့် ရွေးကောက်ပွဲကြီးမှာ ပါတီကိုမကြည့်ဘဲ နိုင်ငံရေးသမားစစ်စစ်ကိုသာ ရွေးချယ်ပြီး မဲပေးကြပါလို့ တင်ပြရင်း နိဂုံးချုပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား ....။

## တူညီဆန္ဒ

**တေးရေး-ထွင့်ခေါင်တင်**
**တေးဆို-စန္ဒာ**

- ရောင်နီလင်းဖြာ နေခြည်သာလှတာ၊ နံနက်ခင်းရဲ့ မင်္ဂလာပါ၊
ထွန်းလင်းတောက်ပ တို့ပြည်ရွာ၊ ညီညွတ်ခြင်းနဲ့ လက်တွဲညီခါ၊
မဲရုံကို သွားကြမယ်ကွာ။
- ရွှေလီဝင်းဝါ ချိန်ခါသမယမှာ၊ အရုဏ်ဦးရဲ့ တေးသံဖြာ
နိုးကြားထက်မြက် တို့ပြည်မြန်မာ၊ တူယှဉ်နွှဲလို့ ပေါင်းစုညီခါ၊
မဲရုံကို သွားကြမယ်ကွာ။
- (မဲပေးကြမှာ)၂ ပြည်သူ့အကျိုးပြုပြည်သူ့ပါတီ၊
ဒီမိုကရက်တစ်ပါတီအား မဲပေးကြမယ်ကွာ။
- အသည်းကြားက မဲတစ်ပြားမှာ ၊ တန်ဖိုးကြီးစွာ မဲပေးကြတော့
မှာ၊ ပြည်သူ့အတွက် အားထားရာ ဒီမိုကရက်တစ်ပါတီပါ၊
တူညီဆန္ဒမဲပေးကြမှာ၊ ဝမ်းမြောက်ကြည်သာ
ပြည်သူ့အတွက် နှိုးဆော်လိုက်ပြီကွာ။

# ကြက်သွန်နီလက်ကားတစ်ပိဿာ ၂၀၀၀ ကျပ် အထက်ရောက်၊ ခွဲတမ်းစနစ်ဖြင့် ရောင်းချ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရန်ကုန်ဘုရင့်နောင်ပွဲရုံဝင်းတွင် ဇန်နဝါရီ ၃၁ ရက် ဆိပ်ဖြူကြက်သွန်နီလက်ကားတစ်ပိဿာ ဒိုင်ဖွင့်ဈေးလတ်သန့် ငွေကျပ် ၁၈၀၀၊ ရှယ်နှင့် လတ်ကြီး ငွေကျပ် ၁၉၀၀နှုန်းရှိပြီး ပုံမှန်ဝယ်ယူသူများကိုသာ တစ်ယောက်လျှင် သုံးအိတ်ခွဲတမ်းချရောင်းချမှုရှိသည်ဟု သိရသည်။ တစ်ပိဿာလျှင် ဒိုင်ဈေးထက် ငွေကျပ် ၁၀၀ ဝန်းကျင်အပိုပေးဝယ်မှ ထပ်မံကြက်သွန်ဝယ်ယူ၍ရသည်။ ယင်းအပိုပေးရငွေ တစ်ပိဿာ ငွေကျပ် ၁၀၀ ဝန်းကျင် တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀ ဝန်းကျင်သည် နယ်မှကြက်သွန်နီ ပို့ကုန်သည်များမရဘဲ ရန်ကုန်ဈေးကွက်တွင် ရောင်းချသူများသာရရှိသည်ဟု ညောင်ပင်လေးဈေးမှ ဈေးဝယ်လာသူများ၊ နယ်ပို့အဝယ်တော်များက ပြောသည်။

မြစ်သားကြက်သွန်နီမှာမူ အရွယ်အစားမရွေး(ဒုံး) တစ်ပိဿာလက်ကား ငွေကျပ် ၂၀၅၀ ဟု သိရသော်လည်း ဝယ်ယူရာတွင် ခဲယဉ်းမှုကြုံတွေ့ရသည်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ဆိပ်ဖြူကြက်သွန်နီတစ်ပိဿာ ၃၂၅ကျပ်၊ ၄၇၅ ကျပ် ၊ ၅၇၅ ကျပ်နှုန်း၊ မြစ်သား ငွေကျပ် ၆၂၅၊ ၇၅၀၊ ၇၇၅၊ ၈၀၀ နှုန်း၊ ရှမ်းကြက် သွန်ဖြူ အောင်ပန်းတစ်ပိဿာ ငွေကျပ် ၃၆၅၀၊ ၃၈၀၀၊ ၃၉၀၀၊ ၄၀၀၀ နှုန်း ၊ အာလူးတစ်ပိဿာ ငွေကျပ် ၃၅၀၊ ၄၅၀၊ ၅၀၀၊ ၅၀၀၊ ၅၀၀ နှုန်းသာရှိရာ ယခုနှစ် ဇန်နဝါရီလကုန် ဈေးနှုန်းသည် ယခင်နှစ်ကာလထက် များစွာဈေးမြင့်နေပြီး ရန်ကုန်ဈေးကွက်တွင် အထူးသဖြင့် ဈေးနှုန်းစံချိန်တင်မြင့်သော်လည်း အဝယ်ခက်နေသည်ဟု သိရသည်။

ရန်ကုန်ဈေးမြှင့်တင်၍ နယ်ဈေးမြင့်လာရခြင်းသာဖြစ်သော်လည်း နယ်ဈေးမြင့်၍ ရန်ကုန်ဈေးမြင့်လာရသည်ဟု ပြောဆိုခြင်းဖြင့် ရန်ကုန်ဈေးကွက်တွင် ဈေးမြှင့်တင်မှုများကြောင့် လှောင်သမား၊ ရောင်းချသူများ အကျိုးအမြတ်များစွာ ရရှိသော်လည်း စိုက်ပျိုးထုတ်လုပ်သူများမှာ ထူးခြားသော ဝင်ငွေမျိုး ရရှိမှုနည်းနေဆဲဟု သိရသည်။

မျိုးတူပြည်ပကုန်စည်ဈေးနှုန်းထက် လွန်ကဲစွာ ပြည်တွင်းတွင် ဈေးနှုန်းတိုးမြှင့်တတ်သည့် အလေ့အထ ရန်ကုန်ဈေးကွက်တွင် ခိုင်မာစွာကျင့်သုံးလာသဖြင့် ပြည်ပမျိုးတူကုန်စည်ဈေးနှုန်းများထက် ဈေးနှုန်းမြှင့်တင်ရောင်းချနေမှုများအပေါ် စားသုံးသူများအကျိုးအတွက် သက်ဆိုင်ရာမှ အလေးထားဆောင်ရွက်ပေးသင့်သည်ဟု နယ်ပို့အဝယ်တော် ကိုထွန်းက ပြောသည်။

လှောင်သမားတို့ ကြက်သွန်နီဝယ်ယူလေ့ရှိသည့် မတ်လ ဝန်းကျင်ပြည်တွင်း ကြက်သွန်နီဈေးနှုန်းသည် အကြမ်းဖျင်း တစ်ပိဿာငွေကျပ် ၃၀၀ ဝန်းကျင်သာ ဈေးနှုန်းရှိတတ်သည်။ သို့သော် လှောင်လက်တို့ ထုတ်ရောင်းချိန် အထူးသဖြင့် နှစ်ကုန်လများတွင်အကြောင်း အမျိုးမျိုးပြ၍ ပြည်ပကြက်သွန်နီဈေးထက် လွန်ကဲစွာ ဈေးနှုန်းတင်ရောင်းချမှုများ ရန်ကုန်ဈေးကွက်တွင် မကြာခဏတွေ့ကြုံခဲ့ရသည်။

၂၀၀၆ ခုနှစ်၊ ၂၀၀၉၊ ၂၀၁၀ ဝန်းကျင်တို့တွင် ပြည်တွင်း ကြက်သွန်နီဈေးမြင့်တက်မှုကြောင့် ပြည်ပကြက်သွန်နီများ ပြည်တွင်းသို့ဝင်ရောက်လာရာမှ ပြည်တွင်းဈေးနှုန်းတစ်ပိဿာ အလုံး ကြီးလက်ကားဈေးနှုန်း ငွေကျပ် ၃၇၀၀ အထိဈေးမြင့်ခဲ့သော ၂၀၁၅ ဒီဇင်ဘာလဆန်းပိုင်းတွင် တရုတ်-အိန္ဒိယကြက်သွန်နီများ ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်လာမှုကြောင့် ဈေးနှုန်း ထပ်မံမြင့်တက်မှုမရှိဘဲ ဈေးကျဆင်းလာသည်။

ဈေးကွက်စီးပွားရေးအရ ဈေးနှုန်းထိန်းချုပ်မှုမရှိနိုင်သော်လည်း ပြည်ပဈေးနှုန်းများထက် ဈေးမြှင့်တင်နေသော ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သည့် ကြက်သွန်နီ၊ ဖြူ၊ အာလူး၊ ထန်းလျက်ဈေးနှုန်းများသည် နှစ်စဉ် ပုံမှန်ဈေးနှုန်းများထက် များစွာကြီးမြင့်ဝယ်ယူစားသုံးနေရသော စားသုံးသူအများစု ခံစားနေရသည့် ဝိသမလောဘဇောကြောင့် ဖြစ်ပေါ်နေသည်ဟု ယူဆရသည်။ ကုန်ဈေးနှုန်းအချို့ကြီးမြင့်နေရမှုအပေါ် သက်ဆိုင်ရာမှ အလေးထားဆောင်ရွက်ပေးသင့်သည်ဟု ပြောဆိုမှုများ ကြားသိရသည်။

**ခင်ဆိုင်**

# ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးစည်းဝေး

**လားရှိုး ဖေဖော်ဝါရီ ၁**

လားရှိုးမြို့ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို လားရှိုးမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးရုံးအစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၃၁ ရက်က ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေး မှူး ဦးကောင်းစံလင်းက အမှာစကားပြောကြားပြီး ကော်မတီအဖွဲ့ဝင်များကလုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချမှတ်မှုအခြေအနေ၊ လုပ်ငန်း လိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇော်လွင် (လားရှိုး)**

## မီးလောင်မှုဖြစ်ပွားလျှင်

(၁) မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့် ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။

(၂) မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှု မများနိုင်ပါ။

(၃) အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ဈေးဆိုင်တိုင်းတွင် D.C.P (Dry Chemical Powder Extingulsher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

**မီးသတ်ဦးစီးဌာန**

# အလုပ်အကိုင်အခွင့်အလမ်း ပိုမိုပေးအပ်နိုင်ရန် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆက်တိုက်ပြုလုပ်နေ

**သတင်း -ခင်ရတနာ၊ ဓာတ်ပုံ - သော်တာဝင်း**

ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အလုပ်သမားအရေးကိစ္စများအတွက် စီမံကိန်းများရေးဆွဲညှိနှိုင်းသည့် Migration Stakeholders အစည်းအဝေးကို ယနေ့နံနက်က နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပခဲ့သည်။ ဩစတြေးလျနိုင်ငံ Department of Foreign Affairs and Trade အကူအညီဖြင့် လုပ်သားရွှေ့ပြောင်းသွားလာခြင်းမှ အာဆီယံဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုအပေါ် အထောက်အကူပြု တိုးတက်လာစေရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိသည့် ILO Tripartite Action လုပ်ငန်းအစီအစဉ် ၂၀၁၅-၂၀၂၅ ခုနှစ်နှင့် Livelihood and Food Security Trust Fund ရန်ပုံငွေအရ ဆောင်ရွက်လျက်ရှိသည့် Developing International and Internal Migration Governance လုပ်ငန်းအစီအစဉ် ၂၀၁၆-၂၀၁၈ ခုနှစ် အပါအဝင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့က ဆောင်ရွက်နေသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ လုပ်ငန်းစီမံကိန်း (2017 ILO Labour Migration Workplan) များကို ရေးဆွဲအတည်ပြုသည့် အစည်းအဝေးဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံကိန်းများအတွင်း အကြံဉာဏ်များ ပေးအပ်နိုင်စေရေးနှင့် ကော်မတီတစ်ရပ် ဖွဲ့စည်းနိုင်ရေးအတွက် သုံးပွင့်ဆိုင်စီမံချက်လုပ်ငန်းများကို ယခင်ကလည်း ကျင်းပစည်းဝေးခဲ့ပြီးဖြစ်သည်။ ယခု အစည်းအဝေးကို ၂၀၁၆ ခုနှစ် ရွှေ့ပြောင်းသွားလာခြင်း လုပ်ငန်းစီမံချက်များကို သုံးသပ်အကဲဖြတ်နိုင်ရန် ပါဝင်ဆောင်ရွက်သူများ၏ အကြံပြုချက်များဖြင့် ၂၀၁၇ ခုနှစ်အတွက် လုပ်ငန်းစီမံချက်အပါအဝင် နည်းဗျူဟာနှင့် လုပ်ငန်းဆောင်ရွက်မှုများ တိုးတက်လာစေရန်နှင့် ၂၀၁၇ ခုနှစ်အတွက် လုပ်ငန်းစီမံချက်များကို အတည်ပြုကြရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။




မြန်မာနိုင်ငံ၌ ရွှေ့ပြောင်းသွားလာသည့်လုပ်ငန်းစဉ်များကို ၁၉၉၀ ပြည့်နှစ်ကတည်းက ဆောင်ရွက်ခဲ့ပြီး ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားများအတွက် ရွှေ့ပြောင်းအလုပ်သမားဌာနခွဲကို ၂၀၁၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ရွှေ့ပြောင်းသွားလာခြင်းလုပ်ငန်းစဉ်တွင် မသွားရောက်မီ ကြိုတင်ပြင်ဆင်ခြင်း၊ ရောက်ရှိပြီး အလုပ် လုပ်ခြင်း၊ မိခင်နိုင်ငံသို့ ပြန်လာခြင်းနှင့် မိသားစုပြန်လည်ပေါင်းစည်းခြင်းတို့ ပါဝင်သည်။ အဆိုပါ ရွှေ့ပြောင်းသွားလာမှု လုပ်ငန်းစဉ်များတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO)၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) နှင့် UN အဖွဲ့အစည်းများ၊ အခြားသော လူမှုအဖွဲ့အစည်းများက အလုပ်သမားရေးရာ ကာကွယ်စောင့်ရှောက်မှုများ ပေးအပ်နိုင်ရန်အတွက် ကဏ္ဍအလိုက် ကူညီပေးလျက်ရှိသည်ကို မြင်တွေ့ရသည်။

အဆိုပါအခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ တက်ရောက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ကောင်းမွန်သည့် ရွှေ့ပြောင်းသွားလာမှု ဖြစ်စေရေးအတွက် ရည်ရွယ်ချက်ချင်းတူညီပြီး လုပ်ဆောင်သည့်အတွက် ILO/IOM တို့မှ ကဏ္ဍများခွဲခြားလုပ်ကိုင်ရန် ယခုအစည်းအဝေးအတွင်း လုပ်ကိုင်မည့် အစီအစဉ်များကို ဆွေးနွေးပေးစေလိုကြောင်း ပြောကြားခဲ့ပြီး အဖွဲ့အစည်းအသီးသီးကလည်း ရွှေ့ပြောင်းအလုပ်သမားရေးရာ ကိစ္စရပ်များအတွက် ချပြဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

ထို့အပြင် ကုလသမဂ္ဂမှ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေး၊ ရွှေ့ပြောင်းသွားလာမှုအတွက် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ကုန်ကျစရိတ်များ လျှော့ချနိုင်ရေး၊ ရွှေ့ပြောင်းသွားလာမှု အကျိုးတရားများ အများဆုံးရရှိနိုင်ရေးတို့အတွက် သင့်တော်ကောင်းမွန်သည့်မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်ကာ မြှင့်တင်လျက်ရှိသည်ကို မြင်တွေ့ရသည်။

မြန်မာအစိုးရအနေဖြင့်လည်း ကမ္ဘာပေါ်၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးသည် အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်လာခြင်းကြောင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ချမှတ်ကာ ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပ အလုပ်သမားအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

## မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ်များ ဖိတ်ခေါ်ခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ကြီးမှူးကျင်းပမည့် ၂၀၁၇ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အကြိမ်(၂၀) မြောက် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ခေါင်းစဉ်အဖြစ် အသုံးပြုရန်အတွက် ဆောင်ပုဒ်(၅)ခု ရွေးချယ်မည်ဖြစ်ပါ၍ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပါသည်။

(၁) တစ်ဦးလျှင် ဆောင်ပုဒ် (၂) ခုစီ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။
(၂) ဆောင်ပုဒ် (၁) ခုချင်းစီအား မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ယှဉ်ပြိုင်ရမည်။
(၃) မြန်မာဘာသာအတွက် Font size- 13, Myanmar-3 ဖြင့် လည်းကောင်း၊ အင်္ဂလိပ်ဘာသာအတွက် Font size -12 , Myanmar -3 ဖြင့်လည်းကောင်း ယှဉ်ပြိုင်ရမည် ဖြစ်သည်။
(၄) ပြိုင်ပွဲဝင် ဆောင်ပုဒ်များအား ၁၃-၂-၂၀၁၇ ရက်နေ့အရောက် ပေးပို့ယှဉ်ပြိုင်ရမည်။
(၅) ဆောင်ပုဒ်ယှဉ်ပြိုင်သူများသည် Fax ၀၆၇ - ၄၁၂၅၄၄ နှင့် Email ccdacpm@gmail.com သို့ ပေးပို့ရမည်။
(၆) ဆောင်ပုဒ်ယှဉ်ပြိုင်သူများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် အမည်၊ နေရပ်လိပ်စာ ပြည့်စုံစွာ ပါရှိရမည်။

မှတ်ချက်။ **မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီး ပြည်သူအားလုံးမှ တက်ကြွစွာ ပူးပေါင်းပါဝင် ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

(မူးယစ်ဗဟို)

## ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက် (Telecommunications Numbering Plan) ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနသည် ဆက်သွယ်ရေးနံပါတ်ဆိုင်ရာနည်းဥပဒေများ အခန်း(၂) အပိုဒ်(၃)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲအတည်ပြုခဲ့သည့် ဆက်သွယ်ရေးနံပါတ် လျာထားသတ်မှတ်ချက်(Telecommunications Numbering Plan )ကို ဇန်နဝါရီ ၃၁ ရက်က ထုတ်ပြန်ပြီးဖြစ်ပါသဖြင့် ဝန်ကြီးဌာန၏ Website ဖြစ်သည့် www.motc.gov.mm/ news/ptd-news တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးတင်ပြထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

**ပျောက်ဆုံးကြောင်း**

AYEYARWADDY TOE FAMILY Co., Ltd အမည်ဖြင့် IDNO 764226 17-11-15 မော်တော်ယာဉ်မှုရင်းစာရွက်များ ပျောက်ဆုံးသွားပါကြောင်း။ ဖုန်း-၀၉-၃၁၈၇၈၉၈၂

**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 6B/6417၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွှာသာကြီး)

**ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်**
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ)
အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
ဖေဖော်ဝါရီ (၄/၉)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
ဓနွ - Essay, Letter လက်ခံပြီ။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့
Ph: 01-375970, 0951 72096, 09254541441

**တံတားဦးစီးဌာနတည်ဆောက်ရေးအဖွဲ့(၁)**
**တံတားအထူးအဖွဲ့(၁)**
**တည်ဆောက်ရေးပစ္စည်းတင်ဒါခေါ်ယူခြင်း**
**၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်**
**တင်ဒါအမှတ်စဉ်(၅/၂၀၁၆-၂၀၁၇)**

ရက်စွဲ၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်

(က) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁)မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ကချင်ပြည်နယ်အတွင်းရှိ ပြည်ထောင်စု/ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော တည်ဆောက်ရေးပစ္စည်းများအား လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | |
|---|---|
| **တင်ဒါလျှောက်လွှာစတင်ရယူနိုင်သည့်ရက်** | - ၂-၂-၂၀၁၇ ရက် |
| **တင်ဒါတင်သွင်းရမည့်ရက်အချိန်** | - ၁၆-၂-၂၀၁၇ ရက်၊ နံနက် ၉:၃၀ နာရီ |
| **တင်ဒါဖွင့်မည့်ရက်၊ အချိန်** | - ၁၆-၂-၂၀၁၇ ရက်၊ နံနက် ၁၀:၀၀ နာရီ |
| **တင်ဒါတင်သွင်းရမည့်နေရာ** | - ဒုညွှန်ကြားရေးမှူးရုံး တံတားအထူးအဖွဲ့(၁)၊ မြစ်ကြီးနားမြို့ |

(ခ) တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များအား ဒု-ညွှန်ကြားရေးမှူးရုံး၊ တံတားအထူးအဖွဲ့(၁)၊ မြစ်ကြီးနားမြို့တွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၁)**
ဖုန်း-၀၇၄-၂၂၁၉၇၊ ၀၉-၈၇၁၁၈၅၇၅၅၊ ၀၉-၂၅၃၇၈၈၂၀၀

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆-ဘီ)၊ မြေကွက်အမှတ်(၁၄-စီ/၂-စ)၊ ဧရိယာ ၀ ဒသမ ၂၅၁ ဧကရှိ မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၀၂-ဘီ)၊ အင်းလျားလမ်းသွယ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အဆောက်အအုံနှင့် တွယ်ကပ်တပ်ဆင်ထားသည့် ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် အမည်ပေါက်တည်ရှိသူ ဒေါ်အေးအေးသန်း ၂/လကန(နိုင်)၀၁၃၉၆၅ မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအဖြစ်(ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မွန်မွန်ချို(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၃၂၉၉)**
**အမှတ် ၁၂၂၊ ပထမထပ်(ယာ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆**

**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 8E/6684၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွှာသာကြီး)

**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ယ/ ၂၆၄၀၄ Honda Wave 125 M/C ယာဉ် လက်ဝယ်ရှိသူ ဒေါ်စောတင်ယုခိုင် ၉/မရမ(နိုင်)၀၀၅၇၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်သည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၈U10)၊ မြေကွက်အမှတ်(၄၇၇)၊ မြေကွက်တည်နေရာအမှတ်(၄၇၇)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၈U10) ရပ်ကွက်၊ ဒဂုံမြောက် ဦးလှသန်း အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအား ဦးလှသန်း ၁၂/ဒဂန(နိုင်)၀၀၄၂၉၀ မှ နှစ်(၆၀) ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်များနှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း**

ကျွန်တော် ဦးဆွေတင့် (၁၂/ပဗတ(နိုင်)၀၂၄၃၄၀) နှင့် ဒေါ်မိုးသက်နှင်း (၁၂/ဗတထ(နိုင်)၀၂၁၈၀၃) တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် (၁၂-၅-၂၀၁၅)နေ့တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်တရားရုံး၌ တရားဝင် ကွာရှင်းပြီးစီးပါကြောင်း သိစေအပ်ပါ သည်။

ဦးဆွေတင့်
(၁၂/ပဗတ(နိုင်)၀၂၄၃၄၀)

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မော်လမြိုင်ကျွန်းမြို့နယ်၊ ဝဲဒေါင့်-ဝက်ကွင်း အထက(ခွဲ)မှ မစုဝေအောင်၏ ဖခင် ဦးအောင်မင်းဆွေ(ခ)ဦးမင်းမင်းမှာ တစ်ဦးတည်းဖြစ်ပါသည်။

**လူပျောက်ကြော်ငြာ**



အထက်ဖော်ပြပါဓာတ်ပုံရှင် မစန္ဒီဝင်း ၈/ပခက(နိုင်)၁၇၄၈၉၃ သည် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့ အမှတ်(၂)စွန်သိုက်ရပ် အောင်တော်မူလမ်းနေအိမ်မှ ၂၀-၁-၂၀၁၇ တွင် လက်ဝတ်ရတနာအပြည့်အစုံနှင့် ငွေသားအချို့တို့ဖြင့် ထွက်ခွာသွားရာ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

သွေးဆောင်ဖြားယောင်းပြီး လက်ခံထားသူများအား တရားဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဖုန်း-၀၉-၃၃၂၃၂၉၆၇၊ ၀၆၂-၂၂၉၃၅၊ ၀၉-၇၆၇၉၆၅၁၂၂**
**မောင်ကျော်သက် ၈/ပခက(နိုင်)၁၅၀၁၃၀**

**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ကျွန်တော် ဦးစိုင်းမောင်ဝင်း ၁/မကန(နိုင်)၀၈၂၄၄၁ နှင့် ကျွန်မ ဒေါ်နန်အောင် ၁/မကန(နိုင်)၀၇၁၃၅၄၏ သမီး မဒွဲဆိုင်းအောင် ၁/မကန(နိုင်)၁၅၄၆၄၇သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးစိုင်းမောင်ဝင်း- ဒေါ်နန်အောင်**

# မိုးညှင်းမြို့နယ်၌ အမိုးနီယမ်နိုက်ထရိတ်အိတ်များ ဖမ်းဆီးရမိ၊ ဒေသန္တရလက်လုပ်မိုင်း တွေ့ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်းရှိ အင်ကြင်းကုန်းကျေးရွာ လမ်းဆုံ၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက UD အမျိုးအစား ၁၂ ဘီးယာဉ်များပေါ်မှ အမိုးနီယမ်နိုက်ထရိတ်အိတ်များ ဖမ်းဆီးရမိခဲ့သည်။

တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်က ယာဉ်ဝင်ထွက် သွားလာမှုများကို စစ်ဆေးစဉ် မန္တလေးမှ ဖားကန့်ဘက်သို့ ယာဉ်မောင်း မိုးကျော်နှင့် ဝေဇင်လတ်မောင်းနှင်လာသော UD အမျိုးအစား ၁၂ ဘီးယာဉ်များပေါ်မှ အမိုးနီယမ်နိုက်ထရိတ် အိတ် ၆၀၀၊ ကာလတန်ဖိုး ငွေကျပ်သိန်း ၃၀၀ ခန့်ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ကို မိုးညှင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးသို့ စနစ်တကျလွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

အလားတူ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်နှင့် မော်ဟန်မြို့သို့ သွားသည့် ၁၀ မိုင်ရွာသစ်နှင့် မော်ဟန်မြို့ကြား၌ ယမန်နေ့ညနေ ၅ နာရီခန့်က မိုင်းတစ်လုံး တွေ့ရှိခဲ့ပြီး တပ်မတော်သားများ သွားရောက်ရှင်းလင်းရာ အဆိုပါမိုင်းမှာ စစ်ကျန်ဗုံးသီးဖြစ်ပြီး အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲရန်အတွက် စီစဉ်ထားသော မိုင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)၊ ဓာတ်ပုံ-နီတိုး**



# မူးယစ်ဆေးဝါးသုံးစွဲနေသူများကို နယ်မြေခံပူးပေါင်းအဖွဲ့က ဖမ်းဆီး

**တောင်ကြီး ဖေဖော်ဝါရီ ၁**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် အမှတ်(၄) ကျေးရွာစက်မှုဇုန်(၂)ရှိ ခြံတစ်ခုအတွင်း၌ ယာယီတဲတစ်လုံးအတွင်း၌ ဇန်နဝါရီ ၃၁ ရက်က မူးယစ်ဆေးဝါးသုံးစွဲရောင်းချနေကြောင်း သတင်းအရ သက်ဆိုင်ရာနယ်မြေခံအဖွဲ့က ဖမ်းဆီးခဲ့ရာ မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ယာယီမိုးကာတဲအတွင်း လှဝင်းဦး၊ ရဲဝင်းနိုင်၊ အောင်မျိုးဦး၊ စိုးညီညီထက်တို့ မူးယစ်ဆေးဝါးသုံးစွဲရန် ရောက်ရှိနေသည်ကို တွေ့ရှိရသဖြင့် ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၇ ပြား အလေးချိန် ၄၉ ဒသမ ၇ ဂရမ်ခန့်နှင့် ဆိုင်ကယ်တစ်စီးကို ရှာဖွေတွေ့ရှိ သိမ်းဆည်းခဲ့ပြီး အဆိုပါလေးဦးကို နမ့်စန်မြို့နယ် မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(၁၆၄)**

# ပြလို့ကျေးရွာ၌ ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ပွား

**အောင်လံ ဖေဖော်ဝါရီ ၁**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ပြလို့ကျေးရွာ ဦးဂျိုး၏ နေအိမ်၌ ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီ ၅၅ မိနစ်ခန့်က ထမင်းပေါင်းအိုးဖြင့် ထမင်းချက်ပြုတ်စဉ် ဝိုင်ယာရှော့ဖြစ်ပြီး ၎င်း၏ (၃)ပင်မြေစိုက် သွပ်မိုးထရံကာ ပျဉ်ခင်းအိမ်မှာ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုကြောင့် အိမ်ချင်းကပ်လျက်ရှိသော ဦးဌေးဝင်း၏ သွပ်မိုး ထရံကာ ပျဉ်ခင်းအိမ်သို့ ကူးစက်လောင်ကျွမ်းခဲ့ရာ ပြလို့ရဲတပ်ဖွဲ့စခန်းမှ ရဲအုပ်လှမြင့်၊ စကားတောင်ရဲတပ်ဖွဲ့စခန်းမှ ရဲအုပ်ကျော်စွာလတ်နှင့် တပ်ဖွဲ့ဝင်များ၊ ပြလို့ကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဒုတပ်ခွဲမှူး ဦးမျိုးဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၁၀ နာရီ ၁၅ မိနစ်တွင် မီးညွန့်ကျိုးခဲ့သည်။ ထို့ကြောင့် ဦးဂျိုးကို ဒုရဲဗိုလ်ရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**

## တရားမဝင်သစ်များနှင့် လက်နက်/ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ကယားပြည်နယ် မယ်စဲ့မြို့ဝန်းကျင်တစ်ဝိုက်၌ တပ်မတော်စစ်ကြောင်းနှင့် ပူးပေါင်း အဖွဲ့သည် နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ယနေ့ နံနက် ၉ နာရီခွဲခန့်က မယ်စဲ့မြို့၏ အနောက်တောင်ဘက် ၄ မိုင်ခန့်အကွာ၌ တရားမဝင် ကျွန်း၊ သစ်ရာ၊ ပျဉ်းကတိုးနှင့် အင်ကြင်းအမျိုးအစား သစ်လုံး စုစုပေါင်း ၃၁ လုံး(ခန့်မှန်း ၇ ဒသမ ၁ တန်ခန့်)နှင့် သစ်ရွက်များဖြင့် ဖုံးအုပ်ထားသည့် ပွိုင့်-၂၂ သေနတ် တစ်လက်၊ ယင်းကျည်အိမ် တစ်ခုနှင့် ယင်းကျည် လေးတောင့်တို့ကို ပိုင်ရှင်မဲ့ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ အဆိုပါ သိမ်းဆည်းရမိသစ်များကို မယ်စဲ့မြို့သစ်တောဦးစီးဌာနသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရုတ်ပြည်သို့ ထွက်ပြေးတိမ်းရှောင်နေသော လူကုန်ကူးသူအမျိုးသမီးတစ်ဦးကို ဖမ်းဆီးရမိ

**လွယ်ဂျယ် ဖေဖော်ဝါရီ ၁**

တရုတ်ပြည်သို့ ထွက်ပြေးတိမ်းရှောင်နေသော အမျိုးသမီးတစ်ဦးကို လွယ်ဂျယ် လူကုန်ကူးတားဆီးနှိမ်နင်းရေး... 

လွယ်ဂျယ် လူကုန်တားတပ်စိတ်(၂)က ဇန်နဝါရီ ၃၁ ရက်က လွယ်ဂျယ်မြို့ ဟိုတယ်တစ်ခု၌ ဖမ်းဆီးရမိလိုက်သည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၃၀ ရက် မြစ်ကြီးနားမြို့မရဲစခန်း ၂၀၁၇၊ လကက ပုဒ်မ ၂၄/၂၆(ခ)၊ (၂)လကတစု(၁၂) မြစ်ကြီးနားမြို့မှ လွယ်ဂျယ် လူကုန်ကူး တပ်စိတ် (၂)ထံသို့ လူကုန်ကူးသူ မနူးနူး(ခ)မခေါ်လွေ့(ခ) အက်လီဇဘက်ကို ကူညီစုံစမ်းဖမ်းဆီးပေးရန် အကြောင်းကြားချက်အရ တရုတ်နိုင်ငံ ရင်ကျန်းမြို့တွင် ရောက်ရှိနေသော မနူးနူးကို ဖမ်းဆီးရမိသူ ကျော်နိုင်နှင့် ဖုန်းဆက်သွယ်စေခဲ့ပြီး လွယ်ဂျယ်မြို့ ဟိုတယ်တစ်ခုသို့ ဇန်နဝါရီ ၃၁ ရက်က ရောက်ရှိလာစဉ် လွယ်ဂျယ် လူကုန်တား တပ်စိတ်(၂) ဒုရဲမှူး အောင်လွင်နှင့် တပ်ဖွဲ့၊ နယ်မြေခံရဲတပ်ဖွဲ့တို့က ဖမ်းဆီးရမိလိုက်သည်။

သို့ဖြစ်၍ မနူးနူး(ခ)မခေါ်လွေ့(ခ) အက်လီဇဘက် မိုးကောင်းမြို့နယ် စီတုံကျေးရွာနေသူကို မြစ်ကြီးနား မြို့မရဲစခန်းက ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရင်ငြိမ်းပန်း(လွယ်ဂျယ်)**



# မီးရထားဝန်ထမ်းတစ်ဦး ရေမြောင်းထဲပြုတ်ကျ သေဆုံး

**မော်လမြိုင် ဖေဖော်ဝါရီ ၁**

မော်လမြိုင်မြို့ မုပွန်ရပ်ကွက်ရှိ မီးရထားလိုင်းဝန်ထမ်း နားနေဆောင်ရိပ်သာရှေ့ ရေမြောင်းအတွင်း ဇန်နဝါရီ ၃၁ ရက်က မီးရထားဝန်ထမ်းတစ်ဦး ရေနစ်သေဆုံးနေကြောင်း သိရသည်။ သေဆုံးသူမှာ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့မီးရထားဝန်ထမ်း လိုင်းဝင်း လိုင်းခန်း၌နေသူ ဦးကျော်အောင်ဖြစ်ပြီး အရက်သေစာသောက်စားကာ အဆိုပါရိပ်သာရှေ့ အကျယ် ၁၀ ပေ၊ အနက် ခြောက်ပေ၊ ရေအနက် လေးပေခန့်ရှိ ရေမြောင်းဘေး၌ အပေါ့သွားရာမှ ရေမြောင်းအတွင်းသို့ ပြုတ်ကျ၍ ရေနစ်သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မုပွန်နယ်မြေရဲစခန်းက ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ် မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**




'ရလဒ်' ကောင်းဖို့ 'ကျောင်းကောင်း' ရွေးပါ
ညာ်သန်းနိုင် တည်ထောင်သည့် ကိုယ်ပိုင်အထက်တန်းကျောင်း
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် (ကက-၁၃/၄၄/၀၆၂)
ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာ မလိုတော့ပါ။ STUDY GUIDE နှင့် စာသင်၊ စာကျက်၊ စာစစ် စီစဉ်ပေးသည်။
၁၀ တန်း(မတ် ၁၅)၊ ၉ တန်း(ဧပြီ ၂၇)၊ ၈၊၇၊၆၊၅ တန်း (မေ ၄) စမည်။ ကျောင်းကား(ကြို/ပို့) ferry စီစဉ်ပေးသည်။
ကျောင်း ခြံအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀၂၀
၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းအပ် လက်ခံပါပြီ [ကြိုအပ်ခြင်းဖြင့် သေချာမှုကို ရယူပါ]
အဆင့်မြင့် ဘော်ဒါ
ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ [ဧပြီ ၂၇ ကျောင်းသူ၊ ဧပြီ ၂၉ ကျောင်းသား ဘော်ဒါ စ၊ ဝင်ရမည်]
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း ၀၁ ၃၉၇၉၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၄၄၃၊
FORWARD အဆင့်မြင့် စာသင်ဝိုင်း
၁၀ တန်း၊ ၉ တန်း၊ ၈ တန်း (ဘာသာစုံ)
၁၀ တန်း [ ဉာဏ်ရည်မြင့်(၆)ယောက်ဝိုင်း ] အထူးသီးသန့် ရှိသည်။
၁၀ တန်း(မတ် ၁၅)၊ ၉ တန်း(ဧပြီ ၂၇)၊ ၈ တန်း(ဧပြီ ၂၉) စ မည်။
ဝိုင်း အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၄၉၆၄၉၊ ၀၁ ၃၀၅ ၀၉၇၊
ကျောင်း(သို့) ဘော်ဒါ (သို့) စာသင်ဝိုင်း ကြိုက်ရာ ရွေးချယ် အပ်နှံနိုင်သည်။
Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 09 519 7726

ဆရာအာသာ SUCCESS (မြို့လယ်ကျောင်း) Language Academy
အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်၊ 202046,392048
လှည်းတန်းကျောင်းခွဲ ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232
ကလေးများအတွက် နွေရာသီ အင်္ဂလိပ်စာ
သူငယ်တန်းဖြေမှ (၉)တန်းဖြေ အတွက် 4-Skill English (Level 1 to 5)
Morning : 10 to 12 a.m.
Evening : 3 to 5 p.m.
Mon to Thurs (တစ်ပါတ် ၄ ရက်)
March 13 စမည်။
သင်တန်းကြေး-၇၀၀၀၀/
ကျောင်းကားစုံစမ်းနိုင်ပါသည်။
(၆+၇) တန်း ဖြေထားသူများအတွက် ၈ တန်းအထောက်အကူပြု Grammar သင်တန်းများ
သင်တန်းကြေး-၄၅၀၀၀/
7:30 - 9 (Mon to Thurs) Mar 13
1 - 2:30 (Mon to Thurs) Mar 13
တက္ကသိုလ်ဝင်တန်းအထောက်အကူပြု Letter Writing + Essay
(၆+၇) တန်းဖြေ - Level 1
(၈+၉) တန်းဖြေ - Level 2
သင်တန်းကြေး-၄၅၀၀၀/
7:30-10:30 (Sat + Sun) Mar 4 } စပါမည်
12 - 3:00 (Sat + Sun) Mar 4
လုပ်ငန်းခွင်ဝင်၊ နိုင်ငံခြားသွားလိုသူနှင့် အလုပ်ကောင်းရလိုသူများအတွက်
BASIC ENGLISH SPEAKING
1 - 4:00 (Sat + Sun) 29 Jan
6 - 7:30 (Mon~Thurs) 30 Jan
9 - 12:00 (Sat + Sun) 4 Feb
1 - 2:30 (Mon~Thurs) 6 Feb
BASIC FOUR SKILLS ENGLISH
6 - 7:30 (Mon~Thurs) 30 Jan
1 - 4:00 (Sat+Sun) 4,11 Feb
1 - 2:30 (Mon~Thurs) 6 Feb
3:30 - 5 (Mon~Thurs) 13 Feb
9 - 12:00 (Sat + Sun) 18 Feb
1 - 3:00 (Mon~Thurs) 22 Feb
BASIC GRAMMAR
10-11:30 (Mon~Thurs) 20 Feb
BASIC WRITING
10-12:00 (Mon~Thurs) 6 Feb
VOCAB ENRICHMENT
7:30 - 9 (Mon~Thurs) 20 Feb
9 - 12:00 (Sat+Sun) 26 Feb
PRE-INTERMEDIATE (4-SKILL ENGLISH)
6 - 7:30 (Mon~Thurs) 30 Jan
3:30 - 5 (Mon~Thurs) 6 Feb
1 - 4:00 (Sat + Sun) 18 Feb
10-11:30 (Mon~Thurs) 20 Feb
9 - 12:00 (Sat + Sun) 25 Feb
INTERMEDIATE (ACADEMIC ENGLISH)
1 - 2:30 (Mon~Thurs) 13 Feb
9:30-12:30 (Sat+Sun) 26 Feb
IELTS (Preparation)
1 - 3:30 (Mon~Thurs) 30 Jan
1 - 4:30 (Sat + Sun) 4 Feb
IELTS (Speaking + Vocab)
7:30 - 9 (Mon~Thurs) 23 Jan
IELTS (Reading + Vocab)
10-12:00 (Mon~Thurs) 30 Jan
IELTS (Writing+Grammar)
7:30 - 9 (Mon~Thurs) 30 Jan
BASIC ENGLISH SPEAKING
10-11:30 (Mon~Thurs) 30 Jan
3:30 - 5 (Mon~Thurs) 30 Jan
7:30 - 9 (Mon~Thurs) 13 Feb
1 - 2:30 (Mon~Thurs) 22 Feb
BASIC FOUR SKILLS ENGLISH
3:30 - 5 (Mon~Thurs) 30 Jan
6 - 7:30 (Mon~Thurs) 6 Feb
10-11:30 (Mon~Thurs) 8 Feb
1 - 2:30 (Mon~Thurs) 13 Feb
BASIC GRAMMAR
7:30-10:30 (Sat+Sun) 29 Jan
PRE-INTERMEDIATE (4-SKILL ENGLISH)
7:30 - 9 (Mon~Thurs) 30 Jan
6 - 7:30 (Mon~Thurs) 6 Feb
9 - 12:00 (Sat + Sun) 26 Feb
INTERMEDIATE (ACADEMIC ENGLISH)
3:30-6:30 (Sat + Sun) 4 Feb
6 - 7:30 (Mon~Thurs) 6 Feb
(၈+၉) တန်းဖြေထားသူများအတွက် တက္ကသိုလ်ဝင်တန်းအထောက်အကူပြု Letter Writing + Essay သင်တန်းများ ၄၅၀၀၀/
7:30-10:30 (Sat + Sun) 5 Mar
7:30-9:00 (Mon to Thurs) 6 Mar
(၆+၇) တန်း ဖြေထားသူများအတွက် ၈ တန်းအထောက်အကူပြု Grammar သင်တန်း
1 - 4:00 (Sat + Sun) March 4 ၄၅၀၀၀/

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/1231၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၅၈၀၉၇ Jianshe JS 110 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ထွန်းနိုင် ၇/သဝတ(နိုင်)၁၀၀၂၇၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (သာယာဝတီ)**

# အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ၌ ခုနစ်ကြိမ်မြောက် တံခွန်စိုက်ဆု ဝင်းဇော်ထွန်းဆွတ်ခူး

**ရန်ကုန် ဖေဖော်ဝါရီ ၁**

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်က ကျင်းပသည့် (၄၃) ကြိမ်မြောက် အမျိုးသားတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲကို ဇန်နဝါရီ ၁၆ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်၌ ပြိုင်ပွဲ ၁၅ ပွဲ ကျင်းပခဲ့ရာတွင် လေးပွဲသရေ၊ ၁၁ ပွဲနိုင်ကာ ဝင်းဇော်ထွန်း(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း) က ခုနစ်ကြိမ်မြောက် အမျိုးသားတံခွန်စိုက်ဆုဖလားကြီး ဆွတ်ခူးရရှိသွားသည်။

"ကျွန်တော် ဒီနှစ်ကစားရတဲ့ ပြိုင်ပွဲက ပွဲတိုင်းလိုလို ခက်ခက်ခဲခဲနဲ့ ကစားခဲ့ရပါတယ်။ နောက်ဆုံးပြိုင်ပွဲမှာ ကျော်လင်းနိုင်က ရမှတ် ၁၀ မှတ်ခွဲကို ကျွန်တော် ရမှတ် ၁၂ မှတ်ခွဲနဲ့ အနိုင်ရပြီး ရှုံးပွဲမရှိ စံချိန်ရအောင်ကစားခဲ့ရလို့ တံခွန်စိုက်ဆုဖလား ရရှိနိုင်ခဲ့တာပါ" ဟု ဝင်းဇော်ထွန်းက ပြောကြားသည်။

အဆိုပါ အမျိုးသားတံခွန်စိုက်ဆုပေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့စင်ထရယ်ဟိုတယ်၌ ကျင်းပရာ ပထမ ဝင်းဇော်ထွန်း၊ ဒုတိယ ကျော်လင်းနိုင်(သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး)၊ တတိယ ဦးကျော်ထွန်း (ပြည်ထဲရေး) ၊ စတုတ္ထ အောင်မျိုးလှိုင်(ပြည်ထဲရေး)၊ ပဉ္စမ ဝင်းထွန်း (ရန်ကုန်တိုင်းဒေသကြီး) တို့အား မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် တာဝန်ရှိသူများက ငွေသားနှင့် ဆုဖလားများကို လည်းကောင်း၊ အမျိုးသားတံခွန်စိုက်ဖလားရရှိသွားသော ဝင်းဇော်ထွန်းအား မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က လည်းကောင်း ချီးမြှင့်ခဲ့ကြသည်။



ယခုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရရှိခဲ့ကြသူများကို မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်က မတ်လတွင် ဗီယက်နမ်နိုင်ငံ၌ကျင်းပမည့် အရှေ့တောင်အာရှ ဖိတ်ခေါ်အလွတ်တန်းစစ်တုရင်ပြိုင်ပွဲသို့စေလွှတ်၍ ဝင်ရောက်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အေးကေလင်း**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



Miss Universe Mandalay 2017 ဆန်ခါတင်အလှမယ် ၂၀ ကို တွေ့ရစဉ်

# Miss Universe Mandalay 2017 ဆန်ခါတင်ရွေးချယ်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

Miss Universe Myanmar Organization ကကြီးမှူးပြီး ရောဝတီဘဏ်၏ အဓိကပံ့ပိုးကူညီမှုဖြင့် Miss Universe Mandalay 2017 ပြိုင်ပွဲ ဆန်ခါတင်လူရွေးချယ်ပွဲကြီးကို မြန်မာမီဒီယာဂရု(ပ်) မှတာဝန်ယူကာ မန္တလေးမြို့၌ ယမန်နေ့က ကျင်းပခဲ့ကြောင်း သိရသည်။

" အခု ကျင်းပတဲ့ပြိုင်ပွဲကတော့ ကျွန်တော့် အနေနဲ့ ပထမဆုံးလုပ်တာဖြစ်ပါတယ်။ အရင်နှစ်တွေကတော့ အခြားအဖွဲ့အစည်းတွေက လုပ်တာပါ။ ဒီပြိုင်ပွဲကတော့ ဆန်ခါတင်အလှမယ် ၂၀ ရွေးတာပါ။ အခုရွေးချယ်ထားတဲ့ အလှမယ်တွေကို ပြည်တွင်းပြည်ပ ပညာရှင်တွေနဲ့ လေ့ကျင့်မှုတွေလုပ်ပြီး နောက်ဆုံးဆန်ခါတင် အလှမယ်ကို ထပ်မံရွေးချယ်သွားမှာပါ" ဟု ပြိုင်ပွဲစီစဉ်ကျင်းပသူ ဦးဝဏ္ဏက ပြောကြားသည်။

မြန်မာမီဒီယာဂရု(ပ်) က တာဝန်ယူကာ ဦးဆောင်ကျင်းပသော Miss Universe Mandalay 2017 ပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီးနှင့် အနီးဝန်းကျင်မြို့များမှ အသက် ၁၇နှစ်မှ ၂၆ နှစ်အတွင်း လုပျိုဖြူများ လာရောက်ယှဉ်ပြိုင်ခဲ့ပြီး ၎င်းတို့ထဲမှ ဆန်ခါတင်အလှမယ် ၂၀ ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ယခု ရွေးချယ်ထားသော အလှမယ် ၂၀ကို ပြည်တွင်းပြည်ပ ပညာရှင်များနှင့် စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုအပြီးသတ် ဆန်ခါတင် အလှမယ်တစ်ဦးကို ထပ်မံ ရွေးချယ်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ နောက်ဆုံးရွေးချယ်ခံရမည့် အလှမယ်သည် လာမည့်ဩဂုတ်လတွင်ကျင်းပမည့် Miss Universe Myanmar ပြိုင်ပွဲကြီး၌ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုအလှမယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မင်းခေတ်၊ ဓာတ်ပုံ- မိုးမခ**

● *ကျော်ဖုံးမှ*

ယခုတစ်ပတ်ပွဲစဉ်များတွင် အဓိကပွဲစဉ်အဖြစ် ရောဝတီနှင့် ရတနာပုံအသင်းတို့ တွေ့ဆုံနေပြီး ထိပ်ဆုံးမှ ရန်ကုန်အသင်းကို လိုက်လံဖိအားပေးနိုင်ရန်၊ ယခုပွဲတွင် အမှတ်ပြည့်ရရန် လိုအပ်နေသည်။ ၂၀၁၆ ရာသီတွေ့ဆုံစဉ်က ရတနာပုံအသင်းသည် ရောဝတီအသင်းကို အဝေးကွင်း၌ အနိုင်ကစားထားပြီး ယခုပွဲတွင် ရလဒ်ကောင်းရရှိရန် ကြိုးပမ်းမှာ သေချာသည်။ ရောဝတီအသင်းတွင် အမာခံကစားသမားအချို့ ပြိုင်ပွဲနှင့် လွဲချော်ဖွယ်ရှိနေပြီး အဓိကကစားသမားများမပါနိုင်ပါက ရှုံးကန်ရဖွယ်ရှိနေသည်။ ထိပ်ဆုံးမှ ရန်ကုန်အသင်းသည် နိုင်ပွဲမရသေးသည့် Southern နှင့် ကစားရမည်ဖြစ်ပြီး ဇယားအောက်ဆုံးရောက်နေသည့် မကွေးအသင်းမှာမူ နေပြည်တော်အသင်းနှင့် အဝေးကွင်း၌ ကစားရမည်ဖြစ်သည်။

## တိမ်အသင့်အတင့်ဖြစ်ထွန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာနေသည်။ (မိုး/ဇလ)


# မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ (ဦးခင်အောင်-ဒေါ်စန်းနွဲ့)၊ ဦးအောင်စောဝင်း(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)-ဒေါ်သန်းသန်းဝင်းတို့၏သား

**ဗိုလ်မှူးကျော်ဇောအောင်**
B.A(Myanmar)

**နှင့်**

နေပြည်တော်၊ ရာဇသင်္ဂဟအိမ်ရာ၊ အမှတ်-၂နေ ဗိုလ်မှူးချုပ်ဝင်းမောင်-ဒေါ်နန်းလိတ်လိတ်တို့၏သမီး

**နန်းလွန်းနောင့်နောင့်**
Master of Architecture,
M.Sc (Urban Management and Development), Erasmus University (Netherlands)
**လက်ထောက်ညွှန်ကြားရေးမှူး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

တို့၏ ၂၈-၁-၂၀၁၇ရက်တွင် Sedona Hotel(Dagon ခန်းမ)၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်စိုးစိုးအောင်အားလည်းကောင်း၊ Sedona Hotel(Grand Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မဟာသရေစည်သူ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီးဒေါ်ကြူကြူလှ၊ မဟာသရေစည်သူဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မိသားစုဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း)သရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ငြိမ်း)နှင့်ဇနီး ဒေါ်စဝ်နွမ်းခွန်စမ်တို့အားလည်းကောင်း၊ မင်္ဂလာအောင်စပယ်ပန်းကုံးများနှင့် မင်္ဂလာလက်ထပ်လက်စွပ်များ တက်ရောက်ချီးမြှင့်ပေးပါသော သရေစည်သူ ဗိုလ်ချုပ်ကြီးလှငွေးဝင်း(ငြိမ်း)နှင့်ဇနီး ဒေါ်မာမာဝေတို့အားလည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မျိုးဇော်သိန်းနှင့်ဇနီးဒေါ်ရွှေဝါတင်အုံး၊ မင်္ဂလာပွဲသို့ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးမိသားစုဝင်များ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပွဲသို့ကိုယ်တိုင်ကြွရောက်နိုင်ခြင်း မရှိကြသော်လည်းမေတ္တာဖြင့် မင်္ဂလာလက်ဆောင်မွန်များအသီးသီးပေးပို့ချီးမြှင့်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ လက်ဝတ်ရတနာများ မေတ္တာဖြင့်ဆင်မြန်းပေးပါသော The Rich Gems မှ ဗိုလ်မှူးကြီးမျိုးမင်းဇော်(ငြိမ်း)နှင့် ဇနီးဒေါ်လုလုတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသံသာများဖြင့်သီဆိုဖျော်ဖြေပေးပါသော ရီရီသန့်၊ နှင်းရီသန့်မြန်မာမှုတေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မချိုထက်ထက်ချစ်၊ မင်္ဂလာလက်စွပ်ဖန်းကိုင် မခိုင်ဇာမောင်၊ မင်္ဂလာပန်းကုံးကလပ် ကိုင်ဆောင်ပေးသော မသက်နှင်းကြည်ဖြူ၊ မင်္ဂလာသတို့သားအရံအဖြစ် ဆောင်ရွက်ပေးပါသော ဗိုလ်ကြီးသန့်ဇင်နှင့် ဗိုလ်ကြီးမျိုးညွန့်ဆွေ၊ မင်္ဂလာသတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးပါသော မမြတ်သီရိစိုးနှင့်မနှင်းရွှေစင်ထွဋ်၊ မိတ်ကပ်ဆံပင်မထက်(Pop Soul)၊ မင်္ဂလာဝတ်စုံ Aroma၊ ဓာတ်ပုံနှင့်ဗီဒီယိုကိုဝဏ္ဏခွာနီး (Focus Daily)၊ ပန်းအလှပြင်လင်းလင်းနှင့်အဖွဲ့၊ Sedona Hotel မှ မလီလီနှင့်ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်မှူးကျော်ဇောအောင်-နန်းလွန်းနောင့်နောင့်**



## အင်္ဂလိပ်စာမိသားစု(ရန်ကုန်)
## (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန်မြို့ရှိ တက္ကသိုလ်များ၏ အင်္ဂလိပ်စာဌာနများမှ သက်ပြည့်အငြိမ်းစားယူခဲ့ကြသော ဆရာကြီး ဆရာမကြီးများကို ၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီ၌ တက္ကသိုလ်များဓမ္မာရုံကြီးတွင် ပူဇော်ကန်တော့ကြပါမည်။

တပည့်များ ကန်တော့ငွေထည့်ဝင်လှူဒါန်းကြပါရန်နှင့် စုံစုံညီညီ တက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်**

| **ရန်ကုန်တက္ကသိုလ်အင်္ဂလိပ်စာဌာန (တောင်ငူဆောင်)** | **ကျောင်းသား ကျောင်းသူဟောင်းများ** | |
|---|---|---|
| ဒေါက်တာဒေါ်နော်ဂျူးဖော | ကိုအုန်းဝမ် | ဖုန်း-၀၉-၂၅၀၀၅၄၂၃ |
| ဖုန်း-၀၉-၅၀၈၃၉၈၇ | ကိုအာသာ | ဖုန်း-၀၉-၅၀၄၄၂၆၇ |
| ဒေါက်တာဒေါ်ပိုးပိုး | ကိုမြတ်သူဝင်း | ဖုန်း-၀၉-၅၁၀၃၇၂၅ |
| ဖုန်း-၀၉-၅၁၄၄၅၇၆ | ကိုထွန်းလင်း | ဖုန်း-၀၉-၅၁၃၄၅၂၅ |
| ဒေါက်တာဒေါ်သီတာအေး | ကိုဇော်ဝင်း | ဖုန်း-၀၉-၅၁၂၈၈၅၉ |
| ဖုန်း-၀၉-၇၃၀၄၁၇၂၄ | ကိုအောင်နိုင်မိုး | ဖုန်း-၀၉-၅၄၁၄၁၄၄ |
| ဒေါက်တာဒေါ်အေးမိုးမိုး | ကိုအောင်ကျော်သန်း | ဖုန်း-၀၉-၄၃၁၇၁၀၂၄ |
| ဖုန်း-၀၉-၅၀၃၂၀၆၂ | ကိုသန်းထက် | ဖုန်း-၀၉-၄၃၀၂၁၃၅၇ |
| | ကိုစိုးလွင် | ဖုန်း-၀၉-၂၅၃၅၄၄၀၄၀ |
| | မကက်သလင်းသိန်း | ဖုန်း-၀၉-၅၀၂၆၄၇၀ |
| | မအေးမွန်@Alice | ဖုန်း-၀၉-၅၁၁၉၈၅၈ |
| | မခင်မိုးသီ | ဖုန်း-၀၉-၅၀၀၁၇၄၂ |
| | မမီမီကို | ဖုန်း-၀၉-၄၃၁၀၉၃၂၃ |
| | မထက်ထက်အောင် | ဖုန်း-၀၉-၅၁၃၃၇၆၅ |
| | မစောရည်မွန် | ဖုန်း-၀၉-၇၃၂၂၄၀၂၇ |
| | မသီရိအောင်မြင့် | ဖုန်း-၀၉-၅၁၅၁၆၁၉ |



## ပျောက်ဆုံးကြောင်း

ပုသိမ်မြို့နေ ဒေါ်ဆွေဆွေဝင်း ၁၄/ငပတ(နိုင်)၀၀၀၀၈၄ ၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၂၉၇၃၃၉၅**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကျော်မျိုးဝင်း စီဒီစီ-၆၁၈၁၃၏ Tanker လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ဖုန်း-၀၉-၄၅၀၂၄၂၆၀၀**

## အမည်ပြောင်း

ဦးဖြိုးဇော်၏သား၊ သံတွဲမြို့၊ အထက(ခွဲ)မြို့မ တတိယတန်းမှ မောင်မြင့်မိုးအား မောင်ထက်နန္ဒာကျော်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ထက်နန္ဒာကျော်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁/ရွှေပေါက်ကံ)၊ မြေကွက်အမှတ် (၅)၊ မြေကွက်တည်နေရာအမှတ်(၅)၊ ပုဂံလမ်း၊ ၂၁ ရပ်ကွက်(ရွှေပေါက်ကံ) မြောက်ဥက္ကလာပမြို့နယ်၊ ဦးမင်းဇော် (အိုင်အက်စ်အန်-၃၇၉၆၂၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးမင်းဇော်ကွယ်လွန်သဖြင့် ဇနီးဒေါ်မြင့်မြင့်ခိုင် ၁၂/ဥကမ(နိုင်)၀၅၃၀၈၉ မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ပုဇွန်တောင်မြို့နယ်တရားရုံး၊ ကျမ်းကျိန်လွှာအမှတ် (၄၆၅၂/၂၀၁၆) (၂၈-၁၂-၂၀၁၆)နှင့် သေစာရင်းတင်ပြ၍ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# အင်ဂျင်နီယာလောကကို ဘယ်လိုအဆင့်မြှင့်တင်ကြမလဲ (အပိုင်း-၂)

သိပ္ပံစာရေးဆရာကိုကိုအောင်

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ လုပ်ငန်းဆောင်တာများကို မြန်မာနိုင်ငံအတွင်းရှိ အင်ဂျင်နီယာများ၊ ပြည်ပနိုင်ငံများ၌ သွားရောက်အလုပ်လုပ်ကိုင်လျက် ရှိနေကြသော မြန်မာနိုင်ငံသား အင်ဂျင်နီယာများ၊ မြန်မာနိုင်ငံအတွင်းရှိ နည်းပညာတက္ကသိုလ်များ၌ ပညာသင်ယူနေကြသော အင်ဂျင်နီယာလောင်းများနှင့် ၎င်းတို့၏ မိဘဆွေမျိုးသားချင်းများ အားလုံးတို့က ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်လာစေရန်နှင့် ထိုကဲ့သို့ နားလည်သဘောပေါက်လာသည်နှင့်အမျှ မြန်မာနိုင်ငံ အင်ဂျင်နီယာ လောကတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ပြီး အဆင့်အတန်း မြင့်မားလာကြစေရေးအတွက် ဝိုင်းဝန်း၍ပူးပေါင်းပါဝင် လက်တွဲဆောင်ရွက်နိုင်ကြစေရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌနှင့် လည်းကောင်း၊ ကောင်စီဝင်တချို့နှင့်လည်းကောင်း၊ စည်းကမ်းထိန်းသိမ်းရေး ကော်မတီဝင်များနှင့်လည်းကောင်း အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးခဲ့သည်။

အလားတူပင် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နံနက်ပိုင်းက ရန်ကုန်နည်းပညာတက္ကသိုလ် (ယခင်ရန်ကုန်စက်မှုတက္ကသိုလ်) စုဝေးခန်းမ၌ ကျင်းပပြုလုပ်သော မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံအထိမ်းအမှတ် အင်ဂျင်နီယာ ဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပါရန် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့လည်း တက်ရောက်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌပါမောက္ခ ဒေါက်တာချာလီသန်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာချိုဝင်းမော်နှင့် ဦးအောင်မြင့်၊ စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာနွယ်နီဝေ၊ အဖွဲ့ဝင်ဒေါက်တာကျော်ကျော်မိုးတို့နှင့်သီးခြားတွေ့ဆုံခဲ့သလို... မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီရုံးချုပ်၌လည်း စည်းကမ်းထိန်းသိမ်းရေး ကော်မတီဝင်များဖြစ်ကြသော ဒေါက်တာလှသန်း၊ ဒေါ်ခင်ဆွေဦးတို့နှင့်လည်းကောင်း၊ အကြီးတန်းအထူးအရာရှိ ဦးခင်မောင်သန်းနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ လက်ရှိလုပ်ငန်းဆောင်တာများနှင့် ရေရှည်မျှော်မှန်းချက်များကို သိရှိခဲ့ရသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ ပထမအဆင့်ရည်မှန်းချက်မှာ အာဆီယံအဆင့်တွင် ပါဝင်လက်မှတ်ရေးထိုးရန်၊ ဒုတိယအဆင့် ရည်မှန်းချက်မှာ အာဆီယံ ၁၀ နိုင်ငံနှင့်တကွ အိန္ဒိယ၊ တရုတ်၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ မောရစ်သျှ၊ ပါပူအာနယူးဂီနီ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ တီမောလက်စ်တေ၊ ပီရူး၊ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ တောင်ကိုရီးယားနှင့် သြစတြေးလျနိုင်ငံများ ပါဝင်သည့် Federation of the Engineering Institutions of Asia and the Pacific - FEIAP အဆင့်တွင် ပါဝင်လက်မှတ်ရေးထိုးရန်နှင့် တတိယအဆင့် အန္တိမရည်မှန်းချက်မှာ Washington Accord တွင် ပါဝင်လက်မှတ်ရေးထိုးရန် ဖြစ်သည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီး၌ အင်ဂျင်နီယာပညာ သင်ကြားပုံနည်းစနစ်မှာ တစ်ကျောင်းတစ်ဂါထာဆိုသလို ကွဲပြားနေကြသည့်အတွက် သင်ကြားမွေးထုတ်ပေးလိုက်သည့် အင်ဂျင်နီယာပညာရှင်များ၏ အရည်အသွေးချင်း တူညီသည်ဟု သတ်မှတ်ကြသော နိုင်ငံတချို့က Washington Accord ဆိုသော သဘောတူစာချုပ်တစ်ခုကို ၁၉၈၉ ခုနှစ်က လက်မှတ်ရေးထိုးခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ကနေဒါ၊ အိုင်ယာလန်၊ နယူးဇီးလန်နှင့် သြစတြေးလျ ခြောက်နိုင်ငံတို့က ကနဦးလက်မှတ်ရေးထိုးခဲ့ကြပြီး ၁၉၉၅ ခုနှစ်တွင် ဟောင်ကောင်ကလည်းကောင်း၊ ၁၉၉၉ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံကလည်းကောင်း၊ ၂၀၀၅ ခုနှစ်တွင် ဂျပန်နိုင်ငံက လည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် စင်ကာပူနိုင်ငံက လည်းကောင်း၊ ၂၀၀၇ ခုနှစ်တွင် တရုတ်(တိုင်ပေ)နှင့် တောင်ကိုရီးယားနိုင်ငံတို့ကလည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် မလေးရှားနိုင်ငံကလည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် တူရကီနိုင်ငံက လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် ရုရှားဖက်ဒရေးရှင်းက လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံများကလည်းကောင်း ထပ်မံ၍ အသီးသီးပါဝင်ကာ လက်မှတ်ရေးထိုးခဲ့ကြသည်။

ထိုနိုင်ငံများထဲတွင် အမေရိကန်ပြည်ထောင်စုသည် အဆိုပါ ဝါရှင်တန် သဘောတူညီချက်အရ ပါဝင်လက်မှတ်ရေးထိုးထားသည့် နိုင်ငံများမှ အင်ဂျင်နီယာပညာရှင်များကိုသာ အသိအမှတ်ပြုပြီး နည်းပညာကျွမ်းကျင်သူများနှင့် နည်းပညာရှင်များကိုမူ အသိအမှတ်ပြုခြင်းမရှိပေ။ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ အရည်အချင်းစစ်ဆေးမှုများထဲ၌မူ အင်ဂျင်နီယာပညာရှင်များအပြင် နည်းပညာကျွမ်းကျင်သူများနှင့် နည်းပညာရှင်များကိုပါ ထည့်သွင်း၍ လမ်းဖွင့်ပေးထားသဖြင့် Technician နှင့် Technologist များအတွက် အခွင့်အရေးတစ်ရပ်ပင် ဖြစ်သည်။

လက်ရှိတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီသည် မှတ်ပုံတင် နည်းပညာကျွမ်းကျင်သူလက်မှတ် (R.Tech.)၊ မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူလက်မှတ် (R.G.Tech.)၊ မှတ်ပုံတင် အင်ဂျင်နီယာလက်မှတ် (R.E.)၊ မှတ်ပုံတင် အကြီးတန်းအင်ဂျင်နီယာလက်မှတ် (R.S.E .)နှင့် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် လက်မှတ် (P.E.) လျှောက်ထားသူဦးရေထောင်ပေါင်းများစွာကို စိစစ်ပေးနေပြီး မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်၊ မှတ်ပုံတင် အကြီးတန်း အင်ဂျင်နီယာလက်မှတ်နှင့် မှတ်ပုံတင် အင်ဂျင်နီယာပညာရှင် လက်မှတ်ရရှိသူ ရာပေါင်းများစွာကို မွေးထုတ်ပေးခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
Myanmar Engineering Council

**မြန်မာနိုင်ငံအနေဖြင့် အင်ဂျင်နီယာအတတ်ပညာသင်ယူခဲ့မှု သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာကြည့်လျှင် တက္ကသိုလ်အဆင့်ဖြင့် သင်ကြားကာ အင်ဂျင်နီယာပညာဆိုင်ရာ သိပ္ပံဘွဲ့ B.Sc.(Engg.) ကို ပေးအပ်နိုင်ရေးအတွက် စတင်ခဲ့သောကာလမှာ ၁၉၂၄ ခုနှစ်ဖြစ်ပြီး တက္ကသိုလ်ပညာအဆင့်မဟုတ်သေးဘဲ ကျောင်းအဆင့်ဖြင့်စတင်ခဲ့သော အချိန်ကာလများကမူ ၁၈၇၅ ခုနှစ်မှ ၁၈၇၈ ခုနှစ်များ အတွင်းဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်သည်။**

ထို့ပြင် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် လက်မှတ် (P.E) ရရှိထားသူများအနက် အာဆီယံပဋိညာဉ်ခံ အင်ဂျင်နီယာပညာရှင် လက်မှတ် (A.C.P.E) လျှောက်ထားသူများကို အရည်အချင်း စိစစ်ကာ ASEAN Chartere Professional Engineer Coordinating Committee - A.C.P.E.C.C သို့ဆက်လက်ထောက်ခံ တင်ပြပေးခြင်းဖြင့် အာဆီယံပဋိညာဉ်ခံ အင်ဂျင်နီယာပညာရှင်များကိုပါ မွေးထုတ်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အင်ဂျင်နီယာအတတ်ပညာ သင်ယူခဲ့မှု သမိုင်းကြောင်းကို ပြန်ပြောင်း လေ့လာကြည့်လျှင် တက္ကသိုလ်အဆင့်ဖြင့် သင်ကြားကာ အင်ဂျင်နီယာပညာဆိုင်ရာ သိပ္ပံဘွဲ့ B.Sc.(Engg.) ကို ပေးအပ်နိုင်ရေးအတွက် စတင်ခဲ့သောကာလမှာ ၁၉၂၄ ခုနှစ်ဖြစ်ပြီး တက္ကသိုလ်ပညာအဆင့်မဟုတ်သေးဘဲ ကျောင်းအဆင့်ဖြင့် စတင်ခဲ့သော အချိန်ကာလများကမူ ၁၈၇၅ ခုနှစ်မှ ၁၈၇၈ ခုနှစ်များ အတွင်းဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်သည်။ Government Engineering School ဟု ခေါ်တွင်ခဲ့သောအစိုးရ အင်ဂျင်နီယာပညာသင်ကျောင်းများ စတင်ဖွင့်လှစ်ခဲ့သည့် ၁၈၇၅ ခုနှစ်သည် နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို အုပ်စိုးမင်းမူနေသည့် ကာလဖြစ်သလို...အီတလီလူမျိုး သိပ္ပံပညာရှင် ဂူးဂလီမိုးမာကိုနီက ကမ္ဘာ့ပထမဦးဆုံးသော ရေဒီယိုအချက်ပြမှု (Radio Signal) ကို ထုတ်လွှင့်ခဲ့သည့် ကာလလည်းဖြစ်၍ မည်မျှစောကြောင်း သိရှိနိုင်သည်။

၁၉၀၈ ခုနှစ်တွင် အစိုးရအင်ဂျင်နီယာပညာသင်ကျောင်းများကိုသာမက စက်မှုလက်မှု အထက်တန်းကျောင်း (Technical High School-T.H.S) များကိုပါ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၁၂ ခုနှစ် အရောက်တွင်မူ G.T.I ဟု ခေါ်တွင်သော အစိုးရ စက်မှုလက်မှု သိပ္ပံများကိုပါ ဖွင့်လှစ်နိုင်ခဲ့သည်။ အင်ဂျင်နီယာပညာကို တက္ကသိုလ်အဆင့်ဖြင့် စတင်နိုင်သော အစောဆုံးကာလများကမူ ၁၉၂၄ ခုနှစ်မှ ၁၉၄၀ ပြည့်နှစ်များအတွင်းဖြစ်ကာ ထိုစဉ်က ရန်ကုန်တက္ကသိုလ်၌အင်ဂျင်နီယာပညာ မဟာဌာနကို ဖွင့်လှစ်ပြီး ဘီအိုစီ ကောလိပ်တွင် တက္ကသိုလ်အဆင့် စက်မှုအင်ဂျင်နီယာ၊ လျှပ်စစ် အင်ဂျင်နီယာနှင့် မြို့ပြအင်ဂျင်နီယာ ပညာရပ်များကို သင်ကြား ပို့ချပေးခဲ့သည်။ ရန်ကုန်တက္ကသိုလ် လက်အောက်ခံဖြစ်သော်လည်း ထိုစဉ်ကဗြိတိသျှပိုင် ကုမ္ပဏီဖြစ်သည့် Burma Oil Company ၏ကမကထပြုမှုဖြင့် တည်ထောင် ဖွင့်လှစ်ခဲ့သော ကောလိပ်ဖြစ်သည့်အတွက် B.O.C College ဟု ခေါ်တွင်ခဲ့ခြင်းဖြစ်သည်။

ဒုတိယကမ္ဘာစစ် မဖြစ်ပွားမီအချိန်အထိ ဘီအိုစီ ကောလိပ်၏ သင်ကြားရေးဆရာအများစုမှာ ဗြိတိန်နှင့် အိန္ဒိယနိုင်ငံတို့မှ လာရောက်သင်ကြား ပို့ချပေးနေသူများ ဖြစ်ကြပြီး အနည်းစုသော ဆရာတို့ကသာလျှင် မြန်မာနိုင်ငံသားများ ဖြစ်ကြသည်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားပြီးချိန်စစ်ပြီးခေတ်ကာလ အရောက်တွင်မူ အင်ဂျင်နီယာပညာရပ်ကို သင်ကြားပို့ချပေးနိုင်သော ဆရာအရေအတွက်မှာ သိသိသာသာ လျော့နည်းသွားသည့်အတွက် ဆရာများကို ထပ်မံခေါ်ယူခန့်အပ်ခဲ့ရာတွင် ဗြိတိန်နိုင်ငံ လန်ဒန်တက္ကသိုလ်မှ ဆရာများ တင်မကဘဲ အမေရိကန်နိုင်ငံ မက်ဆာချူးဆက် ပြည်နယ်ရှိ မက်ဆာချူးဆက် စက်မှုတက္ကသိုလ် (Massachusetts Institute of Technology - M.I.T) မှ ဆရာများကိုပါ ခေါ်ယူသင်ကြားစေခဲ့သည်။

M.I.T မှ ရောက်ရှိလာသော ဆရာများအနက်ပါမောက္ခ ဟောဝုဒ် (Professor Horwood) M.I.T ၏သင်ရိုးနှင့် သင်ကြားနည်းစနစ်များအတိုင်း သင်ကြားပို့ချပေးခဲ့ရုံမျှမက မြန်မာနိုင်ငံသား အင်ဂျင်နီယာ ကျောင်းသားများကို M.I.T သို့ စေလွှတ်သင်ယူစေခြင်း၊ မူလရှိနှင့်ပြီးဖြစ်သော အင်ဂျင်နီယာဘာသာရပ်များအပြင် ဓာတုအင်ဂျင်နီယာ ဘာသာရပ်၊ သတ္တုဗေဒအင်ဂျင်နီယာဘာသာရပ်၊ သတ္တုတူးဖော်ရေးအင်ဂျင်နီယာဘာသာရပ်၊ ချည်မျှင်နှင့် အထည် အင်ဂျင်နီယာ ဘာသာရပ်၊ ဗိသုကာပညာဘာသာရပ် စသည်တို့ကိုလည်း တိုးချဲ့သင်ကြားပေးခြင်းတို့ကိုပါ မြန်မာ့ပညာရေးဘုတ်အဖွဲ့က ဆောင်ရွက်ပေးနိုင်ခဲ့သည်။

M.I.T မှ အင်ဂျင်နီယာဘွဲ့၊ မဟာအင်ဂျင်နီယာဘွဲ့နှင့် ပါရဂူဘွဲ့များကို ရရှိခဲ့ကြသော မြန်မာနိုင်ငံသား အင်ဂျင်နီယာပညာရှင်တို့သည် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီးနောက် အင်ဂျင်နီယာပညာဆိုင်ရာ တက္ကသိုလ်၏ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ကထိကစသော သင်ကြားရေးဆရာများနှင့် သင်ကြားမှုဆိုင်ရာ စီမံခန့်ခွဲရေးပညာရှင်များအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်ခဲ့ကြသည်။

၁၉၆၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၏ အင်ဂျင်နီယာပညာ မဟာဌာနသည် လွတ်လပ်ပြီး သီးခြားရပ်တည်နိုင်သော မြန်မာနိုင်ငံစက်မှုတက္ကသိုလ် (Burma Institute of Technology-B.I.T) ဖြစ်လာခဲ့သည်။ အဆင့်မြင့်ပညာ ဦးစီးဌာန၏ လက်အောက်ခံဖြစ်သော ဘီအိုင်တီသည် တစ်နှစ်ခန့်အတွင်းမှာပင် ရန်ကုန်စက်မှုတက္ကသိုလ် ( Rangoon Institute of Technology-R.I.T) အဖြစ် အမည်ပြောင်းလဲသွားခဲ့သည်။

ဤသို့အားဖြင့် ကမ္ဘာ့အကောင်းဆုံးနည်းပညာ တက္ကသိုလ်ဖြစ်သော အမေရိကန်ပြည်ထောင်စု မက်ဆာချူးဆက် စက်မှုတက္ကသိုလ်၏ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားမှုနည်းစနစ်များနှင့်အညီ ကမ္ဘာ့အဆင့်မီ အင်ဂျင်နီယာဘွဲ့ ရရှိခဲ့ကြသော မြန်မာလူငယ်များသည် မက်ဆာချူးဆက် စက်မှုတက္ကသိုလ်ကြီး၌ပင် မဟာအင်ဂျင်နီယာဘွဲ့နှင့် ပါရဂူဘွဲ့များကို ထပ်မံရယူကာ ၎င်းတို့ ပြန်လည်တာဝန်ထမ်းဆောင်သည့် ရန်ကုန်စက်မှု တက္ကသိုလ်၌လည်း M.I.T ၏ သင်ကြားမှုနည်းစနစ်များအတိုင်း အင်ဂျင်နီယာ ပညာရပ်များကို ထပ်ဆင့်မျှဝေ သင်ကြားပေးခဲ့ကြခြင်းကြောင့် ရန်ကုန်စက်မှုတက္ကသိုလ် (R.I.T) ကို အကြောင်းပြုကာ နိုင်ငံတကာအဆင့်မီ အင်ဂျင်နီယာဘွဲ့ရများစွာကို မွေးထုတ်ပေးနိုင်ခဲ့သည်။

ရန်ကုန်စက်မှုတက္ကသိုလ်တွင် စက်မှုအင်ဂျင်နီယာဌာန၊ မြို့ပြအင်ဂျင်နီယာဌာန၊ လျှပ်စစ်စွမ်းအားနှင့် လျှပ်စစ်ဆက်သွယ်ရေး အင်ဂျင်နီယာဌာန၊ ဓာတုအင်ဂျင်နီယာဌာန၊ ချည်မျှင်နှင့်အထည် အင်ဂျင်နီယာဌာန၊ သတ္တုဗေဒ အင်ဂျင်နီယာဌာန၊ သတ္တုတူးဖော်ရေး အင်ဂျင်နီယာဌာန၊ ရေနံအင်ဂျင်နီယာဌာန၊ ဗိသုကာပညာဌာန စသည်တို့ကို ဖွင့်လှစ်ပြီး မက်ဆာချူးဆက် စက်မှုတက္ကသိုလ်၏ သင်ကြားရေးနည်းစနစ်များအတိုင်း သင်ကြားပေးခဲ့မှုကြောင့် အင်ဂျင်နီယာဘွဲ့နှင့် ဗိသုကာဘွဲ့များကို ရရှိခဲ့ကြသော မြန်မာလူငယ်များသည် ခေတ်အဆက်ဆက် ပြောင်းလဲခဲ့သည့် မြန်မာ့သမိုင်းတွင် အင်ဂျင်နီယာပညာရှင်များအဖြစ် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

မြန်မာ့သမိုင်းကို ပြန်ပြောင်းကြည့်လျှင်၊ အင်ဂျင်နီယာလောကသား အားလုံးတို့အတွက် အားကိုးအားထားပြုရာ ပထမဦးဆုံးသော အဖွဲ့အစည်းဟုဆိုရမည့် မြန်မာနိုင်ငံ အင်ဂျင်နီယာကွန်ဂရက် (The Burme Engineering Congress) ကို ၁၉၁၆ ခုနှစ် ကတည်းက စတင်ဖွဲ့စည်းနိုင်ခဲ့သည်ကို လေ့လာတွေ့ရှိကြရမည် ဖြစ်သည်။ ထိုကာလသည် ဗြိတိသျှကိုလိုနီ ခေတ်ကာလဖြစ်ပြီး မျိုးချစ်မြန်မာလူငယ်များက သူ့ကျွန်ဘဝမှ လွတ်မြောက်လိုသော အမျိုးသားရေးစိတ်ဓာတ်များ တဖွားဖွားပေါ်ပေါက်နေသော ခေတ်ကာလလည်းဖြစ်သည်။

ထိုမှတစ်ဆင့် ၁၉၂၇ ခုနှစ်တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာများအသင်း ( The Association of Engineers in Burma) ကို ဖွဲ့စည်းနိုင်ခဲ့သည်။ သို့ရာတွင် အသင်း၏လှုပ်ရှားဆောင်ရွက်မှုများသည် ဒုတိယကမ္ဘာစစ် ကာလဖြစ်သော ၁၉၃၉ ခုနှစ်မှ ၁၉၄၅ ခုနှစ်များအတွင်း ရပ်တန့်သွားကာ ၁၉၄၆ ခုနှစ်ရောက်မှ ပြန်လည်စတင်နိုင်ခဲ့သည်။ ထို့နောက် ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးအစိုးရတက်လာပြီး၊ ၁၉၆၃ ခုနှစ် မြန်မာနိုင်ငံအစိုးရ အက်ဥပဒေအရ အခြားသော အသင်းအဖွဲ့များနှင့်အတူ မြန်မာနိုင်ငံ အင်ဂျင်နီယာများ အသင်းလည်း ဖျက်သိမ်းခံခဲ့ရတော့သည်။

ထိုကဲ့သို့ အခြားသော အသင်းအဖွဲ့များနှင့်အတူ ဖျက်သိမ်းခြင်းခံခဲ့ရသည့် မြန်မာနိုင်ငံ အင်ဂျင်နီယာများ အစုအဖွဲ့သည် နှစ်ပေါင်း ၃၀ ကျော် တိမ်မြုပ်ပျောက်ကွယ်သွားခဲ့ရာမှ၊ ၁၉၉၅ ခုနှစ်အရောက်တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (Myanmar Engineering Society - M.E.S.) အဖြစ် ပြန်လည် ပေါ်ထွက်လာခဲ့သည်။ ထိုမှဆက်လက်၍ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၇ အဖြစ် ထွက်ပေါ်လာသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေအရ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီကို ဖွဲ့စည်းနိုင်ခဲ့သည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီကို ဖွဲ့စည်းနိုင်ရန်အတွက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတွင် ဝါရင့်အင်ဂျင်နီယာကြီးများသည် အစည်းအဝေးပေါင်း (၄၆) ကြိမ်အထိ ကျင်းပကာ အပြန်ပြန်အလှန်လှန် ဆွေးနွေးခဲ့ကြပြီး ကမ္ဘာ့နိုင်ငံ အသီးသီးတို့မှ အင်ဂျင်နီယာကောင်စီ ဥပဒေများကို ကိုးကား လျက် ဥပဒေကြမ်းကိုရေးဆွဲခဲ့ကြသည်။

ယင်းဥပဒေကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့တို့က စိစစ်ပြီး လွှတ်တော်သို့ ဆက်လက်တင်ပြခဲ့သည်။ လွှတ်တော်နှစ်ရပ်စလုံးတွင် အကြိမ်ကြိမ် ဆွေးနွေးခဲ့ကြပြီးနောက် အများပြည်သူတို့ လေ့လာအကြံပြုနိုင်ရန် နေ့စဉ်ထုတ် သတင်းစာများတွင် ဥပဒေကြမ်းကို ထည့်သွင်းဖော်ပြကာ အကြံဉာဏ်များ ရယူခဲ့သည်။ ထိုကဲ့သို့အဆင့်ဆင့် ဆောင်ရွက်ခဲ့မှုများ၏ ရလဒ်အဖြစ် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေပေါ်ထွက်လာခြင်းဖြစ်သည်။

သို့ဖြစ်၍ မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေနှင့်အညီ ပေါ်ထွန်းလာသော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့်အတွက် အင်ဂျင်နီယာလောကသား အားလုံးတို့က အားကိုးအားထားပြုရာ၊ အင်ဂျင်နီယာတို့၏ အဆင့်အတန်းကို မြှင့်တင်ပေးရာ၊ အင်ဂျင်နီယာလုပ်ငန်းများကို စနစ်တကျကြပ်မတ်ထိန်းသိမ်းပေးရာ အဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် ရပ်တည်သွားနိုင်လိမ့်မည်ဟု မျှော်လင့်ရပေသည်။

# လျှပ်စစ်ဘေးအန္တရာယ်အခြေအနေ အရေးပေါ်တုံ့ပြန်နိုင်ရန် ဇာတ်တိုက်လေ့ကျင့်ခြင်း အစီအစဉ်ပထမဆုံး ပြုလုပ်

စာသင်ကျောင်းများ ဘေးကင်းလုံခြုံရေးအစီအစဉ်အရ ဘေးအန္တရာယ်ကြုံတွေ့ပါက အရေးပေါ်အခြေအနေ တုံ့ပြန်နိုင်ရန်နှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများ လျော့ပါးသက်သာစေရန် ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ဘေးအန္တရာယ်နှင့်ပတ်သက်၍ သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းအစီအစဉ်ကို ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း အမှတ် (၂)တွင် ဇန်နဝါရီ ၂၇ ရက်က ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအစီအစဉ်ကို ဆောင်ရွက်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ စာသင်ကျောင်းများ ဘေးကင်းလုံခြုံစေရန်နှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ပါးသက်သာစေရန်၊ ဘေးမဖြစ်မီ၊ ဖြစ်နေစဉ်၊ ဖြစ်ပြီးအချိန်များတွင် လုပ်ဆောင်ရမည့်အစီအစဉ်များကို တစ်ဦးချင်းလိုက်၊ အတန်းလိုက်၊ တစ်ကျောင်းလုံး စနစ်တကျ လုပ်ဆောင်လာတတ်စေရန်၊ အစမ်း ဇာတ်တိုက်လေ့ကျင့်ခန်းပြုလုပ်ခြင်းမှတစ်ဆင့် မိမိတို့ကျောင်းတွင်းရှိ ထိခိုက်လွယ်သော အုပ်စုများကို ထည့်သွင်းစဉ်းစားလာပြီး ဦးစားပေးလုပ်ဆောင်ရန်အဆင့်များတွင် ထည့်သွင်းထားရှိရန်၊ ကျောင်း၏ ဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များအား သုံးသပ်ခြင်း၊ အကဲဖြတ်ခြင်းများ တိုးမြှင့်လုပ်ဆောင်နိုင်ရန်၊ သဘာဝ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် ပတ်သက်ပြီး ကျောင်းသားကျောင်းသူများ စိတ်ပါဝင်စားမှုနှင့် ပူးပေါင်းပါဝင်မှု ပိုမိုအားကောင်းလာစေရန်၊ ဘေးအန္တရာယ်ကြိုတင်သတိပေးစနစ်များ၊ ခိုလှုံရန်အစီအစဉ်များ၊ တုံ့ပြန်နိုင်မှုများအား လက်တွေ့နားလည်ဆောင်ရွက်လာစေနိုင်ရန်၊ ကျောင်းသား ကျောင်းသူများအတွက် ဘေးကင်းလုံခြုံမှုဆိုင်ရာ အလေ့အကျင့်ကောင်းများ မြှင့်တင်ပေးရန်တို့အတွက် အဓိက ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး စီမံချက်အလိုက် စာသင်ကျောင်းများတွင် ဇာတ်တိုက်လေ့ကျင့်ခြင်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများပေးခြင်း၊ စာသင်ကျောင်းများ ဘေးကင်းလုံခြုံရေး အထောက်အကူပစ္စည်းများ ထောက်ပံ့ခြင်း (ရှေးဦးပြုစုရေးသေတ္တာ၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများနှင့် ကြိုတင်သတိပေးရေး အထောက်အကူပြုပစ္စည်းများ)၊ မီးသတ်ဆေးဘူး၊ လေ့ကျင့်ခန်းစာအုပ်နှင့် Halmet များ ဖြန့်ဝေပေးခြင်းတို့ကိုလည်း လုပ်ဆောင်လျက်ရှိသည်ဟု သိရသည်။

"လျှပ်စစ်ဘေးအန္တရာယ် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်းကို ရန်ကုန်မှာ ပထမဆုံးအကြိမ် ပြုလုပ်တာဖြစ်ပါတယ်။ ကလေးတွေရဲ့အချိန်အများစုက စာသင်ကျောင်းမှာ ဖြစ်ကြတဲ့အတွက် စာသင်ကျောင်းတွေ ဘေးကင်းလုံခြုံရေးက အဓိကကျပါတယ်။ ဘယ်လို ဘေးအန္တရာယ်တွေ ကြုံတွေ့ရနိုင်လဲ၊ ဘေးအန္တရာယ်ကြုံနေချိန်မှာ ဘယ်လိုလုပ်မလဲ ဒါတွေကို သင်တန်းတွေ၊ အသိပညာပေးတာတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေလုပ်ပြီး ဆောင်ရွက်နေပါတယ်။ ကျောင်းရဲ့ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီမှာဆိုလည်း ဆရာ၊ ဆရာမတွေအပြင် ကလေးတွေကိုပါ ပါဝင်ဖွဲ့စည်းထားပြီးတော့ အရေးပေါ်ကြုံတွေ့တဲ့အခါ ဆောင်ရွက်နိုင်ဖို့ လုပ်ဆောင်နေပါတယ်။ အခု လှိုင်သာယာ အ.ထ.က (၂) မှာ လျှပ်စစ်ဘေးနဲ့ပတ်သက်လို့ ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်းအစီအစဉ်ပြီးရင် မြို့တွင်းမြို့နယ်မှာလည်း ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုတွေ လုပ်သွားပေးဖို့ရှိပါတယ်"ဟု Plan International Myanmar မှ စီမံကိန်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ လျှပ်စစ်ဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်ခြင်းအစီအစဉ် ဆောင်ရွက်မည့် လှိုင်သာယာ အ.ထ.က (၂) တွင် ကျောင်းသား ၁၅၇၉ ဦး၊ ကျောင်းသူ ၁၇၄၃ ဦး၊ ဆရာ ၁၂ ဦး၊ ဆရာမ ၉၅ ဦး စုစုပေါင်း ၃၄၂၉ ဦးရှိပြီး ဇန်နဝါရီ ၂၇ ရက်က ဇာတ်တိုက်လေ့ကျင့်ခြင်းအစီအစဉ်ကို Plan International Myanmar အဖွဲ့ကြီးနှင့်အတူ သက်ဆိုင်ရာဌာန ဆိုင်ရာများမှ ပူးပေါင်းပါဝင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းများစီမံချက် အကောင်အထည်ဖော်လျက်ရှိရာတွင် Plan International Myanmar အဖွဲ့အစည်းမှ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်တစ်ရပ်ဖြစ်ကြောင်းသိရသည်။

**ဆုနှင်းလှဲ့၊ ဓာတ်ပုံ - ခင်မောင်ဝင်း (ကြေးမုံ)**



## မူခင်းအသိပညာပေးဟောပြော

**မာန်အောင် ဖေဖော်ဝါရီ ၁**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မူခင်းအသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ နောက်ဆုံးပတ်က မြို့နယ် ပြန်/ဆက် ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်က အမှာစကားပြောကြားပြီး မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်ရွှေရည်ဝင်းကျော်က ဟောပြောပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းထွန်းအေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူကုန်ကူးမှုကိုလည်းကောင်း၊ ဒုတိယမြို့နယ် ဥပဒေအရာရှိဦးထက်ပိုင်ကျော်က မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်နှင့် ပြစ်မှု၊ ပြစ်ဒဏ်များကို လည်းကောင်း ကျောင်းသားကျောင်းသူများအား မူခင်းအသိပညာ ရရှိစေရန် ဟောပြောခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## ဆင်ခြေထောက်ရောဂါကင်းဝေးရေး သန်ချဆေးတိုက်ကျွေး



**ချောင်းဦး ဖေဖော်ဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ ဆင်ခြေထောက်ရောဂါကင်းဝေးရေး သန်ချဆေးတိုက်ကျွေးခြင်းကို ရပ်ကွက်၊ ကျေးရွာများတွင် ဇန်နဝါရီ ၂၀ ရက်က စတင်တိုက်ကျွေးခဲ့သည်။

ထို့နောက် ချောင်းဦးမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုး သမီးရေးရာအဖွဲ့တို့သည် မြို့နယ်ကျန်းမာ ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ရပ်ကွက်၊ ကျေးရွာများအတွင်း ကွင်းဆင်းပြီး ပြည်သူများအား ဆင်ခြေထောက်ရောဂါ ကင်းဝေးစေရေးအတွက် သန်ချဆေးများ တိုက်ကျွေးခဲ့သည်။

ဆင်ခြေထောက်ရောဂါကာကွယ်ဆေးများ တိုက်ကျွေးရေး အစီအစဉ်အရ ဒေါက်တာ စန္ဒာလွင်က ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေး သောက်သုံးခြင်း နည်းစနစ်များနှင့် ဆေးသောက်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပညာပေးပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်မော်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အမှုဆောင် ဒေါ်ရတနာစိုးတို့က မြို့သစ်ရပ်ကွက်ရှိ ပြည်သူများအား သန်ချဆေးများ ကိုယ်တိုင် တိုက်ကျွေးခဲ့သည်။

ဆင်ခြေထောက်ရောဂါကင်းဝေးရေး သန်ချဆေးများကို ဇန်နဝါရီ ၂၉ ရက်တွင် ရပ်ကွက်၊ ကျေးရွာများတွင် အပြီးတိုက်ကျွေးပြီးဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## လက်ပံတန်းမြို့၌ အားကစားပြိုင်ပွဲများ ကျင်းပမည်

**လက်ပံတန်း ဖေဖော်ဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတွင် ကျောင်းအုပ်ကြီး ဦးမင်းမင်းဦး၏ စီစဉ်မှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာဆရာမများပါဝင်သည့် နာယကများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းကာ ကျောင်းသား ကျောင်းသူများ၏ ကျန်းမာကြံ့ခိုင်သော နည်းလမ်းများ ပေါ်ထွက်ရေးနှင့် ထူးချွန်ထက်မြက်သော အားကစားသမားများ ပေါ်ထွက်ရေးတို့အတွက် ဖေဖော်ဝါရီ ၃ ရက်မှစတင်၍ အမျိုးသားဘောလုံးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)အထိ ကျင်းပပြီး ဗိုလ်လုပွဲများနှင့် ဆုပေးပွဲများကိုလည်း တစ်ဆက်တည်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (၀၅၃)

## ကလေးငယ်များ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရေး စာဖတ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**လေရှီး ဖေဖော်ဝါရီ ၁**

မြန်မာနိုင်ငံ၏ အနာဂတ်တွင် ခေါင်းဆောင်များဖြစ်လာမည့် ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရန်၊ ကလေးများ၏ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်နှင့် ကလေးများ၏ အပြောအဆိုနှင့် နှုတ်မှုရေးရာစွမ်းရည်များ မြင့်မားလာစေရန် ရည်ရွယ်ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်းမှုဖြင့် ဇန်နဝါရီ ၃၀ ရက်က စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်တွင် ပုံပြောပြိုင်ပွဲ၊ ကဗျာ ရွတ်ပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲများတွင် လေရှီးမြို့ပေါ်ရှိ အမက ကျောင်းငါးကျောင်းမှ မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ၄၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ထူးချွန်ဆုရရှိသည့် ကလေးငယ်များအား မြို့နယ်အမျိုး သမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေဝါကိုကိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဆွေနှင်းတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထိုကဲ့သို့ ပြိုင်ပွဲများကို ကျင်းပပေးခြင်းအားဖြင့် ကလေးငယ်များ စာပေနှင့် ရင်းနှီးလာပြီး လွတ်လပ်ပေါ့ပါး ပျော်ရွှင်ကြည်နူးစွာဖြင့် ဉာဏ်ရည်များ ဖွံ့ဖြိုးလာစေမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## မူခင်းကျဆင်းရေး ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစဉ်များ ရှင်းလင်းပြောကြား

**မော်လမြိုင် ဖေဖော်ဝါရီ ၁**

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှ ကြီးမှူးဖွင့်လှစ်သော ပြည်သူဗဟိုရဲလုပ်ငန်းစနစ်(ဆင့်ပွား) သင်တန်း အမှတ်စဉ် (၂/၂၀၁၇) မှ သင်တန်းသားအရာရှိများသည် ဇန်နဝါရီ ၃၀ ရက် နံနက်က မော်လမြိုင်မြို့ ဇေယျာသီရိရပ်ကွက်အတွင်း နေထိုင်သည့် ပြည်သူလူထုများအား မူခင်းကျဆင်းရေးနှင့်ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်အား တစ်အိမ်တက်ဆင်း ရင်းနှီးပွင့်လင်းစွာ ရှင်းလင်းပြောကြားပြီး ရဲတပ်ဖွဲ့အပေါ် ပြည်သူများ၏ဝေဖန်အကြံပြုချက်များကို အလေးထားမှတ်သား နာယူကြကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ခဲ့ကြရာတွင် မူခင်းများလျော့နည်းကျဆင်းလာရေးကို ကြိုတင်ကာကွယ်မှုဖြင့် အခြေခံပြီး ဥပဒေကို လေးစားလိုက်နာသော ပြည်သူလူထုနှင့်ပူးပေါင်းကာ ရဲတပ်ဖွဲ့လုပ်ငန်းစဉ်များ အောင်မြင်လာရေးအတွက် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ရခြင်းဖြစ်ကြောင်း၊ သင်တန်းနည်းပြများဖြစ်ကြသည့် ဒုရဲမှူး စိုးမွန်နှင့်ဒုရဲမှူးမျိုးသန့်တို့က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

## ကျေးရွာချင်းဆက် ရေကျော်တံတားဖွင့်ပွဲ ဘိုကလေး၌ကျင်းပ

**ဘိုကလေး ဖေဖော်ဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး မော်ကျွန်းမြို့နယ် မြတ်သာကျေးရွာအုပ်စု ရေကျော်ကျေးရွာနှင့် ဘိုကလေးမြို့နယ်မဂူကျေးရွာအုပ်စု သာယာကုန်းကျေးရွာတို့ကို ဆက်သွယ်ပေးသော သာယာကုန်းရေကျော်တံတားဖွင့်ပွဲကို ဇန်နဝါရီ ၂၉ ရက် နံနက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ဘိုကလေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်၊ မော်ကျွန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းတို့နှင့်အတူ ဘိုကလေးမြို့မှ အလှူရှင်ဒေါ်တင်ရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါတံတားမှာ အလျား ပေ ၁၅၀၊ အကျယ် ရှစ်ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၁၃ ပေရှိသော ဘိုးပိုင်သံကူကွန်ကရစ်တံတားဖြစ်ပြီး ဘိုကလေးမြို့နယ် အမှတ်(၈) ရပ်ကွက် ရတနာ(၃)လမ်း ဒေါ်တင်ရီ မိသားစုက ငွေကျပ် ၃၇၆သိန်းကျော် အကုန်အကျခံ လှူဒါန်းခြင်းဖြစ်သည်။ ယင်းတံတားကြောင့် မော်ကျွန်းဘက်ခြမ်းမှ ကျေးရွာပေါင်း ၂၀ ကျော်၊ ဘိုကလေးဘက်အခြမ်းမှ ကျေးရွာ ၂၀ ကျော်တို့ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ဒေသခံများက ဝမ်းသာလျက်ရှိကြောင်း သိရသည်။

**ဌေးနိုင်-ဘိုကလေး**

# သတိပြုစေချင် အဖ်လာတော်ဆင် (Aflatoxin)

## ဝင်းသန်း (DOA)

အဖ်လာတော်ဆင်(Aflatoxin) ဟူသောစကားလုံးသည် Aspergillus flavus မှိုနှင့် toxin (အဆိပ်) စကားလုံးနှစ်လုံးကို ပေါင်းစပ်ခေါ်ဝေါ်သော လက်တင်စကားလုံးဖြစ်သည်။ အဖ်လာတော်ဆင် (Aflatoxin) သည်မှိုများမှ ထုတ်လုပ်သော အဆိပ်၊ မိုက်ကိုတော်ဆင် (Mycotoxin)တစ်မျိုးဖြစ်သည်။ ထိုအဖ်လာတော်ဆင်များသည် အလွန်အဆိပ်ပြင်းထန်သော ဓာတ်ပေါင်းများဖြစ်ပြီး လူနှင့် အခြားတိရစ္ဆာန်များကို ချက်ချင်းအဆိပ်သင့်ပြီး အန္တရာယ်ဖြစ်စေနိုင်သလို နာတာရှည်အဆိပ်သင့်ကာ ကင်ဆာရောဂါဖြစ်စေ၍ အသက်ဆုံးရှုံးနိုင်သည်။

စိုက်ပျိုးရေးသီးနှံများတွင် ကျရောက်ဖျက်ဆီးတတ်သော မှိုရောဂါများဖြစ်စေသည့် မှိုအမျိုးမျိုးအနက် အဖ်လာတော်ဆင် အဓိကထုတ်သောမှိုများမှာ Aspergillus flavus နှင့် Aspergillus parasiticus တို့ဖြစ်ကြသည်။ အခြားAspergillus မှိုမျိုးရင်းဝင်များဖြစ်သော Aspergillus nomius and Aspergillus niger တို့သည်လည်း အဖ်လာတော်ဆင် ထုတ်ကြသည်။ Aspergillus မှိုမျိုးရင်းဝင် မှိုများသည် မြေကြီး၊ သီးနှံပင်ကြွင်းပင်ကျန်များနှင့် လေထဲတွင် ပျံ့နှံ့နေသည်။ ကမ္ဘာကြီး၏ ပူနွေးစွတ်စိုသော နေရာဒေသများတွင် ယင်းမှိုများ ပေါက်ရောက်မှုများသည်။

ယင်းမှိုများသည်စိုက်ပျိုးသီးနှံအများစုနှင့် သိုလှောင်သီးနှံများတွင် ကျရောက်တတ်သည်။ အစိုဓာတ် အနည်းငယ်နှင့် အပူချိန် (၁၃-၃၇) ဒီဂရီ စင်တီဂရိတ်တွင် ပေါက်ပွားနိုင်ပြီး အဖ်လာတော်ဆင်များ ထုတ်လုပ်နိုင်သည်။

အဖ်လာတော်ဆင်များတွင် B1, B2, G1, နှင့် G2 ဟူသော အမျိုးအစား လေးမျိုးရှိပြီး သဘာဝအတိုင်းအစားအစာများတွင် တွေ့ရသည်။ ယင်းတို့အနက် B1 အမျိုးအစားသည် အစားအစာများတွင် အများဆုံးတွေ့ရပြီး အလွန်အဆိပ်သင့်စေတတ်ကာ လူကို ကင်ဆာဖြစ်စေသည်။ ယင်းအပြင် အဖ်လာတော်ဆင်ပါဝင်သော အစာများကို စားသောက်ရသော နို့စားနွားများမှ ထုတ်လုပ်ရရှိသော နို့နှင့်နို့ထွက်ပစ္စည်းများတွင် အဖ်လာတော်ဆင်မှ ဆင်းသက်လာသော ဓာတ်ပေါင်းဖြစ်သည့် အဖ်လာတော်ဆင် (Aflatoxin) M1 နှင့် M2 အမျိုးအစားများပါဝင်သည်။

၁၉၆၀ပြည့်နှစ်၌ ဗြိတိန်နိုင်ငံ၌ ကြက်ဆင်အကောင်တစ်သိန်းနှင့် အခြားကြက်ခြံ များမှကြက်များ တစ်ပြိုင်နက်သေဆုံးရာမှ ကျွေးသောအစာ (မြေပဲပါဝင်သောအစာ)မှ အဆိပ်သင့်မှုဖြစ်ကြောင်းခြေရာခံမိပြီး နောက်ပိုင်းတွင် ထိုအစာများတွင် အဆိပ်ဖြစ်ပေါ်ခြင်းမှာ အဖ်လာတော်ဆင်ကြောင့်ဖြစ်ကြောင်း သိရှိနိုင်ခဲ့သည်။

အိန္ဒိယနိုင်ငံတွင်၁၉၇၄ခုနှစ်တွင်လူပေါင်း ၄၀၀ ခန့်သည်အဖ်လာတော်ဆင်ပါဝင်သော ပြောင်းများကို စားသုံးပြီးနောက် အသည်းရောင်အသားဝါဖြစ်ကာ ဖျားနာမှုဖြစ်ပွားခဲ့ပြီး လူပေါင်း ၁၀၀ ကျော်သေဆုံးခဲ့သည်။ ကင်ညာနိုင်ငံတွင်လည်း ၂၀၀၄ ခုနှစ်၌အလားတူဖြစ်ရပ်မျိုးလူပေါင်း ၃၁၇ တွင် ဖြစ်ပွားရာ ၁၂၅ ဦး အသက်ဆုံးရှုံးခဲ့သည်။

စိုက်ပျိုးရေးထွက်ကုန်များဖြစ်သော နှံစားသီးနှံများ၊ ဆီထွက်သီးနှံများ၊ ဟင်းခတ်အမွှေးအကြိုင်များနှင့် အခွံမာအသီး၏ အဆန်များမှထုတ်လုပ်သော အစားအစာပစ္စည်းများတွင် အဖ်လာတော်ဆင် ပါဝင်နိုင်လေသည်။ သင့်လျော်သော သိုလှောင်မှုအခြေအနေမရှိသော နှမ်း၊ နေကြာ၊ ပြောင်း၊ မြေပဲ၊ ငရုတ်၊ ဂျုံ၊ ပဲပုပ်၊ ငရုတ်ကောင်း၊ အသီးခြောက်များ၊ ဝါစေ့၊ ကွမ်းသီး၊ ပဲအမျိုးမျိုး၊ သဖန်းသီး၊ သလဲသီး၊ ပီလောပီနံနှင့် အဆန်ပါသောအသီးများ စသည်တို့တွင် အဖ်လာတော်ဆင် ပါဝင်နိုင်သည်။ နို့၊ ချိစ်နှင့် အခြားသော နို့ထွက်ပစ္စည်းများသည်လည်း အဖ်လာတော်ဆင် ပါဝင်နိုင်မှု အန္တရာယ်မြင့်မားသည်။ ကမ္ဘာကြီး၏ ပူနွေးသောဒေသများမှ ကုန်ပစ္စည်းများတွင် အဖ်လာတော်ဆင် ပါဝင်မှု အမြင့်မားဆုံးကို တွေ့ရပြီး ရာသီဥတုပြောင်းလဲမှုနှင့် လွန်စွာဆက်စပ်လျက်ရှိသည်။

အစားအစာထုတ်လုပ်သော မူလကုန်ပစ္စည်းများတွင် အဖ်လာတော်ဆင် ထုတ်သော မှိုများပါဝင်မှုရှိပါက အဖ်လာတော်ဆင်သည် ဆက်လက်တည်မြဲနေပြီး ယင်းမှ ထုတ်လုပ်သော ဆက်စပ်ပစ္စည်းများတွင် အဖ်လာတော်ဆင် ပါဝင်နိုင်သောကြောင့် သတိထားသင့်ပေသည်။ ဥပမာအားဖြင့်မြေပဲထောပတ်တွင် ဤပြဿနာကို တွေ့ရှိနိုင်သည်။

အန္တရာယ်ဖြစ်စေရန်လုံလောက်သော မြင့်မားသည့် အဖ်လာတော်ဆင် ပမာဏရရှိပါက အော့အန်ခြင်း၊ ဗိုက်အောင့်ခြင်း၊ အဆုတ်ထဲရေဝင် ခြင်းစသည်တို့ လတ်တလောခံစားရတတ်သည်။ ရေရှည်တွင်အကြောဆွဲ၍ ခန္ဓာကိုယ်တုန်တက်ခြင်း၊ မေ့မြောခြင်း၊ ကင်ဆာဖြစ်ခြင်း၊ မျိုးရိုးဗီဇပြောင်းလဲခြင်းနှင့် အသက်ဆုံးသည်အထိ အန္တရာယ်ဖြစ်စေနိုင်သည်။ အသည်းကို ထိခိုက်ပျက်စီးမှု အများဆုံးဖြစ်စေနိုင်ပြီး အခြားသော ကိုယ်ခန္ဓာအစိတ်အပိုင်းဖြစ်သည့် အဆုတ်၊ ကျောက်ကပ်၊ ဦးနှောက်နှင့်နှလုံးတို့တွင်လည်း အဖ်လာတော်ဆင် ပမာဏပါဝင်မှု မြင့်မားပြီး တစ်ခုချင်း ပျက်စီးသည်ကို တွေ့ရပါသည်။

အဖ်လာတော်ဆင်ထုတ်သော မှိုတစ်မျိုးဖြစ်သည့် Aspergillus flavus သည် ခြောက်သွေ့သောရာသီဥတုအခြေအနေတွင် စိုက်ပျိုးထားသော မြေပဲတွင် အဆိုပါမှိုကျရောက်မှုကို အားပေးတတ်ပြီး ပြောင်းစိုက်ခင်းတွင် အင်းဆက်ပိုးတို့ကျရောက်ဖျက်ဆီးပါက Aspergillus flavus မှိုပိုမိုကျရောက် နိုင်လေသည်။ သီးနှံများသိုလှောင်ရာတွင် အပူချိန်၁၃-၃၇ ဒီဂရီစင်တီဂရိတ်နှင့် အစိုဓာတ် (approximate minimum $A_w$ 0.82) အနည်းဆုံး ၀ ဒသမ ၈၂ ရရှိလျှင်ပင် Aspergillus flavus ပေါက်ပွားတတ်ပြီး အဖ်လာတော်ဆင် ထုတ်လုပ်နိုင်လေသည်။

သိုလှောင်ထားသော သီးနှံများတွင် မှိုများပေါက်ပွားမှုနှင့် အဖ်လာတော်ဆင် ထုတ်လုပ်မှုသည်လည်း အရေးကြီးသည်။ အထူးသဖြင့်သိုလှောင်သော သီးနှံသည် လုံလောက်သော ခြောက်သွေ့မှု မရရှိခြင်း၊ အင်းဆက်ဖျက်ပိုးများ ကျရောက်မှုရှိခြင်းတို့ကြောင့် မှိုများပေါက်ပွားပျံ့နှံ့စေသည်။

အဖ်လာတော်ဆင်သည် ပြိုကွဲရန်မလွယ်ကူသည့် တည်မြဲနေနိုင်သော ဓာတ်ပေါင်းများ ဖြစ်သည်။ မြင့်မားသော အပူချိန်တွင်ပင် တည်မြဲနေနိုင်ပြီး အနည်းငယ်သာပြိုကွဲနိုင်သည်။ သို့သော်လည်း အပူပေးခြင်းနှင့် ချက်ပြုတ်ခြင်းတို့ကြောင့်

**အဖ်လာတော်ဆင်များတွင် B1, B2, G1, နှင့် G2 ဟူသော အမျိုးအစား လေးမျိုးရှိပြီး သဘာဝအတိုင်းအစားအစာများတွင် တွေ့ရသည်။ ယင်းတို့အနက် B1 အမျိုးအစားသည် အစားအစာများတွင် အများဆုံးတွေ့ရပြီး အလွန်အဆိပ် သင့်စေတတ်ကာ လူကို ကင်ဆာဖြစ်စေသည်။ ယင်းအပြင် အဖ်လာတော်ဆင် ပါဝင်သော အစာများကို စားသောက်ရသော နို့စားနွားများမှ ထုတ်လုပ်ရရှိသော နို့နှင့်နို့ထွက်ပစ္စည်းများတွင် အဖ်လာတော်ဆင်မှ ဆင်းသက်လာသော ဓာတ်ပေါင်းဖြစ်သည့် အဖ်လာတော်ဆင် (Aflatoxin)M1နှင့် M2 အမျိုးအစားများပါဝင်**

အဖ်လာတော်ဆင် ပါဝင်မှုအားလုံး ပြိုကွဲပျက်စီးမှု မဖြစ်နိုင်ပေ။ ဥပမာအားဖြင့် ကော်ဖီစေ့အား အပူချိန် ၁၈၀ ဒီဂရီစင်တီဂရိတ်တွင် ၁၀ မိနစ်အပူပေးရာ အဖ်လာတော်ဆင် (AflatoxinB1) ပါဝင်မှု၅၀ရာခိုင်နှုန်းသာ လျော့ကျသွားသည်။

ပဲများ၊ အစေ့အဆန်များအား အပူချိန် ၁၀၀ နှင့် ၁၅၀ ဒီဂရီစင်တီဂရိတ်တွင် ၉၀ မိနစ် အပူပေးရာ အဖ်လာတော်ဆင်(Aflatoxin B1)ပါဝင်မှု ၄၁ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၈၁ ဒသမ ၂ ရာခိုင်နှုန်းအထိ လျော့ကျစေကြောင်း စမ်းသပ်တွေ့ရှိရသည်။ သို့သော် ထိုသို့အပူချိန်ကြာမြင့်စွာပေးခြင်းသည် ပဲများအစေ့အဆန်များတွင် ပါဝင်သော အာဟာရဓာတ်များ၊ ဗီတာမင်များကို ပျက်စီးစေသည့်အတွက် အပူပေးခြင်းသည် တိကျသော လိုအပ်သော ဖြေရှင်းချက်မဟုတ်ပေ။

မြန်မာနိုင်ငံမှ ထုတ်လုပ်သော မြေပဲဆီ၊ နှမ်းဆီများ(ဆုံဆီနှင့်စက်ဆီ)တွင် အဖ်လာတော်ဆင် ပါဝင်မှုရှိရခြင်းမှာ ဆီကြိတ်သောဆုံ (သို့) စက်များတွင် မှိုပေါက်ပွားမှုများ ရှိနိုင်သလို မြေပဲ၊နှမ်းတို့တွင်လည်း ထိုမှိုများ ပါဝင်နေမှုတို့ကြောင့်ဖြစ်နိုင်သည်။

ငရုတ်သီးမှုန့်ပြုလုပ်ရန် ငရုတ်သီးများသိုလှောင်ရာတွင် အစိုဓာတ်ကို အတတ်နိုင်ဆုံး လျှော့ချရန်ဖြစ်သော်လည်း ခြောက်သွားပါက သယ်ယူပို့ဆောင်ရာတွင် အသီးများကွဲအက်ကာ အစေ့များထွက်ကျ ကုန်သဖြင့် အလေးချိန်လျော့သွားခြင်း၊ အစိုဓာတ်မရှိသဖြင့် အလေးချိန်လျော့သွားခြင်း စသည်တို့ မဖြစ်စေရန်အတွက် အစိုဓာတ်ကို လိုအပ်သလောက် မလျော့ခြင်းများကြောင့် မှိုပေါက်ပွားမှုကို အားပေးစေသည်။ ယင်းမှိုများပါဝင်သောငရုတ်သီးများကို အမှုန့်ကြိတ်ပါက အဖ်လာတော်ဆင်ပါဝင်မှု ရှိမည်ဖြစ်သည်။

အဖ်လာတော်ဆင် ပါဝင်မှုကို TLC (Thin layer chromatography), HPLC (High Performance Liquid Chrom- atography)နှင့် ELISA (Enzyme-Linked Immunosorbent Assay) စသောခေတ်မီနည်းပညာများဖြင့် စမ်းသပ်စစ်ဆေးနိုင်သည်။ သို့သော် သီးနှံအစု အပုံများ၌ မှိုနှင့် အဖ်လာတော်ဆင် ပါဝင်မှုကို စမ်းသပ်ရာတွင် လုံလောက်သော နမူနာနှင့် ကိုယ်စားပြု နမူနာဖြစ်ရန် လိုအပ်သည်။

အမေရိကန်နိုင်ငံ အစားအစာနှင့်ဆေးဝါးကွပ်ကဲရေး (FDA) မှအစားအစာများတွင် အဖ်လာတော်ဆင်ပါဝင်မှု သတ်မှတ်ထားသော နှုန်းထားမှာ သန်း ၁၀၀၀ လျှင် ၂၀ (20 ppb) အထိသာ ပါဝင်ရမည်ဖြစ်သည်။ တိရစ္ဆာန် အစားအစာများတွင်မှု သန်း ၁၀၀၀ လျှင် ၃၀၀ (300 ppb) အထိ ခွင့်ပြုထားသည်။

ဥရောပသမဂ္ဂနိုင်ငံများတွင် အစားအစာ၌ အမြင့်ဆုံးပါဝင်နိုင်မှု ကန့်သတ်ထားသောနှုန်းထားမှာ သန်း ၁၀၀၀ လျှင် 4 - 15 (4 to 15 ppb) ဖြစ်သည်။

မရိတ်သိမ်းမီစိုက်ခင်း၌ပင် အဖ်လာတော်ဆင် ပါဝင်မှုကို ထိန်းချုပ်ကာကွယ်ခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ ကင်းမွန်သော စိုက်ပျိုးရေးနည်းလမ်းကောင်းများ၊ (Good Agricultural Practice - GAP) ကို လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အဖ်လာတော်ဆင်ထုတ်လုပ်နိုင်သော မှိုပေါက်ပွားမှု၊ ပါဝင်မှုကို ထိန်းချုပ်ကာကွယ်နိုင်ပါသည်။

- စိုက်ခင်းမြေကို ကောင်းစွာပြုပြင်ပါ။
- သီးနှံ ပင်ကြွင်း ပင်ကျန်များကို ဖျက်ဆီးပစ်ပါ။
- သီးနှံများ အာဟာရဓာတ်အပြည့်အစုံရအောင် မြေဩဇာကို လိုအပ်သလို သုံးပါ။
- သီးနှံများကို အလှည့်ကျ စိုက်ပျိုးပါ။
- မှိုနှင့်အင်းဆက်ဖျက်ပိုးများ ခံနိုင်ရည်ရှိသော မျိုးများသုံးစွဲပါ။
- မျိုးစေ့ကို ဟိုမိုင်း၊ ကာဗင်ဒါဇင်၊ ဘီနိုမိုင်းစသော ဆေးတို့ဖြင့် လူးနယ် စိုက်ပျိုးပါ။
- အင်းဆက်ဖျက်ပိုးများကို နှိမ်နင်းပါ။
- ရောဂါကျရောက်မှုကို နှိမ်နင်းပါ။
- ခြောက်သွေ့မှုမရှိစေရန် ရေသွင်းဆောင်ရွက်ပါ။
- သီးနှံရင့်မှည့်မှုအဆင့် မှန်ကန်သော အချိန်နှင့် မှန်ကန်သင့်လျော်သော အစိုဓာတ်ရှိချိန်တွင် ခူးဆွတ်ရိတ်သိမ်းပါ။

ရိတ်သိမ်းချိန်နောက်ပိုင်းနှင့် သိုလှောင်ချိန်တွင် အရေးအကြီးဆုံးနှင့် ထိရောက်သော ကာကွယ်နည်းမှာ အစိုဓာတ်ပါဝင်မှုကို ထိန်းချုပ်သော နည်းဖြစ်သည်။

အစိုဓာတ်သင့်လျော်သောအချိန်တွင် ရိတ်သိမ်းခြင်း၊ ရိတ်သိမ်းပြီး သီးနှံများအား သိုလှောင်ရာတွင် သတ်မှတ်ထားသော အစိုဓာတ်ရရှိအောင် ဆောင်ရွက်ခြင်းသည် မှိုများပေါက်ပွားမှုနှင့် အဖ်လာတော်ဆင် ထုတ်လုပ်မှုကို တားဆီးပေးရာတွင် အလွန်အရေးပါသည်။ သိုလှောင်ရာ၌ ပြောင်းသီးနှံအတွက် ၂၀ ဒီဂရီ စင်တီဂရိတ်တွင် လုံခြုံစိတ်ချရသော အစိုဓာတ်သည် ၁၄ ရာခိုင်နှုန်းဖြစ်သော်လည်း မြေပဲအတွက်မှုကား ၇ ရာခိုင်နှုန်းခန့်ဖြစ်သည်။ ထိုအစိုဓာတ်ကို သိုလှောင်ရာနှင့် သယ်ယူပို့ဆောင်ရာတွင် ထိန်းသိမ်းထားရှိရန်လိုအပ်သည်။

အပူချိန် ၁၃ ဒီဂရီစင်တီဂရိတ်အောက်တွင် Aspergillus flavus မှိုပေါက်ပွားမှု နှေးကွေးသွားပြီး ၃၇ ဒီဂရီစင်တီဂရိတ်တွင် ပေါက်ပွားမှု အမြန်ဆုံးဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တင်ပို့မည့်မြေပဲများတွင် အဖ်လာတော်ဆင်ပါဝင်မှုကို သန်း၁၀၀၀လျှင် ၂၀ (20 ppb) အထိသာ ခွင့်ပြုပြီး စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ သီးနှံကာကွယ်ရေးဓာတ်ခွဲခန်းမှ စစ်ဆေးမှုများ ပြုလုပ်ကာ လက်မှတ်များ ထုတ်ပေးလျက်ရှိသည်။

ဘေးကင်းလုံခြုံစိတ်ချရသော အစားအစာအတွက် အဖ်လာတော်ဆင် ပါဝင်မှုကို တရားဝင် အတည်ပြုပြဋ္ဌာန်းထားခြင်း မရှိသေးသော်လည်း ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ရောင်းချသော အစားအစာများတွင် အဖ်လာတော်ဆင် ပါဝင်မှုသည် လွန်စွာနည်းပါးသည်။

အစားအစာများတွင် အဖ်လာတော်ဆင် ပါဝင်မှုကို သာမန် မျက်စိဖြင့် ခွဲခြားနိုင်ခြင်း မရှိသဖြင့် အကောင်းဆုံး ကြိုတင်ကာကွယ်နည်းမှာ အစားအစာများကို သေချာစွာ စစ်ဆေးပြီး မှိုတက်သော အသီးအနှံနှင့် အစားအစာများကို စားသုံးခြင်းမပြုဘဲ စွန့်ပစ်ခြင်းပင်ဖြစ်ပေသည်။

---

# ရေကြည်မြို့နယ်အတွင်း ချောင်းကော၊ မြောင်းကောများအား ပြန်လည်တူးဖော်လျက်ရှိ

**ရေကြည် ဖေဖော်ဝါရီ ၁**

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်အတွင်း ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစ၍ ၂၀၁၆-၂၀၁၇ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆည်မြောင်းဦးစီးအရာရှိ(မြို့ပြ) ဦးဝင်းမော်က တာဝန်ယူကာ ကြာအင်း-မှော်သေး၊ မိတ္ထီလာရိုး၊ ဝွေးတောက်ရိုး၊ ချောင်းဖျားချောင်း၊ ညောင်းပင်ရိုး-ရေလယ်ရိုး၊ ကျုံတာရိုး(ခ)ကြံလဟာရိုး၊ စစ်တပင် ရေသွယ်မြောင်းမကြီး ကိုင်းချောင်း-ယိုးဒယားမြောင်း၊ အမှတ်(၁၈) မြောင်းမကြီး-ထန်းကျွန်းဆိပ်သာ-အောက်အင်း စသည့် မြောင်းကိုးမြောင်းကို ချောင်းကော မြောင်းကောများ တူးဖော်လျက်ရှိကြောင်း သိရသည်။

အဆိုပါတူးဖော်မှုသည် ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဟု သိရပြီး ချောင်းကော မြောင်းကောများ တူးဖော်ပြီးပါက အောင်ရေများအဖြစ် အကျိုးပြုဧက ၂၃၀၀၀ ကျော်ခန့်ကို အကျိုးပြုနိုင်မည် ဖြစ်ကြောင်း သိရသည်။

**မင်းဇော်ဦး(ရေကြည်)**


# ဝက်စ်ဟမ်း ကစားသမားတွေက အလိုမရှိတော့တဲ့ ပါယက်စ်

ဝက်စ်ဟမ်း ကစားသမားများက တိုက်စစ်မှူး ဒီမစ်ထရီပါယက်စ်အား မာဆေးသို့ မပြောင်းမီ ပြောင်းရွှေ့ရန် လိုလားမှုရှိခဲ့ကြောင်း အသင်းဥက္ကဋ္ဌ ဒေးဗစ်ဆူလ်ဗန်က ဆိုပါတယ်။ အသက် ၂၉ နှစ်အရွယ်ရှိ ပြင်သစ်တိုက်စစ်မှူး ပါယက်စ်ဟာ ပေါင် ၂၅ သန်းနဲ့ ပြင်သစ် လီဂူး-၁ ကလပ် မာဆေးကို ပြောင်းရွှေ့ခဲ့ပါတယ်။ သူဟာ ပြီးခဲ့တဲ့လက ဝက်စ်ဟမ်းအသင်းအတွက် ကစားပေးရန် ငြင်းဆိုခဲ့ပြီးနောက် ပြင်သစ်ကလပ် မာဆေးသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပါတယ်။ သူဟာ ၂၀၁၅ ခုနှစ် ဇွန်လက ဝက်စ်ဟမ်းအသင်းသို့ ရောက်ရှိလာပြီး အခြားကစားသမားတွေနဲ့လည်း စကားပြောဆိုခဲ့ခြင်းမရှိပါဘူးလို့ ဆိုပါတယ်။ သူဟာ ပထမနှစ်ထဲမှာ ၁၂ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တဲ့အတွက် PFA အကောင်းဆုံး ဘောလုံးသမားဆု ဆန်ခါတင် စာရင်းမှာ ပါဝင်ခဲ့ပါတယ်။ သို့သော်လည်း စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်းမှာ သုံးဂိုးသာ သွင်းယူပေးနိုင်ခဲ့ပါတယ်။ သူဟာ ဝက်စ်ဟမ်းအသင်းအတွက် ကစားပေးဖို့ လိုလိုလားလားမရှိတော့ဘူးလို့ နည်းပြ ဘီလစ်က ဆိုပါတယ်။ သူဟာ ခြောက်လကြာ အရန်ကစားသမားအဖြစ်သာ ရှိနေခဲ့ပါတယ်။ ကစားခြင်းမရှိဘဲ ပေါင် သုံးလေးသန်းလောက် အလဟဿ ကုန်ကျနေတဲ့အတွက် ဝက်စ်ဟမ်းအသင်းက နောက်ဆုံးမှာ ရောင်းထုတ်ခဲ့ရတယ်လို့ ဆိုပါတယ်။




# ချယ်လ်ဆီးက ပစ်မှတ်ထားနေတဲ့ ဆဲလ်တစ် တိုက်စစ်မှူး

ဇန်နဝါရီလ အပြောင်းအရွှေ့မှာ ချယ်လ်ဆီးအသင်းက ဆဲလ်တစ်တိုက်စစ်မှူး မော့ဆာ ဒမ်ဘီလီကို ခေါ်ယူသွားဖို့ သေချာနေတယ်လို့ ဆိုပါတယ်။ ချယ်လ်ဆီးက တိုက်စစ်မှူး ဒမ်ဘီလီကို ခေါ်ယူဖို့ စိတ်ဝင်စားနေပါတယ်။ သို့ပေမယ့် ပေါင်သန်း ၃၀ ကျော်ပေးပြီး ဝယ်ယူရဖွယ်ရှိပါတယ်။ ဒမ်ဘီလီဟာ စကော့တလန် ပရီမီယာလိဂ်ထိပ်သီး ဆဲလ်တစ်အသင်းအတွက် အခုနှစ်ရာသီမှာ ဂိုးပေါင်း ၂၀ သွင်းယူပေးထားတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ ချယ်လ်ဆီး တာဝန်ရှိသူတွေက တိုက်စစ်မှူး ဒမ်ဘီလီနဲ့ တွေ့ဆုံပြီး အပြောင်းအ ရွှေ့ကိစ္စစီစဉ်နေပြီလို့ ဆိုပါတယ်။ ဒီတိုက်စစ်မှူးဟာ ဘရီဒန်းရော်ဂျာရဲ့ဆဲလ်တစ်အ သင်းကို နှစ်ပေါင်း ၅၀ အတွင်း ရှုံးပွဲမရှိအောင် အဓိက ကူညီပေးတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ အခြား ပရီမီယာလိဂ် အသင်းတွေကလည်း အသက် ၂၁ နှစ်အောက် ပြင်သစ်ကစားသမား ဒမ်ဘီလီကို အရခေါ်ယူသွားဖို့ စိတ်အားထက်သန်နေကြတယ်လို့ ဆိုပါတယ်။ သူဟာ ဒီနှစ်ထဲမှာ ဆဲလ်တစ်အသင်းအတွက် ဂိုးတွေ များများသွင်းထားပေးနိုင်သလို အဓိကအားထားရသူလည်း ဖြစ်ပါတယ်။ နည်းပြ ကွန်တီးက ဆဲလ်တစ် တိုက်စစ်မှူးကို ခေါ်ယူပြီး မီချိုင်းဘတ်ဆွာရီကို ဝက်စ်ဟမ်းအသင်းကို အငှားချထားဖို့ ရှိပါတယ်။



# ဒေါ့မွန်နဲ့ လိုက်ပ်ဇစ်တို့ ထိပ်တိုက်ဆုံမယ့် ဘွန်ဒက်စ်လီဂါပွဲစဉ် (၁၉)

*ဂျာမနီမြေက ဘွန်ဒက်စ်လီဂါပွဲစဉ်(၁၉)ကို ဖေဖော်ဝါရီ ၄ ရက်နဲ့ ၅ ရက်တွေမှာ ကစားကြမှာဖြစ်ပါတယ်။ အင်အားနဲ့ လျင်မြန်မှုကို ဦးစားပေးကစားတဲ့အသင်းတွေ တဖြည်းဖြည်းများလာတဲ့ ဘွန်ဒက်စ်လီဂါပွဲစဉ်တွေဟာ ပရိသတ်အကြိုက်ဖြစ်လာပြီး ရသစုံကို ခံစားအားပေးနေကြတာမို့ ပွဲကောင်းတွေဖြစ်လာပါတယ်။ ဒီတစ်ပတ်အတွက်ကတော့ ခြေစွမ်းပြနေတဲ့ အသင်းကြီးတွေရဲ့ အားထုတ်မှုက ရလဒ်ကောင်းတွေ ထွက်ပေါ်ဖို့ များနေတာတော့ အမှန်ပါပဲ။*




### ဘိုင်ယန်မြူးနစ်နှင့် ရှော်လ်ကေး

တန်းစီဇယားထိပ်ဆုံးကို ဦးဆောင်နေတဲ့ ဘိုင်ယန်မြူးနစ်တို့က ဒုတိယနေရာက လိုက်ပ်ဇစ်ရဲ့ဖိအားပေးမှုကြောင့် ဒီပွဲကို အနိုင်ရအောင် ကြိုးစားပါလိမ့်မယ်။ အသင်းလိုက်ရော တစ်ဦးချင်းပါ စွမ်းဆောင်မှုကောင်းနေတဲ့ ဘိုင်ယန်မြူးနစ်တို့က အခုပွဲမှာ အကောင်းဆုံးကစားသမားတွေနဲ့ ပွဲထွက်လာမှာ သေချာပြီး ရှော်လ်ကေးကို အသာရအောင် ကစားမှာပါ။ ရှော်လ်ကေးတို့က အဝေးကွင်းမှာ ရလဒ်မကောင်းတတ်သလို ဘိုင်ယန်မြူးနစ်တို့ ဆုံတိုင်း ခက်ခဲခဲ့တာချည်းဖြစ်လို့ ဒီပွဲမှာ တစ်မှတ်ရဖို့တောင် မလွယ်ပါဘူး။

### ဒေါ့မွန်နှင့် လိုက်ပ်ဇစ်

ဒီနှစ် ဘွန်ဒက်စ်လီဂါမှာ ထူးထူးခြားခြားခြေစွမ်းပြနေတဲ့လိုက်ပ်ဇစ်တို့အတွက် အခုပွဲက ပွဲကျပ်ဖြစ်နေပါတယ်။ အိမ်ကွင်း၊ အဝေးကွင်းမှာ ခြေစွမ်းတည်ငြိမ်အောင် ကစားနိုင်တဲ့ လိုက်ပ်ဇစ်တို့က ဂိုးသွင်းအားကောင်းတဲ့ ဝါနာကိုအားထားပြီး ထိုးဖောက်ဖို့ ကြိုးစားမှာပါ။ တန်းစီဇယား စတုတ္ထနေရာမှာ ရပ်တည်နေတဲ့ ဒေါ့မွန်တို့က ဒီပွဲမှာ အနိမ့်ဆုံးတစ်မှတ်ရအောင် ကြိုးစားမှာဖြစ်ပေမယ့် အမှတ်ပြည့်ရယူရေးကိုပဲ အားသွန်ခွန်စိုက် ပုံဖော်ပါလိမ့်မယ်။ ဒီပွဲက ဒေါ့မွန် အိမ်ကွင်းဖြစ်ပေမယ့် အမှတ်ခွဲယူရသွားနိုင်ပါတယ်။

### ဟော့ဖန်ဟိန်းနှင့် မိန့်ဇ်

ဒီနှစ်မှာ ပုံမှန်ခြေစွမ်းရနေတဲ့ ဟော့ဖန်ဟိန်းတို့ ပွဲတိုင်းအမှတ်ရအောင် ကြိုးစားနိုင်နေပါတယ်။ ဟော့ဖန်ဟိန်းမှာ တက်ဂနာက ဂိုးသွင်းနိုင်စွမ်းရှိပြီး ဒီနှစ်မှာတော့ တစ်ဦးတည်း ၁၀ ဂိုးသွင်းယူထားနိုင်ပါတယ်။ မိန့်ဇ်တို့ကတော့ ခြေစွမ်းအတက်အကျရှိနေပြီး ပြိုင်ဘက်တိုက်စစ်ကို ဟန့်တားထိန်းချုပ်ရာမှာ အားနည်းချက်တွေရှိနေဆဲပါပဲ။ အခုပွဲမှာ အိမ်ကွင်းလည်းဖြစ်တာမို့ ဒီနှစ် ဘွန်ဒက်စ်လီဂါမှာ တစ်ပွဲသာရှုံးထားသေးတဲ့ ဟော့ဖန်ဟိန်းရဲ့ကြိုးစားမှုက အောင်ပွဲအဖြစ် ပုံဖော်နိုင်ပါလိမ့်မယ်။

### ကိုလုံးနှင့် ဝုဖ်ဘတ်

တိုက်စစ်မှူး မိုဒက်စ်တေရဲ့ သွင်းဂိုးတွေနဲ့ အမှတ်တွေရယူနေတဲ့ ကိုလုံးတို့လည်း ခြေစွမ်းမာကျောတဲ့ ဝုဖ်ဘတ်ကို ခက်ခက်ခဲခဲကျော်ဖြတ်ရမယ့် အနေအထားရှိနေပါတယ်။ ဝုဖ်ဘတ်ရဲ့ အားနည်းချက်က အဝေးကွင်းမှာ တိုက်စစ်မှူးတွေ ဂိုးသွင်းအားကျဆင်းတတ်တာပါပဲ။ ကိုလုံးတို့ရဲ့ အိမ်ကွင်းကြိုးစားမှုက ရလဒ်ကောင်းကို ဆောင်ကြဉ်းနိုင်တာမို့ ဒီပွဲရဲ့ အနိုင်ရလဒ်က ဂိုးမပြတ်နိုင်ပေမယ့် အိမ်ရှင်အတွက်ပဲ ဖြစ်သွားနိုင်ပါတယ်။

### ဟာသာဘာလင်နှင့် အင်ဂိုစတက်

တန်းဆင်းဇုန်ထဲ မကျဆင်းအောင် ရုန်းကန်နေရတဲ့ အင်ဂိုစတက်တို့အတွက်တော့ ဟာသာဘာလင်က ပွဲကျပ်တစ်ခုအဖြစ် ကြုံတွေ့စေရဦးမှာ ဖြစ်ပါတယ်။ ဟာသာဘာလင်တို့က ဒီနှစ် ဘွန်ဒက်စ်လီဂါမှာ ပုံမှန်ခြေစွမ်းရရှိနေပြီး အထူးသဖြင့် အိမ်ကွင်းမှာ အမှတ်ရအောင်ယူနိုင်နေပါတယ်။ ခံစစ်ပိုင်း ယိုယွင်းနေတဲ့ အင်ဂိုစတက်တို့ကတော့ ဒီပွဲမှာ ခံစစ်ကို လုံအောင်အခြေပြုပြီး ရင်ဆိုင်မှာမို့ ဟာသာဘာလင်တိုက်စစ်မှူးတွေရဲ့ ထိုးဖောက်ဂိုးသွင်းမှုတွေကိုပဲ စောင့်ကြည့်ရမှာပါ။ အိမ်ရှင် ပရိသတ်တွေ ပျော်ရွှင်ရမယ့်ပွဲဖြစ်ပါလိမ့်မယ်။

### ဟမ်းဘတ်နှင့် လေဗာကူဆင်

တန်းဆင်းဇုန်ထဲ ရောက်နေတဲ့ ဟမ်းဘတ်တို့အတွက် ဒီပွဲမှာ အမြင့်ဆုံး တစ်မှတ်ရအောင် ကြိုးစားရမယ့်အနေအထားပါပဲ။ ဟမ်းဘတ်တို့က တိုက်စစ်ရော ခံစစ်ပါ အားရစရာမရှိတာမို့ အိမ်ကွင်းဆိုပေမယ့် မျှော်လင့်ချက်ကြီးကြီးထားလို့ မရပါဘူး။ လေဗာကူဆင်တို့ကတော့ နိုင်ပွဲလိုအပ်နေပြီး အမှတ်ပြည့်ရယူရေးအတွက် အားသွန်ကစားမှာမို့ ဒီပွဲမှာ ဧည့်သည်တို့ နိုင်ပွဲရသွားနိုင်ပြီး အိမ်ရှင်တို့အတွက် ကံကောင်းမှ တစ်မှတ်လောက်ပဲ ရပါလိမ့်မယ်။ ။

**မိုးမြင့်လင်းလက်**

# လိဂ်မဟုတ်တဲ့အသင်းတွေ တက်ခွင့်ရတဲ့ အက်ဖ်အေဖလားပြိုင်ပွဲ

အက်ဖ်အေဖလား စတုတ္ထဆင့်တွင် လိဂ်ယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရခဲ့တဲ့ ဆွတ်တန်ယူနိုက်တက်အသင်းဟာ ပဉ္စမဆင့်ပြိုင်ပွဲမှာတော့ အာဆင်နယ်အသင်းကို အိမ်ရှင်အဖြစ် လက်ခံကစားရမှာဖြစ်ပါတယ်။ နေရှင်နယ်လိဂ်မှာ ဦးဆောင်နေတဲ့ ဆွတ်တန်ယူနိုက်တက်အသင်းဟာ (၁၂)ကြိမ် ချန်ပီယံဖြစ်ခဲ့တဲ့ အာဆင်နယ်ကို အိမ်ကွင်းမှာ လက်ခံကစားရမှာဖြစ်ပါတယ်။ နေရှင်နယ်လိဂ်မှာ ဦးဆောင်အသင်းတစ်သင်းဖြစ်တဲ့ လင်ကွန်းစီးတီးအသင်းကတော့ ဘန်လေအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။ လက်ရှိချန်ပီယံ မန်ယူကတော့ ပဉ္စမအဆင့်မှာ ဘလက်ဘန်းအသင်းနဲ့ ကစားရမှာ ဖြစ်ပါတယ်။ ပရီမီယာလိဂ် ထိပ်တန်း ငါးသင်းကတော့ ပဉ္စမဆင့်ပြိုင်ပွဲမှာ အဝေးကွင်းတွေ ကစားရမှာဖြစ်ပါတယ်။ ချယ်လ်ဆီးက ဝုဗ်အသင်း၊ စပါးက ဖူလ်ဟမ်၊ မန်စီးတီးက ဟွတ်ဒါဖီးလ်တို့နဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ နှစ်ပေါင်း ၁၄၆ နှစ်အတွင်း လိဂ်အသင်း မဟုတ်သော အသင်းနှစ်သင်း ၁၆ သင်းပြိုင်ပွဲသို့ တက်ရောက်နိုင်မှုမှာ အက်ဖ်အေသမိုင်းမှာ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**



# (၆၉)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း ရေးဖြေအောင်စာရင်းထုတ်ပြန်

*ယမန်နေ့မှအဆက်*

**ဝိနယပိဋက၊ ဝိနည်း(ပထမပိုင်း) နှစ်ကျမ်းအာဂုံအောင်**

**ဥဘတောဝိဘင်္ဂဓရ (၄၇)ပါး**

၁။ ပလ္လင်အမှတ် (၉၀) အရှင်နေမိန္ဒ၊ အသက်(၃၅)နှစ်၊ သိက္ခာ (၁၆)ဝါ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၉၃) အရှင်သုမန၊ အသက် (၃၁) နှစ်၊ သိက္ခာ (၁၁)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၉၄) အရှင်ဉာဏဝရ၊ အသက်(၃၁ နှစ်)၊ သိက္ခာ (၁၁) ဝါ၊ တိပိဋကစုဆန်းလီကျောင်းတိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၁၀၀) အရှင်ကဥ္စန၊ အသက် (၂၉ နှစ်)၊ သိက္ခာ (၉) ဝါ၊ တိပိဋကစုဆန်းလီကျောင်းတိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၁၀၃) အရှင်ပညာသီဟ၊ အသက် (၂၉ နှစ်)၊ သိက္ခာ (၈) ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ပလ္လင်အမှတ် (၁၀၇) အရှင်နန္ဒသာမိ၊ အသက် (၂၈ နှစ်)၊ သိက္ခာ (၈) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၇။ ပလ္လင်အမှတ် (၁၀၈) အရှင်ဃောသိတ (ဟုမ္မလင်း)၊ အသက်(၂၈ နှစ်)၊ သိက္ခာ(၈) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၈။ ပလ္လင်အမှတ် (၁၁၁) အရှင်စာရိန္ဒ၊ အသက် (၂၇ နှစ်)၊ သိက္ခာ (၈) ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ပလ္လင်အမှတ် (၁၁၆) အရှင်သြဘာသ (တောင်ငူ)၊ အသက် (၂၆ နှစ်)၊ သိက္ခာ (၆) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ် (၁၁၈) အရှင်ကိတ္တိဝိဒါလင်္ကာရ၊ အသက် (၂၆ နှစ်)၊ သိက္ခာ (၅)ဝါ၊ မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ပလ္လင်အမှတ် (၁၂၀) အရှင်သာဂရ၊ အသက် (၂၅ နှစ်)၊ သိက္ခာ (၅) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၁၂။ ပလ္လင်အမှတ် (၁၂၂) အရှင်မဏ္ဍလာလင်္ကာရ၊ အသက် (၂၄ နှစ်)၊ သိက္ခာ (၄) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၁၃။ ပလ္လင်အမှတ် (၁၂၄) အရှင်သုမန၊ အသက် (၂၃ နှစ်)၊ သိက္ခာ (၃)ဝါ၊ ဆင်ဖြူကျောင်းတိုက်၊ မော်လမြိုင်မြို့ မွန်ပြည်နယ်

၁၄။ ပလ္လင်အမှတ် (၁၂၅) အရှင်အပ္ပမေယျ၊ အသက် (၂၃ နှစ်)၊ သိက္ခာ (၃) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၁၅။ ပလ္လင်အမှတ် (၁၂၆) အရှင်ပညာဇောတာလင်္ကာရ၊ အသက် (၂၃ နှစ်)၊ သိက္ခာ (၁) ဝါ၊ သာမဏေကျော် ပရိယတ္တိစာသင်တိုက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး

၁၆။ ပလ္လင်အမှတ် (၁၂၇) အရှင်သီဟဇောလင်္ကာရ၊ အသက် (၂၀ နှစ်)၊ သိက္ခာ (၁) ဝါ၊ သာမဏေကျော်ပရိယတ္တိစာသင်တိုက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး

၁၇။ ပလ္လင်အမှတ် (၁၂၈) အရှင်ပညာဒီပ၊ အသက် (၂၀)နှစ်၊ သိက္ခာ(၁)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ပလ္လင်အမှတ် (၁၂၉) အရှင်သီရိန္ဒ၊ အသက် (၂၀ နှစ်)၊ သိက္ခာ (၁) ဝါ၊ ခမာဝုဓာရာမကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၉။ ပလ္လင်အမှတ် (၁၃၀) အရှင်ပဏ္ဍိတ၊ အသက် (၃၁ နှစ်)၊ သိက္ခာ (၁၂) ဝါ၊ ရွှေတောင်ဦး တိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၂၀။ ပလ္လင်အမှတ် (၁၃၁) အရှင်ပဏ္ဍိတ၊ အသက် (၃၁နှစ်)၊ သိက္ခာ(၁၁)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၁။ ပလ္လင်အမှတ် (၁၃၃) အရှင်ဣန္ဒာစက္က၊ အသက်(၂၈နှစ်)၊ သိက္ခာ(၉)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၂။ ပလ္လင်အမှတ် (၁၃၅) အရှင်ဉာဏဇေ၊ အသက်(၂၉ နှစ်)၊ သိက္ခာ(၈)ဝါ၊ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၃။ ပလ္လင်အမှတ် (၁၃၈) အရှင်ဓမ္မရက္ခိတ၊ အသက် (၂၈နှစ်)၊ သိက္ခာ (၈)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၄။ ပလ္လင်အမှတ် (၁၃၉) အရှင်သိရောမဏိ၊ အသက်(၂၈ နှစ်)၊ သိက္ခာ(၈) ဝါ၊ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၅။ ပလ္လင်အမှတ် (၁၄၀) အရှင်ဣန္ဒာစာရ၊ အသက် (၂၈ နှစ်)၊ သိက္ခာ (၈) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၂၆။ ပလ္လင်အမှတ် (၁၄၃) အရှင်စန္ဒိမာလင်္ကာရ၊ အသက် (၂၇ နှစ်)၊ သိက္ခာ (၇) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၇။ ပလ္လင်အမှတ် (၁၄၄) အရှင်နေမိန္ဒ(အရာတော်)၊ အသက် (၂၇ နှစ်)၊ သိက္ခာ (၇) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၂၈။ ပလ္လင်အမှတ် (၁၄၅) အရှင်ဝရသာမိ၊ အသက် (၂၇ နှစ်)၊ သိက္ခာ (၇) ဝါ၊ တိပိဋကစုဆန်းလီကျောင်းတိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၉။ ပလ္လင်အမှတ် (၁၄၉) အရှင်ဝဏ္ဏသာမီလင်္ကာရ၊ အသက်(၂၈ နှစ်)၊ သိက္ခာ (၇) ဝါ၊ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၀။ ပလ္လင်အမှတ်(၁၅၁) အရှင်ဣန္ဒောဘာသ၊ အသက်(၂၆ နှစ်)၊ သိက္ခာ(၆) ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၁။ ပလ္လင်အမှတ် (၁၅၄) အရှင်စန္ဒာဝရာလင်္ကာရ၊ အသက် (၂၅ နှစ်)၊ သိက္ခာ (၆) ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ အမှတ် (၉) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၂။ ပလ္လင်အမှတ်(၁၅၅) အရှင်ထာဝရာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၃။ ပလ္လင်အမှတ်(၁၅၆) အရှင်စန္ဒာဝရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၄။ ပလ္လင်အမှတ်(၁၅၇) အရှင်ပညာသာရာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၅။ ပလ္လင်အမှတ်(၁၅၈) အရှင်လာဘသာမီလင်္ကာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး **(အထူးအောင်)**

၃၆။ ပလ္လင်အမှတ်(၁၆၁) အရှင်ပညာစက္က၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ၉-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၇။ ပလ္လင်အမှတ်(၁၆၂) အရှင်ဇဝန၊ အသက်(၂၅)နှစ်၊ သိက္ခာ(၃)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ၉-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၈။ ပလ္လင်အမှတ်(၁၆၃) အရှင်သီဝလိ၊ အသက်(၂၂)နှစ်၊ သိက္ခာ(၂)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၃၉။ ပလ္လင်အမှတ်(၁၆၄) အရှင်သုဝဏ္ဏ၊ အသက်(၂၁)နှစ်၊ သိက္ခာ(၂)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၄၀။ ပလ္လင်အမှတ်(၁၇၁) အရှင်ဇနိန္ဒ၊ အသက်(၂၈)နှစ်၊ သိက္ခာ (၇)ဝါ တိပိဋကစုဆန်းလီကျောင်းတိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၁။ ပလ္လင်အမှတ်(၁၇၃) အရှင်ကုမာရ(ယင်းမာပင်)၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်းစစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၄၂။ ပလ္လင်အမှတ်(၁၇၉) အရှင်ပညာဝံသာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၈)ဝါ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၃။ ပလ္လင်အမှတ်(၁၈၀) အရှင်နန္ဒကာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၈)ဝါ ဥယျာဉ်ပရိယတ္တိစာသင်တိုက်၊ ရန်ကင်းတောင်ရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄၄။ ပလ္လင်အမှတ်(၁၈၅) အရှင်ဉာဏိက၊ အသက်(၂၇)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၄၅။ ပလ္လင်အမှတ်(၁၉၆) အရှင်ဥတ္တရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တေဇစက္ကီကျောင်း၊ ၆-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၆။ ပလ္လင်အမှတ်(၁၉၈) အရှင်တိက္ခဉာဏာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၄)ဝါ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၄၇။ ပလ္လင်အမှတ်(၂၀၂) အရှင်ကေဝလ၊ အသက်(၂၂)နှစ်၊ သိက္ခာ(၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

**(ဘဒ္ဒန္တ ပညိဿရာဘိဝံသ)**
**အဘိဇဓမဟာရဋ္ဌဂုရု**
**ဥက္ကဋ္ဌ ဆရာတော်**

**(ဘဒ္ဒန္တဥ ယျာဘိဝံသ)**
**အဂ္ဂမဟာပဏ္ဍိတ**
**အကျိုးတော်ဆောင်ဆရာတော်**

**တိပိဋကဓရ ရွေးချယ်ရေးဩဝါဒါစရိယအဖွဲ့**

# ဘုန်းတော်ကြီးသင်ကျောင်းများသို့ ဂျပန်အလှူရှင်များ လာရောက်လှူဒါန်း



**မန္တလေး ဖေဖော်ဝါရီ ၁**

မန္တလေးမြို့နှင့် ပုလိပ်မြို့ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ အလှူငွေများကို ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ဇနီး Mrs.Akie Abe နှင့် အလှူရှင်များအဖွဲ့ ဇန်နဝါရီ ၂၉ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဂျပန်အလှူရှင်အဖွဲ့သည် မန္တလေး ပြည်ကြီးတံခွန်မြို့နယ်(၅၉)လမ်းနှင့် ဗညားဒလလမ်းထောင့်ရှိ ဝါဆိုဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ချမ်းအေးသာစံမြို့နယ် ၆၂ လမ်း၊၂၇ လမ်းနှင့်၂၈ လမ်းကြားရှိ ဆင်တဲတိုက် နံ့သာဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် စဉ့်ကိုင်မြို့နယ် ပုလိပ်မြို့ရှိ ရေချမ်းအိုး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း များသို့ အလှူငွေကျပ်သိန်း ၅၀ စီကို သွားရောက်လှူဒါန်းကြကာ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများရှိ ကျောင်းသား ကျောင်းသူလေးများနှင့်လည်း ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အမှတ်တရဓာတ်ပုံများ စုပေါင်းရိုက်ကူး ခဲ့ကြသည်။

အဆိုပါ လှူဒါန်းမှုများကို Greater Mekong Initiative (GMI) အစီ အစဉ်အရ ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ ဇနီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမှ အလှူရှင်များ၊ GMI မှ တာဝန်ရှိသူများက ပူးပေါင်းလှူဒါန်းကြခြင်းဖြစ်ပြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများ၏ ပညာရေးအတွက် ငွေပဒေသာပင် စိုက် ထူနိုင်ရန် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(မြန်/ဆက်)**

# ပြည်တွင်းခရီးသွားများကို ဆွဲဆောင်နိုင်သော အပန်းဖြေနေရာဖြစ်လာသည့် နတ်ပေါက်ဆင်စခန်း

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်အတွင်း ကသာ-အင်းတော် ကားလမ်း၏ မိုင်တိုင်အမှတ်(၁၁/၁)အနီး မြေသားလမ်းကလေးအတိုင်း ဝင်သွားပါက နတ်ပေါက်ဆင်စခန်းသို့ ရောက်ရှိမည်ဖြစ်သည်။ နတ်ပေါက်ဆင်စခန်းသည် သစ်တောဦးစီးဌာနက နှစ် ၄၀ ကျော်ခန့် ထိန်းသိမ်းပြုစုခဲ့သော ဖက်ဆွတ်ကြိုးဝိုင်း ၂၆၆ ဒသမ ၆၂၆ ဧကအတွင်း တည်ရှိသည်။ ဖက်ဆွတ်ကြိုးဝိုင်းသစ်တောရှိ ပျဉ်းကတိုးစိုက်ခင်း၊ ယူကလစ်စိုက်ခင်း၊ ကျွန်း၊ သစ်အယ်ပင်၊ ဂုံးပင်၊ ကြို့ပင်၊ ယမနေ၊ ဝါးပင်အမျိုးမျိုးနှင့် အခြား အမြဲစိမ်းပင်များကြားမှ နတ်ပေါက်ဆင်စခန်းသည် ခရီးသွားများအား လာရောက်လည်ပတ်ရန် ဆွဲဆောင်နိုင်သော နေရာတစ်ခုဖြစ်လာလျက်ရှိသည်။

ဖက်ဆွတ်တောင်တန်းနှင့် သစ်တောသစ်ပင်များကို သစ်တောကြိုးဝိုင်းသတ်မှတ်၍ သစ်မခုတ်ရနယ်မြေအဖြစ် သတ်မှတ်ထိန်းသိမ်းထားရှိသဖြင့် ဖက်ဆွတ်ကြိုးဝိုင်းတောသည် ခရီးသွားဧည့်သည်များအတွက် သဘာဝအတိုင်း အပန်းဖြေနိုင်သော ရပ်ဝန်းတစ်ခုသဖွယ် ဖြစ်နေရာတွင် ကြိုးဝိုင်းတောအတွင်း နတ်ပေါက်ဆင်စခန်းကို ဖွင့်လှစ်ခဲ့သဖြင့် ပြည်တွင်းနှင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ စိတ်ဝင်စားလာကြသော နေရာတစ်ခု ဖြစ်လာခဲ့ခြင်းဖြစ်သည်။

ယခင်က ဆင်များကို မြန်မာ့သစ်ထုတ်လုပ်ရေးလုပ်ငန်းများတွင် မရှိမဖြစ် အားကိုးအသုံးပြုခဲ့ကြရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြန်မာတစ်နိုင်ငံလုံး၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရေးအတွက် သစ်ထုတ်လုပ်ခြင်းကို ရပ်ဆိုင်းရန် စီမံဆောင်ရွက်နေသဖြင့် သစ်ထုတ်လုပ်ငန်းကို ဆိုင်းငံ့ထားရာ ဆင်များမှာ လုပ်ငန်းဆောင်ရွက်ရန် မရှိတော့သည့်အတွက် ဆင်စခန်းများကို ဒေသအလိုက်ဖွင့်လှစ်ပြီး ပြည်တွင်းခရီးသွားလုပ်ငန်းကို အကျိုးပြုနိုင်ရန် ဆင်များကို ယဉ်ပါးအောင် လေ့ကျင့်ထိန်းကျောင်းကာ ဆင်စခန်းများ ဖွင့်လှစ်ထားကြသည့်အနက် နတ်ပေါက်ဆင်စခန်းကို ပြည်တွင်းခရီးသွားလုပ်ငန်းများအား ဆွဲဆောင်မှုကောင်းသည့်နေရာတစ်ခု ဖြစ်လာအောင် ဆောင်ရွက်ထားကြောင်း သိရသည်။

နတ်ပေါက်ဆင်စခန်းသည် ကသာအနောက် သစ်ထုတ်လုပ်ရေး လက်အောက်တွင်ရှိပြီး ဆင်ကောင်ရေ ၂၇ ကောင်ရှိသည်။ ကသာအနောက် သစ်ထုတ်လုပ်ရေးတွင် ဆင်ကောင်ရေ ၁၂၉ ကောင်ရှိရာ သစ်ထုတ်လုပ်ရေးလုပ်ငန်း ကျဆင်းလာသဖြင့် နတ်ပေါက်ဆင်စခန်းတွင် ဆင်များကိုထားရှိကာ ခရီးသွားများ လာရောက်လည်ပတ် အပန်းဖြေနိုင်ရန် ဆောင်ရွက်ထားခြင်းဖြစ်သည်။

ဆင်စခန်းခရီးသွားလုပ်ငန်းကို ဝန်ဆောင်မှုပေးနိုင်စေရန် ဆင်စခန်းတွင် ကြီးကြပ်စောင့်ရှောက်သူနှစ်ဦး ထားရှိပြီး ဆင်များအား အပျော်တမ်းအစာကျွေးရန်၊ ဆင်စီးနိုင်ရန်၊ ဆင်များရေချိုးပုံကို ကြည့်ရှုနိုင်ရန် ဝန်ဆောင်မှုများ ပေးထားကာ သစ်သားဖြင့်ထုလုပ်ထားသော အမှတ်တရဆင်ရုပ်များ ဝယ်ယူနိုင်ရန်လည်း ဆောင်ရွက်ပေးထားကြောင်း သိရသည်။



နတ်ပေါက်ဆင်စခန်းသို့ ဝင်ကြေးမှာ နိုင်ငံသားတစ်ဦးလျှင် ကျပ်တစ်ထောင်ဖြစ်ကာ နိုင်ငံခြားသား ခရီးသွားများအတွက် တစ်ဦးလျှင် ကျပ် ၂၀၀၀၀ ကောက်ခံကြောင်း၊ ခရီးတိုဆင်စီးလျှင် နိုင်ငံသားတစ်ဦးလျှင် ကျပ် ၃၀၀၀ နှင့် နိုင်ငံခြားသား တစ်ဦးလျှင် ကျပ် ၂၀၀၀၀ ယူကြောင်း၊ ခရီးရှည်ဆင်စီးခြင်းအတွက် မည်သူမဆို ကျပ် ၅၀၀၀၀ ယူကြောင်း၊ နတ်ပေါက်ဆင်စခန်းသို့ တစ်ဦးချင်း၊ အဖွဲ့လိုက် လာရောက်လည်ပတ်နိုင်သည့်အပြင် ခရီးသွားကုမ္ပဏီများအနေဖြင့် လာရောက်လိုပါကလည်း လာရောက်နိုင်ပြီး ဆင်စခန်းတာဝန်ရှိသူ ဒေါက်တာသူရစိုး ဖုန်း-၀၉-၄၀၀၄၄၂၁၄၆ ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**နတ်ပေါက်ဆင်စခန်းသည် ကသာအနောက် သစ်ထုတ်လုပ်ရေး လက်အောက်တွင်ရှိပြီး ဆင်ကောင်ရေ ၂၇ ကောင်ရှိသည်။ ကသာအနောက် သစ်ထုတ်လုပ်ရေးတွင် ဆင်ကောင်ရေ ၁၂၉ ကောင်ရှိရာ သစ်ထုတ်လုပ်ရေးလုပ်ငန်း ကျဆင်းလာသဖြင့် နတ်ပေါက်ဆင်စခန်းတွင် ဆင်များကိုထားရှိကာ ခရီးသွားများ လာရောက်လည်ပတ် အပန်းဖြေနိုင်ရန် ဆောင်ရွက်ထားခြင်းဖြစ်သည်။ ဆင်စခန်းခရီးသွားလုပ်ငန်းကို ဝန်ဆောင်မှုပေးနိုင်စေရန် ဆင်စခန်းတွင် ကြီးကြပ်စောင့်ရှောက်သူနှစ်ဦး ထားရှိပြီး ဆင်များအား အပျော်တမ်းအစာကျွေးရန်၊ ဆင်စီးနိုင်ရန်၊ ဆင်များရေချိုးပုံကို ကြည့်ရှုနိုင်ရန် ဝန်ဆောင်မှုများ ပေးထားကာ သစ်သားဖြင့်ထုလုပ်ထားသော အမှတ်တရဆင်ရုပ်များ ဝယ်ယူနိုင်ရန်လည်း ဆောင်ရွက်ပေးထားကြောင်း သိရသည်**

နတ်ပေါက်ဆင်စခန်းသည် သဘာဝပတ်ဝန်းကျင်အနေအထား မပျက်ယွင်းသည့် ဖက်ဆွတ်ကြိုးဝိုင်းတောအတွင်း ရှိသော်လည်း အင်းတော်မြို့နှင့် ခုနစ်မိုင်ခန့်သာ ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည်။ ထို့ကြောင့် လာရောက်လည်ပတ် လေ့လာလိုသူများအနေဖြင့် ကား၊ ဆိုင်ကယ်များဖြင့် အလွယ်တကူ လာရောက်နိုင်ပြီး နေ့ချင်းပြန် သွားလာနိုင်ကြသည်။

သဘာဝသစ်တောသစ်ပင်များအကြားတွင် အေးချမ်းဆိတ်ငြိမ်စွာ တည်ရှိနေသည့် နတ်ပေါက်ဆင်စခန်းမှ လူများနှင့်ယဉ်ပါးကာ နူးညံ့လိမ္မာလာအောင် လေ့ကျင့်ပေးထားသော ဆင်များ၏ သရုပ်ပြမှုများကို စိတ်ဝင်စားစွာ လာရောက်လည်ပတ် ကြည့်ရှုကြသူများလာလျက်ရှိရာ နိုင်ငံ့ဘဏ္ဍာငွေကို တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းရှာဖွေနိုင်သော ခရီးသွားလုပ်ငန်းတစ်ခု ဖြစ်လာလျက်ရှိသည်။

အင်းတော်မြို့မှ ဒေသခံတစ်ဦးကမူ နတ်ပေါက်ဆင်စခန်းအပါအဝင် ကသာခရိုင်အတွင်းမှ ခရီးသွားလုပ်ငန်းကို အခြေပြုသော လုပ်ငန်းများကို ယခုထက်ပို၍ တိုးချဲ့ဆောင်ရွက်ပါက ဝင်ငွေပိုမိုရရှိလာမည်ဖြစ်ကာ နိုင်ငံတော်နှင့် မြို့နယ်ဒေသများ ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် ပို၍အထောက်အကူဖြစ်လာနိုင်ကြောင်း အကြံပြုပြောကြားသည်။

**ငွေအိုး(ကသာ)**

---

ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက မိုးအဆက်မပြတ်ရွာသွန်းခဲ့ခြင်းကြောင့် ပျက်စီးခဲ့သော မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် သဖန်းကုန်းကျေးရွာရှိ မယ်ချဉ်ပေါင်အုတ်ရေလွှဲဆည် မြေသားဆည်ပေါင်များကို ဇန်နဝါရီ ၃၁ ရက်မှစတင်ကာ မြို့နယ် ဆည်မြောင်းဦးစီးအရာရှိ ဦးသန့်ဇင်ဦးနှင့် တာဝန်ရှိသူများ ကြီးကြပ်၍ စက်ယန္တရားကြီးဖြင့် ပြန်လည်ပြုပြင် တည်ဆောက်နေစဉ်။ (ပြုပြင်ပြီးစီးပါက နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံ ဧက ၅၀၀ ကျော်အတွက် စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်)

(၀၈၅)



---

## နည်းပညာတက္ကသိုလ်တောင်ကြီး မောင်မယ်သစ်လွင်ကြိုဆို

**တောင်ကြီး ဖေဖော်ဝါရီ ၁**

နည်းပညာတက္ကသိုလ် (တောင်ကြီး) ISO 9001;2008 လက်မှတ်ပေးအပ်ပွဲနှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲအထိမ်းအမှတ် ပဒေသာကပွဲတို့ ကို ဇန်နဝါရီ ၂၉ ရက်က တောင်ကြီးမြို့ အေးသာယာမြို့သစ်ရှိ အဆိုပါတက္ကသိုလ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တောင်ကြီး နည်းပညာတက္ကသိုလ် ကျောင်းသား ကျောင်းသူများက မြကျွန်းညိုညို သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ရည်မှန်းပုံဖော်၍ ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ ချမှတ်အကောင်အထည်ဖော်ရာတွင် တက္ကသိုလ်မှ ဘွဲ့ရပညာတတ်များ အထူးသဖြင့် အင်ဂျင်နီယာဘွဲ့ရ မျိုးဆက်သစ်လူငယ်လူရွယ်များ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ တိုက်တာအဆောက်အအုံများ ခေတ်မီလှပပြီး စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီရန်၊ စက်ရုံ အလုပ်ရုံများ စက်စွမ်းအားပြည့် လည်ပတ်ခြင်းဖြင့် ကုန်ထုတ်စွမ်းအားတိုးတက်စေရန်၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ခေတ်မီဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် စသည်တို့တွင် အင်ဂျင်နီယာပညာရှင်များ၏ အခန်းကဏ္ဍအရေးကြီးကြောင်း ပြောကြားသည်။

ထို့နောက် တောင်ကြီး နည်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ဒေါ်စန်းစန်းရီက အမှာစကားပြောကြားပြီး ISO လက်မှတ်ကို မန်နေဂျင်းဒါရိုက်တာ ဦးမင်းထွဋ်က ပါမောက္ခချုပ်ထံ ပေးအပ်သည်။ ထို့နောက် ကျောင်းသားကျောင်းသူ ငါးဦးအား ၁၀ လစာ ပညာသင်ထောက်ပံ့ငွေ ကျပ်သိန်း ၅၀ လှူဒါန်းသော စိုင်းလောင်ဟိန်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်အား ဂုဏ်ပြုမှတ်တမ်းလွှာကို ပါမောက္ခချုပ်က ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများက အင်္ဂလိပ်ဘာသာစကားစွမ်းရည်ပြိုင်ပွဲ ဆုရရှိသူများနှင့် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ပေးခဲ့ကြသည်။

**မောင်မောင်သန်း**
**(တောင်ကြီး)**

---

## ကလေးသေဆုံးမှု စောင့်ကြပ်လေ့လာခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းစနစ် ဆင့်ပွားသင်တန်းဖွင့်

**တနင်္သာရီ ဖေဖော်ဝါရီ ၁**

ကလေးသေဆုံးမှုစောင့်ကြပ်လေ့လာခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းစနစ် အသိပညာပေးဆွေးနွေးပွဲနှင့် ဆင့်ပွားသင်တန်း ဖွင့်ပွဲကို ဇန်နဝါရီ ၃၀ ရက်က တနင်္သာရီမြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တနင်္သာရီမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာလင်းထိုက်က ကလေးသေဆုံးမှု လျော့နည်းနိုင်သမျှ လျော့နည်းရေးအတွက် စောင့်ကြပ်လေ့လာကြီးကြပ်ခြင်းနှင့် မြေပြင်အတွေ့အကြုံများမှတစ်ဆင့် တုံ့ပြန်မှုပြုနိုင်ရန်အတွက် ပြည်သူများပါ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် လက်ထောက်ဆရာဝန် ဒေါက်တာနွေးဟေမာသင်းက ကလေးသေဆုံးမှုလျော့နည်းကျဆင်းရေးအတွက် ဆင့်ပွားသင်တန်း ဖွင့်လှစ်ပို့ချခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ကလေးများ သေဆုံးမှုကို ဆန်းစစ်ခြင်း၊ စောင့်ကြပ်လေ့လာခြင်းနှင့် တုံ့ပြန်ခြင်းများ ဆောင်ရွက်ခြင်းဖြင့် ကလေးများသေဆုံးမှုနှုန်း လျော့နည်းအောင် ဆောင်ရွက်နိုင်မည်ဖြစ်ရာ အဓိကအားဖြင့် ကျေးလက်နေ ဒေသခံပြည်သူများက ပူးပေါင်းပါဝင်လာကြရန် ရည်ရွယ်၍ အဆိုပါဆွေးနွေးပွဲနှင့် သင်တန်းကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# စိုက်ပျိုးရေးလုပ်ငန်းများကို တိုးတက်အောင်မြင်စေမည့် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများ


ညောင်တုန်းမြို့နယ် ရွှေစွန်မင်း စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းက အရစ်ကျစနစ်ဖြင့် ရောင်းချသော ထွန်စက်များ

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာနှုန်းကျော်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်စားသောက်နေကြသူများဖြစ်သည်။ ထိုကဲ့သို့ စိုက်ပျိုးလုပ်ကိုင်ကြရာတွင် သမာရိုးကျလုပ်ကိုင်ပါက ရိက္ခာလုံလောက်မှုမရှိသည့်အပြင် အမြဲလိုငွေပြနေပြီး ဆင်းရဲနွမ်းပါးမှုများနှင့် ကြုံတွေ့နေရမည်ဖြစ်သည်။

သို့ဖြစ်၍ တောင်သူများအနေဖြင့် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများ ဖွဲ့စည်း၍ လယ်ယာမြေများ အဆင့်မြှင့်တင်ခြင်း၊ လယ်ယာသုံးစက်ကိရိယာများကို အသုံးပြုကာ စိုက်ပျိုးချိန်မှစ၍ စပါးကျီ၊ ပုတ်ထဲရောက်သည်အထိ စက်ကိရိယာများအသုံးပြုခြင်း စသည်တို့ကို ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း တစ်ခေတ်ဆန်းလာအောင် ကြိုးပမ်းရမည်ဖြစ်သည်။ ထိုကဲ့သို့ စက်ကိရိယာများသုံး၍ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးတွင် နိုင်ငံတော်အစိုးရ၏ ထောက်ပံ့မှုသည်လည်း အဓိကလိုအပ်ပေသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများကို ဖွဲ့စည်းပေးခဲ့ပြီး ထိုအသင်းများ အောင်မြင်ရေးအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများကို ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ရာ နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်၌ စိုက်ပျိုးရေးသမအသင်းပေါင်း ၂၈၃ သင်း အသင်းသား ၃၀၄၀၈ ဦး၊ ကချင်ပြည်နယ် ၁၃ မြို့နယ်တွင် အသင်းပေါင်း ၆၁၀ သင်း အသင်းသား ၄၂၆၉၆ ဦး၊ ကယားပြည်နယ် ခြောက်မြို့နယ်တွင် ၁၈၈ သင်း အသင်းသား ၁၁၉၇၃ ဦး၊ ကရင်ပြည်နယ် ခုနစ်မြို့နယ်တွင် ၃၁၃ သင်း အသင်းသား ၂၀၉၀၆ ဦး၊ ချင်းပြည်နယ်ကိုးမြို့နယ်တွင် ၄၄၄ သင်း အသင်းသား ၂၀၄၉၄ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ၃၄ မြို့နယ်တွင် ၄၆၉၆ သင်း အသင်းသား ၃၇၇၇၇၁ ဦး၊ တနင်္သာရီတိုင်းဒေသကြီး ၁၀ မြို့နယ်တွင် ၃၀၃ သင်း အသင်းသား ၃၁၆၅ ဦး၊ ပဲခူးတိုင်းဒေသကြီး ၂၈ မြို့နယ်တွင် ၆၀၄၃ သင်း အသင်းသား ၄၂၂၄၀၈ ဦး၊ မကွေးတိုင်းဒေသကြီး ၂၅ မြို့နယ်တွင် ၄၈၈၈ သင်း အသင်းသား ၃၆၉၁၅၉ ဦး၊ မန္တလေးတိုင်းဒေသကြီး ၂၄ မြို့နယ်တွင် ၃၄၅၆ သင်း အသင်းသား ၄၁၀၅၁၆ ဦး၊ မွန်ပြည်နယ် ၁၀ မြို့နယ်တွင် ၆၆၅ သင်း အသင်းသား ၇၅၈၁၉ ဦး၊ ရခိုင်ပြည်နယ် ၁၇ မြို့နယ်တွင် အသင်း ၉၇၀ အသင်းသား ၄၈၁၁၇ ဦး၊ ရန်ကုန်တိုင်းဒေသကြီး ၃၅ မြို့နယ်တွင် ၉၇၂ သင်း အသင်းသား ၁၁၈၃၅၈ ဦး၊ ရှမ်းပြည်နယ် ၃၈ မြို့နယ်တွင် ၁၃၃၆ သင်း အသင်းသား ၁၁၂၁၂၀၊ ဧရာဝတီတိုင်းဒေသကြီး ၂၆ မြို့နယ်တွင် ၆၁၉၇ သင်း အသင်းသား ၅၄၈၉၄၀ ဖြစ်သည်။

တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် မြို့နယ်ပေါင်း ၂၉၀ တွင် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းပေါင်း ၃၁၃၆၄ သင်း ဖွဲ့စည်းနိုင်ခဲ့ပြီး အသင်းသားအရေအတွက်မှာ ၂၆၄၁၃၅၀ ရှိနေပြီဖြစ်သည်။

ကလေးဘဝက သင်ခဲ့ဖူးသော စာလေး တစ်ပုဒ်ဖြစ်သည့် ဇွန်ပန်းရုံအနီး၊ လှည်းဘီးနွဲ့ထဲကျွံနေသည်၊ ကူ၍တွန်းပေးကြပါ၊ လေးလွန်း၍ မတွန်းနိုင်ဘူးလား၊ ပြိုင်တူတွန်းလျှင်ရွေ့နိုင်ပါသည်။ ဆိုသလို စိုက်ပျိုးရေးလုပ်ငန်းကိုလည်း တစ်ဦးတစ်ယောက်တည်း ဧကများများလုပ်ကိုင်ပါက အရာရာပြီးပြည့်စုံအောင် မလုပ်ကိုင်နိုင်ပေ။ သို့ဖြစ်၍ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း များ ဖွဲ့စည်းတည်ထောင်ကာ စုပေါင်းအရင်းအနှီး ဖြင့် လုပ်ကိုင်ပါက ပိုမိုအောင်မြင်လာနိုင်မည်ဖြစ်သည်။

သို့သော်လည်း စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများ စုဖွဲ့လိုက်ရုံမျှဖြင့် စိုက်ဧကအကျယ်ကြီးကို ထွန်ယက်စိုက်ပျိုးရန် ယခုလို လုပ်သားရှားပါးချိန်မျိုးမှာ မဖြစ်နိုင်တော့ပေ။ စိုက်ပျိုးရေးလုပ်ရန် လယ်ထွန်စက်၊ ရေစုပ်စက်၊ ကောက်စိုက်စက်၊ တမန်းနိုးစက်၊ ရိတ်သိမ်း ချွေလှေ့စက် စသည့် စက်ကိရိယာများ လိုအပ်လာမည်ဖြစ်သည်။ ခေတ်မီစက်ကိရိယာများကို အသုံးပြုကာ ထွန်ယက်စိုက်ပျိုးနိုင်ရန်အတွက် ဗဟိုသမဝါယမအသင်းမှ စက်ကိရိယာများကို စျေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခြင်း၊ အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်းများကို ဆောင်ရွက်ပေးနေသည့်အပြင် အသေးစား အရင်းအနှီးချေးငွေနှင့် လယ်ယာမြေ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအတွက် ချေးငွေများ ထုတ်ချေးပေးလျက်ရှိသည်။

စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများသို့ အသေးစားချေးငွေနှင့် လယ်ယာမြေအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအတွက် ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း ချေးငွေထုတ်ချေးမှု အခြေအနေမှာ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ချေးငွေကျပ် ၄၉၄၂ ဒသမ ၆၀၉ သန်း၊ ကချင်ပြည်နယ်တွင် ကျပ် ၁၆၉၇၆ ဒသမ ၈၃၁ သန်း၊ ကယားပြည်နယ်တွင် ကျပ် ၂၄၄၅ ဒသမ ၇၀၉ သန်း၊ ကရင်ပြည်နယ်တွင် ကျပ် ၄၃၉၀ ဒသမ ၁၂၆ သန်း၊ ချင်းပြည်နယ်တွင် ၇၃၉၈ ဒသမ ၇၈၇ သန်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကျပ် ၆၉၃၃၀ ဒသမ ၃၅၂ သန်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ကျပ် ၇၂၀၅ ဒသမ ၄၁၉ သန်း၊ ပဲခူးတိုင်းဒေသကြီးတွင် ကျပ် ၈၅၄၄၈ ဒသမ ၆၃၂ သန်း၊ မကွေးတိုင်းဒေသကြီးတွင် ကျပ် ၆၈၀၂၆ ဒသမ ၆၃၂ သန်း၊ မန္တလေးတိုင်း ဒေသကြီးတွင် ကျပ် ၆၉၄၂၈ ဒသမ ၇၇၁ သန်း၊ မွန်ပြည်နယ်တွင် ကျပ် ၁၈၉၄၂ ဒသမ ၁၄၅ သန်း၊ ရခိုင်ပြည်နယ်တွင် ကျပ် ၁၀၆၈၉ ဒသမ ၀၂၈ သန်း၊ ရန်ကုန်တိုင်း ဒေသကြီး ကျပ် ၃၄၂၇၆ ဒသမ ၀၃၁ သန်း၊ ရှမ်း ပြည်နယ်တွင် ကျပ် ၂၉၈၄၇ ဒသမ ၉၉ သန်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ကျပ် ၈၆၆၀၅ ဒသမ ၈၀၂ သန်းတို့ကို ထုတ်ချေးပေးခဲ့သည်။

တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းပေါင်း ၃၁၃၆၄ သင်းသို့ စုစုပေါင်း ထုတ်ချေးငွေပေါင်းမှာ ကျပ် ၅၁၅၉၅၄ ဒသမ ၂၇၇ သန်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများသို့ အသေးစားအရင်းအနှီးချေးငွေများကို နှစ်စဉ် ထုတ်ချေးပေးကာ ချေးငွေကို ပြေကျေအောင်ဆပ်ပြီးသော အသင်းများအား ချေးငွေအသစ်များ ထပ်မံထုတ်ချေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ စီမံဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်အနေဖြင့်လည်း အကျိုးအမြတ်ရရှိသကဲ့သို့ အသင်းသား တောင်သူလယ်သမားများ အနေဖြင့်လည်း အကျိုးအမြတ် ပိုမိုရရှိကာ ကျေးလက်ဒေသများတွင် ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မည်ဖြစ်ပေသည်။ ။

**သန်းဦး(လေးမျက်နှာ)**
**ဓာတ်ပုံ(သ/မ)**


ရခိုင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကျောက်နှင့်အဖွဲ့သည် ဇန်နဝါရီလ နောက်ဆုံးပတ်က ကျောက်ဖြူအကျဉ်းထောင်၌ အကျဉ်းထောင်တာဝန်ခံအရာရှိမှ အကျဉ်းထောင်နှင့်ပတ်သက်သည့် အချက်အလက်များအားရှင်းပြပြီး အကျဉ်းထောင်အတွင်းရှိအဆောင်များ စစ်ဆေးကာ ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်တရားခံများနှင့်တွေ့ဆုံကာ စစ်ဆေးမေးမြန်းစဉ်
ကျောက်ဖြူ (ပြန်/ဆက်)

## မူခင်းကြိုတင်ကာကွယ်တားဆီးရေး ပညာပေး ပြခန်းယာဉ်ဖြင့်ပြသ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ စီစဉ်ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ပြည်သူများ မှုခင်းကြိုတင်ကာကွယ်တားဆီးရေး အသိပညာဗဟုသုတတိုးပွားစေရန် ဇန်နဝါရီ ၃၁ ရက်က မြောက်ဥက္ကလာပမြို့နယ် (၂) ရပ်ကွက် သုမာလာလမ်းမ အထက (၄) မြောက်ဥက္ကလာကျောင်းရှေ့၌ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မြောက်ဥက္ကလာမြို့မ ရဲစခန်းမှူး ဒုရဲမှူး လှဦး၊ အမှတ် (၆) လူကုန်ကူးမှုတိုက်ဖျက်ရေးတပ်ဖွဲ့မှ ရဲအုပ်သန့်စင်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စု ၄၃ စုမှ ရဲအုပ်နေခြည်လင်း၊ ယာဉ်ထိန်းတပ်ဖွဲ့စု ၃၅ မှ ရဲအုပ်အောင်မြင့်ထွန်းတို့က ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများအား မှုခင်းအသိပညာများ ဟောပြောပြသခဲ့ကြောင်း သတင်းရရှိသည်။

**အောင်သူရ**

## အမျိုးသမီးများ၏ဘဝ လုံခြုံရေးနှင့် အခွင့်အရေးဆိုင်ရာများ ဆွေးနွေးပွဲကျင်းပ

**ကြံခင်း ဖေဖော်ဝါရီ ၁**

အမျိုးသမီးများလုံခြုံရေးနှင့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပွဲကို ကြံခင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရောဦးခန်းမ၌ ဇန်နဝါရီ ၃၀ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဝင်းက အမျိုးသမီးများဘဝ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများ အခွင့်အရေး တရားဝင်ပြဋ္ဌာန်းမှု၊ အမျိုးသမီး/အမျိုးသား ခွဲခြားမှု၊ အသိုင်းအဝိုင်း ဓလေ့ ခွဲခြားမှု၊ အမျိုးသမီးများအား ဖယ်ကြဉ်မှုများ လျော့နည်းပပျောက်စေရေးနှင့် နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်ရန်လိုအပ်ပုံများကို အသေးစိတ် ဆွေးနွေးဟောပြောပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်ဆွေဦး၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်မြတ်နွယ်၊ လူမှုကွန်ရက်အဖွဲ့မှ ဒေါ်ဥမ္မာခိုင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သားဖွားဆရာမ ဒေါ်ခိုင်ယဉ်မွန်တို့က အမျိုးသမီးများဘဝလုံခြုံရေးနှင့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ကြံခင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကို၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ အမျိုးသမီးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဒေသခံ အမျိုးသမီးများ တက်ရောက်ခဲ့သည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**



## စားသုံးသူအကာအကွယ်ပေးရေး နှီးနှောဖလှယ်ပွဲ အရာတော်မြို့၌ ကျင်းပ

**အရာတော် ဖေဖော်ဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့၌ စားသုံးသူ ပြည်သူများအား အကာအကွယ်ပေးနိုင်စေရန် ရည်ရွယ်ပြီး စားသုံးသူအကာအကွယ်ပေးရေး နှီးနှောဖလှယ်ပွဲကို ဇန်နဝါရီ ၂၈ ရက်က အမှတ်(၃) ရပ်ကွက်ရှိ ရွှေဘုံသာဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

နှီးနှောဖလှယ်ပွဲတွင် တိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ဝင်းက အမှာစကားပြောကြားပြီး စစ်ကိုင်းခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်၍ စားသုံးသူများ သိရှိသင့်သည့် အကြောင်းအရာများကို အသေးစိတ်ရှင်းလင်းဟောပြောပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်လင်းက စားသုံးသူအကာအကွယ်ပေးရေး နှီးနှောဖလှယ်ပွဲကျင်းပခြင်း ရည်ရွယ်ချက်များကိုလည်းကောင်း၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဘဌေးက ဓာတုဆေးဝါး၊ ဓာတုနည်း မသုံးစွဲတဲ့ သဘာဝ အော်ဂဲနစ်နည်းပညာအသုံးပြု စိုက်ပျိုးခြင်းအကြောင်းနှင့် အော်ဂဲနစ်နည်းပညာများကို ဟောပြောခဲ့သည်။

ဟောပြောပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝဏ္ဏ၊ တိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသတွင်းမှ သနပ်ခါးထုတ်လုပ်ရောင်းချသည့် တောင်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**ဖိုးချမ်း(မုံရွာ)**

# တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ဆောင်နေသည့် ရှမ်းပြည်နယ်နေ့

## စိုင်းသာလှိုင်(လိမ္မော်မြေ)၊ ဓာတ်ပုံ-စိုင်း(သီပေါ)

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့သည် နှစ် (၇၀)မြောက် ရှမ်းပြည်နယ်နေ့ ဖြစ်သည်။ ၁၉၄၇ ခုနှစ်တွင် စတင်ထူထောင်ဖွဲ့စည်းခဲ့သော ရှမ်းပြည်နယ်သည် သက်တမ်းအားဖြင့် နှစ်(၇၀) ပြည့်ပြီဖြစ်သည်။

ဤနေ့သို့ရောက်တိုင်း ရှမ်းအမျိုးသားတို့သည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလက ကျင်းပခဲ့သော ပင်လုံညီလာခံကို အမှတ်ရကြပေလိမ့်မည်။ ယင်းပင်လုံညီလာခံကြီးသည် ရှမ်းပြည်နယ်နေ့ကို မွေးဖွားပေးလိုက်သည့်အပြင် တိုင်းရင်းသားသွေးစည်းညီညွတ်မှု၏ရလဒ်ဖြစ်သော ပင်လုံစာချုပ်ကြီးကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။

အတိတ်သမိုင်းကို ပြန်ကြည့်လျှင် တိုင်းတစ်ပါးနယ်ချဲ့သမားလက်အောက်မှ ကျွတ်လွတ်ထွက်မြောက်၍ တိုင်းရင်းသားလူမျိုးများနေထိုင်ရာ တောင်တန်းဒေသများအပါအဝင် တစ်နိုင်ငံလုံး၏ လွတ်လပ်ရေးအတွက် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားအားလုံးက တညီတညွတ်တည်း တောင်းဆိုတိုက်ပွဲဝင်လျက်ရှိသော နိုင်ငံရေးလှုပ်ရှားမှုအရှိန်အဟုန်သည် တစ်နိုင်ငံလုံးတွင် တစ်နေ့တခြား မြင့်တက်လျက်ရှိသည်။

နယ်ချဲ့တို့သည် ရှမ်းပြည်နယ်ကို သိမ်းပိုက်ပြီးကတည်းက ခေတ်အဆက်ဆက် ရှမ်းပြည်သူတို့ကို သွေးစုပ်ခဲ့သော ပဒေသရာဇ်တို့ကို ၎င်းတို့၏ ခါးပိုက်ဆောင်များအဖြစ် မွေးထုတ်ကာ ယခင်အတိုင်းပင် ခြယ်လှယ်သွေးစုပ်ခွင့် ပေးခဲ့သည်။ နယ်ချဲ့တို့သည် ၎င်းတို့၏ အလိုကျပင် ပဒေသရာဇ်ကောင်စီကို ဖွဲ့စည်းပေးကာ ၎င်းတို့၏ ကိုယ်စား တိုင်းရင်းသားအချင်းချင်း ခြယ်လှယ်သွေးစုပ်ခွင့်၊ စီမံခန့်ခွဲအုပ်ချုပ်ခွင့်တို့ကို ပေးခဲ့သည်။

ထိုအချိန်တွင် ရှမ်းပြည်နယ်သားတို့သည် နယ်ချဲ့နှင့် နယ်ချဲ့ အလိုတော်ရိတို့၏ ခြယ်လှယ်မှုအောက်တွင် ကာလရှည်ကြာစွာ ခါးမလှ၊ ဝမ်းမဝဘဝဖြင့် ရပ်တည်ခဲ့ရပြီး နယ်ချဲ့နှင့်အပေါင်းတို့မှာမူ ရှမ်းပြည်နယ်သားတို့၏ အဆီကိုစား၍ အသားကိုမျိုခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့သည် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်မှုအောက်တွင် ရှမ်းပြည်နယ်သားတို့က မြေပြန့်နှင့်အတူ ပူးပေါင်းကာ လွတ်လပ်ရေးကို အရယူမည်ဆိုသော ကြွေးကြော်ချက်ကို မည်သို့မျှ လက်ခံမည်မဟုတ်ချေ။

ထို့ကြောင့်ပင် ဗိုလ်ချုပ်အောင်ဆန်းတို့ လွတ်လပ်ရေးအတွက် ဘိလပ်သို့ သွားရောက်တောင်းဆို တိုက်ပွဲဝင်လျက်ရှိချိန်တွင် နယ်ချဲ့အလိုတော်ရိများက ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်သူအားလုံး၏ ကိုယ်စားလှယ်မဟုတ်ကြောင်းကို ကြေးနန်းရိုက်ကာ ကန့်ကွက်ခဲ့ကြ သေးသည်။ သို့သော် မျိုးချစ်လူထုကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်သူလူထု၏ ကိုယ်စားလှယ်ဖြစ်ကြောင်း ထပ်မံကြေးနန်းရိုက်မှ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆက်လက်ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် ပင်လုံ သို့မဟုတ် အခြားသင့်လျော်သည့် နေရာဒေသတစ်ခုခုတွင် ကွန်ဖရင့်တစ်ရပ် ကျင်းပကာ တိုင်းရင်းသားအားလုံး၏ ဆန္ဒကို စုံစမ်းဦးမည်ဟု နယ်ချဲ့တို့က ဆိုခဲ့သည်။ သို့အတွက် ၁၉၄၇ ခု နှစ် ဖေဖော်ဝါရီလ၌ ပင်လုံတွင် တိုင်းရင်းသားလူမျိုးများ တွေ့ဆုံကာ လွတ်လပ်ရေးကို ပူးပေါင်းရယူရေးအတွက် တညီတညွတ်တည်း တောင်းဆိုရန် ရောက်ရှိခဲ့ကြသည်။



ယမန်နှစ်က ကျင်းပသည့် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို တွေ့ရစဉ်

နယ်ချဲ့နှင့် အပေါင်းပါတို့သည် အဆိုပါအစည်းအဝေးကြီးတွင် ပြည်မနှင့်အတူ ရှမ်းပြည်နယ်အပါအဝင် တောင်တန်းဒေသများကိုပါ လွတ်လပ်ရေးပေးရမည့်အရေး အောင်မြင်သွားမည်ကို များစွာစိုးရွံ့လျက်ရှိရာ ထိုရည်ရွယ်ချက်ပျက်ပြားစေရန် အစွမ်းကုန်ခြေထိုးနှောင့်ယှက်ခဲ့ကြသည့်အပြင် အထူးသဖြင့် ရှမ်းအမျိုးသားများကြားတွင် ခြေထိုးနှောင့်ယှက်ခဲ့ကြသည်။ သို့သော် သွေးစည်းညီညွတ်ပြီးဖြစ်သော ရှမ်းပြည်နယ် လူထုကြီးနှင့် အခြားသောတိုင်းရင်းသားလူမျိုးများကိုမူ သွေးခွဲ၍ မရခဲ့ပေ။ နှစ်ရှည်လများ နယ်ချဲ့တို့အလိုကျ ဆောင်ရွက်ခဲ့ကြသော ရှမ်းစော်ဘွားတို့သည် လူထုမပါလျှင် မည်သည့်ကိစ္စကိုမျှ အောင်မြင်မည်မဟုတ်သည်ကို နားလည်သဘောပေါက်ကာ ၁၉၂၂ ခုနှစ်တွင် နယ်ချဲ့တို့က ၎င်းတို့အလိုကျဖွဲ့စည်း ထားသော ရှမ်းပြည်နယ်အတွက် မည်သို့မျှအကျိုးမပြုခဲ့သော ပဒေသရာဇ်ကောင်စီကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ဖျက်သိမ်းပြီး ရှမ်းပြည်နယ်ကောင်စီကို ဖွဲ့စည်းလိုက် သည်။

ထို့ကြောင့် ဤနေ့သည် ပြည်နယ်စော်ဘွားကြီးများနှင့် လူထုကိုယ်စားလှယ်ခေါင်းဆောင်ကြီးများ ညီညွတ်သောနေ့ဖြစ်သည့်အပြင် တိုင်းတစ်ပါးတို့၏အစီအမံသြဇာအာဏာကို တွန်းလှန်နိုင်သောနေ့ဖြစ်သည့်အလျောက် ဒီမိုကရေစီအခွင့်အရေးကို လူထုလက်သို့စတင်အပ်နှင်းပေးသော နေ့ထူးနေ့မြတ်ဖြစ်သည့်အတွက် ရှမ်းပြည်နယ်နေ့ဟု ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ပင်လုံညီလာခံအစည်းအဝေးက ဆုံးဖြတ်ခဲ့ကြသည်။

ထိုနေ့အစည်းအဝေးကြီးမှာပင် ရှမ်းအမျိုးသားသီချင်းနှင့်ရှမ်းအမျိုးသားအလံကို သတ်မှတ်ခဲ့ကြသည်။ ပင်လုံညီလာခံတွင် သမိုင်းတွင်မည့် ပင်လုံစာချုပ်လက်မှတ်ထိုးပြီးလျှင်ပြီး ချင်း ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ခေါင်းဆောင်ကြီးများ နှင့်ဗြိတိသျှ အစိုးရကိုယ်စားလှယ်တို့သည် ရှမ်းအမျိုးသားအလံကို ရှေးဦးစွာလွှင့်ထူအလေးပြုခဲ့ကြသည်။ ဤသို့သမိုင်းဝင်မော်ကွန်းတင်ခဲ့သော ရှမ်းပြည်နယ်နေ့သည် ယခုအခါ နှစ် (၇၀) မြောက်ရှိခဲ့ပြီးဖြစ်သည်။ ပင်လုံမြေတွင် ညီညွတ်ခဲ့သည့် အစဉ်အလာကြီးအတိုင်း ဆက်လက်ကြိုးပမ်းခဲ့ကြသဖြင့် မြန်မာနိုင်ငံသည် လွတ်လပ်သောနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့သည်မှာ ယနေ့အထိဖြစ်ကာ (၂၁) ရာစုပင်လုံအားလည်း အထောက်အကူပြုသည့် ဘူမိနက်သန်ဝသုန်မြေဖြစ်ပေသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု၏ ကြီးမြတ်သော အောင်ပွဲများကိုရယူနိုင်သည်ဆိုခြင်းကပင် ထိုသမိုင်းမှတ်တိုင်များက ပြဆိုလျက်ရှိပေသည်။ ထို့ကြောင့် ရှမ်းပြည်နယ်နေ့တွင် ရှမ်းအမျိုးသားများသည် ရှေးအစဉ်အဆက်ကညီညွတ်ခဲ့သည့် စည်းလုံးညီညွတ်မှုအစဉ်အလာကြီးကို မပျက်မယွင်းအောင် ထိန်းသိမ်းပြီး နိုင်ငံတာဝန်များကို ဆက်လက်ထမ်းဆောင်သွားကြမည်ဟူသော သန္နိဋ္ဌာန်ချမှတ်အကောင်အထည်ဖော်သွားရန်လိုပေသည်။

မိမိတို့ ရှမ်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်လျက်ရှိသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကိုတည်ဆောက်လျက်ရှိပေသည်။ နိုင်ငံတော်တွင် စီးပွားရေးစီမံကိန်းအောင်မြင်ရေး၊ ဒေသဖွံ့ဖြိုးရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။ နယ်မြေအနေအထားကျယ်ပြန့်ပြီး စီးပွားရေးကဏ္ဍစုံသော ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားတို့သည် စီးပွားရေးစီမံကိန်းများအပြည့်အဝအကောင်အထည်ဖော်နိုင်ရေး၊ အထူးအထွက်တိုးစပါးများ စိုက်ပျိုးရေးကို ဦးတည်ဆောင်ရွက်လာခဲ့သည်။ တစ်ဖက်မှလည်း နိုင်ငံတော်အေးချမ်းသာယာရေးအတွက်အဟန့်အတားဖြစ်စေသည့် အဖျက်သမားဟူသမျှကို မိမိတို့ရှမ်းတိုင်းရင်းသားများသည် ပြည်သူတို့နှင့်အတူ ချေမှုန်းတိုက်ခိုက်ရမည်ဖြစ်ပေသည်။ သို့မှသာ အမိနိုင်ငံတော်ကြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်း ပိုမိုတိုးတက်လာမည်ဖြစ်သည်။ သို့ဖြစ်၍-

ပြည်ထောင်စုစိတ် ဓာတ်နိုးကြား ရှင်သန်ရေး၊ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာအောင် တည်ဆောက်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေးစသည့် ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် အမျိုးသားရေး ဦးတည်ချက်လေးရပ်ကို ရှမ်းတိုင်းရင်းသားတိုင်းသည် ရှမ်းပြည်နယ်နေ့အတွက် တပ်လှန့်နှိုးဆော်သံအဖြစ်ခံယူရင်း ရှမ်းပြည်နယ်နေ့အထိမ်းအမှတ် ကျင်းပခြင်းနှင့်အတူ နိုင်ငံအပေါ် တာဝန်ကျေပွန်ကြပါစေဟု တိုက်တွန်းဆန္ဒပြုအပ်ပါသည်။

# လယ်ဝေးမြို့နယ်အတွင်း ကန်သာ-ကြိုးကြာအင်း တံတားဖွင့်လှစ်

**လယ်ဝေး ဖေဖော်ဝါရီ ၁**

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ် ကန်သာကျေးရွာအုပ်စု ကန်သာ-ကြိုးကြာအင်းလမ်းပေါ်ရှိ ချောင်းမငယ် လူကူးသစ်သားတံတား ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက်က အဆိုပါ တံတားအနီး၌ ကျင်းပသည်။

အခမ်းအနားတွင် လယ်ဝေးမြို့နယ် ကျေးရွာ ရပ်မိရပ်ဖဦးမြင့်ဆွေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ကန်သာ-ကြိုးကြာအင်း ချောင်းမငယ် လူကူးသစ်တံတားအား ကြိုးကြာအင်း ဘုန်းတော်ကြီးကျောင်း ဆရာတော်၊ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ ဒက္ခိဏခရိုင် ဦးစီးမှူး ဦးစိုးလင်းနှင့် ရပ်မိရပ်ဖ ဦးမောင်လွင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။



အဆိုပါ ကန်သာ-ကြိုးကြာအင်း သစ်သားတံတားသည် ယခင်က ကျေးရွာပြည်သူများ ထည့်ဝင်ငွေဖြင့် တည်ဆောက် အသုံးပြုနေခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် တောင်ကျချောင်းရေတိုက်စားမှုကြောင့် ကျိုးကျပျက်စီးသွားခဲ့သည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေနှင့် ကျေးရွာပြည်သူများ ထည့်ဝင်လှူဒါန်းငွေကျပ်တို့ဖြင့် အရှည်ပေ ၁၇၀၊ အကျယ်ခြောက်ပေရှိ ချောင်းမငယ် လူကူးသစ်သားတံတားကို အသစ်ပြန်လည် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စွာ (ပြန်/ဆက်)**

# သာခုဆံတော်ရှင်စေတီတော်မြတ် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ကကုသန္ဓမြတ်ဗုဒ္ဓ၏ ဇီဝမာနက သကေသဓာတုစင် သာခုဆံတော်ရှင် စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၉ ရက်မှ ၁၈ ရက် အထိ ၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟု စေတီတော် ဂေါပကအဖွဲ့ထံမှ သိရသည်။

သာခုဆံတော်ရှင်စေတီတော်မြတ်ကြီးတွင် ဗုဒ္ဓပူဇနီယပွဲတော်အကြိုအဖြစ် ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ ၉ ရက်တိုင်တိုင် ရင်ပြင်တော်ရာဟု ထောင့်တန်ဆောင်း၌ စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီး ခုနစ်ပါးနှင့် ပင့်သံဃာ ၂၅ ပါးတို့က အဘိဓမ္မာခုနစ်ကျမ်း ဒေသနာတော်ကြီးကို ရွတ်ဖတ်ပူဇော်ကြမည်ဟု သိရသည်။

ထို့နောက် ဗုဒ္ဓပူဇနီယပွဲတော်ရက်တွင် နှစ်စဉ်ကျင်းပနေကျဖြစ်သော ဖေဖော်ဝါရီ ၁၁ ရက် (တပို့တွဲလပြည့်နေ့)၌ ဘုရားဒါယကာ ဦးမောင်မောင်သန်း၊ ဒါယိကာမ ဒေါ်စုစုသန်းမိသားစုက ဘုရားအမှူးပြုသော သံဃာတော် ၅၅ ပါးနှင့်သီလရှင် ၁၅ ပါးတို့အား ဆွမ်းအစရှိသော လှူဖွယ်ဝတ္ထုများ ဆက်ကပ် လှူဒါန်းကာ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်း လှူခြင်းတို့ကို အလှူရှင်များနှင့် စုပေါင်းကောင်းမှု ကုသိုလ်ပြုဆောင်ရွက်ကြ မည်ဖြစ်ကြောင်း သိရသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

# သာသနာ့အလင်းရောင်စေတီတော်မြတ်ကြီး စိန်ဖူးတော်နှင့်ရွှေထီးတော် တင်လှူပူဇော်ပွဲကျင်းပ

**မင်းတပ် ဖေဖော်ဝါရီ ၁**

ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့ သာသနာ့အလင်းရောင်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ရေစက်ချခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက်က မင်းတပ်မြို့ ဗဟိုကျောင်း၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ဗဟိုကျောင်း ဆရာတော် ဘဒ္ဒန္တသောဘဏထံမှ ကိုးပါးသီလခံယူဆောက်တည်ခဲ့ကြပြီး စေတီတော်ကြီးအတွက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို အလှူရှင်နန်းဦးလှိုင်နှင့်ဆိုင်ခွဲများမှ စုပေါင်း၍ လှူဒါန်းကြပြီး စေတီတော်၏ အောက်ခြေ ကြမ်းခင်းပြားများကို One Thousands ပရဟိတအဖွဲ့က လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ဂေဇေ(ပြန်/ဆက်)**

### မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက် ပိုမသုံးပါနှင့်။
၃။ မီးဖို မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့် အမိုးနံရံအကြား အပူခံ အကာအရံများထားပါ။
၅။ ဆီအိုးတည်ပြီး မမေ့ပါနှင့်။

**မီးသတ်ဦးစီးဌာန**

လေဆိပ်အနီး (၁.၄၇) ဧကပေါ်တွင် ဆောက်ထားပြီး **နိုင်ငံခြားသားကိုပြန်လည်ရောင်းချနိုင်သော**
စုပေါင်းပိုင်အဆောက်အဦးအဖြစ်မှတ်ပုံတင်မည့် **ကွန်ဒို**

# JUNE.2018 Key အပ်

## စရန်နှင့် Key အပ်ချိန်တွင် 13% ကျန် 74% ကို

## 148 လ ငွေချေစနစ်

## အတိုးမယူ လစဉ် သိန်း 4 ခန့်

ရန်ကုန်တွင် ပထမဆုံး ကွန်ဒိုနေရာနှင့် Junction 8 သို့အသွားအပြန် နံနက် (၆) နာရီမှ ည (၉)အထိ **FREE SHUTTLE BUS** SERVICE ပါမည်။

ROYAL THIRI
CONDOMINIUM

**ဦးဆုံး (15) ခန်းလက်ဆောင်**
**ပါကေး & AIR-CON**

**စရံ 9 သိန်း ယူလာပါ**

**နေ့ရက်** ■ 4/5-Feb-2017(9AM t0 9PM)

**နေရာ** ■ ဦးဝိစာရလမ်း၊ ရွှေတိဂုံစေတီအနောက်မုဒ်ရှေ့ People Park Myanmar Culture

**မြန်မာနိုင်ငံသားများပိုင်ဆိုင်သော**

# i GREEN

DEVELOPMENT & ENGINEERING GROUP

ကွန်ဒိုနေရာသို့ ကြိုတင်လေ့လာရန် ရန်ကုန်မြို့ထဲမှ ပြည်လမ်းမအတိုင်းလာပြီး လေဆိပ်မီးပွိုင့်အကျော် YCDC ဂေါက်ကွင်းရှိရာ ဂျပန်လမ်းရောက်လျှင် ဘယ်ချိုးပါ မြင်မြင်ချင်းလမ်း သီရိမင်္ဂလာလမ်းသို့ရောက်လျှင် ဘယ်ချိုးပါ။ လမ်းဆုံးလျှင်ဘယ်ချိုး နံပါတ် ၈ လမ်းတွေ့လျှင် ညာချိုးပါက ကွန်ဒိုသို့ရောက်မည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန
# နေပြည်တော်
# လျှောက်လွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာန(နေပြည်တော်)တွင် ခန့်ထားရန် အောက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်ထားနိုင်ပါသည်။

| စဉ် | ရာထူး | ရာထူးနေရာ | အနိမ့်ဆုံးပညာအရည်အချင်းသတ်မှတ်ချက် |
|---|---|---|---|
| က။ | ဒုတိယဦးစီးမှူး<br>(ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၈ နေရာ | စိုက်ပျိုးရေးဘွဲ့(B.Agr.Sc)၊<br>စီးပွားရေး(စာရင်းအင်းပညာ)ဘွဲ့ B.Ecom(Statistics)၊<br>ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) B.A (English) |
| ခ။ | လက်ထောက်ဦးစီးမှူး<br>(ကျပ် ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀) | ၁၂ နေရာ | စိုက်ပျိုးရေးဘွဲ့(B.Agr.Sc)၊<br>စီးပွားရေး(စာရင်းအင်းပညာ)ဘွဲ့ B.Ecom(Statistics)၊<br>ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)B.A(English)၊<br>ဥပဒေဘွဲ့(LL.B) |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၂၇)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၀)ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (င) အနည်းဆုံးလုပ်သက်တစ်ဆက်တည်း သုံးနှစ်တာဝန်ထမ်းဆောင်ရမည်။
- (စ) ရာထူးအားလုံးအတွက် ကွန်ပျူတာအခြေခံတတ်ကျွမ်းရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များကို ပြည့်စုံစွာဖော်ပြရမည်။
- (က) လျှောက်ထားသူအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်
- (ခ) မွေးသက္ကရာဇ်
- (ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
- (ဃ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ၎င်းတို့၏အလုပ်အကိုင်
- (င) ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်
- (စ) အမြဲတမ်းနေရပ်လိပ်စာ

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများပူးတွဲပါရှိရမည်။
- (က) ဘွဲ့လက်မှတ်(သို့)အောင်မြင်ကြောင်းထောက်ခံချက် မိတ္တူ
- (ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံစာမူရင်း၊
- (ဂ) လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ (၂လအတွင်းရိုက်ကူးထားသော)
- (ဃ) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာမူရင်း
- (င) အလုပ်သမားမှတ်ပုံတင်မိတ္တူ
- (စ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ
- (ဆ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း

၅။ လျှောက်ထားသူများသည် စာမေးပွဲကြေး ကျပ်(၁၀၀၀)(ကျပ်တစ်ထောင်တိတိ)ကို နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသည့် စီမံကိန်းဦးစီးဌာန၊ ငွေစာရင်းအမှတ် MD-010475 သို့ ပေးသွင်းရမည်ဖြစ်ပါသည်။ သတ်မှတ်ထားသောလျှောက်လွှာကို စီမံကိန်းဦးစီးဌာန၊ စီမံခန့်ခွဲရေးနှင့် ငွေစာရင်းဌာနခွဲ၊ ရုံးအမှတ်(၄၃)တွင် စာမေးပွဲကြေး(၁၀၀၀)(ကျပ်တစ်ထောင်တိတိ)ပေးသွင်းသည့် ချလန်မူရင်းပြသ၍ ၂-၂-၂၀၁၇ရက်မှ စတင်၍ ထုတ်ယူနိုင်ပါသည်။

၆။ လျှောက်ထားသူသည် ရေးဖြေစာမေးပွဲကို အောက်ပါအတိုင်း နေပြည်တော်တွင် ဖြေဆိုရမည်ဖြစ်ပါသည်။
- မြန်မာစာနှင့်အင်္ဂလိပ်စာ (၂) နာရီမေးခွန်း
- အထွေထွေဗဟုသုတ (၂) နာရီမေးခွန်း

၇။ လျှောက်လွှာများကို လျှောက်လွှာထုတ်ယူရရှိသည့်နေရာသို့ ၂၁-၂-၂၀၁၇ရက် ညနေ ၁၆း၃၀နာရီ နောက်ဆုံးထား၍ အရောက်ပြန်လည်ပေးပို့ရမည်။ ရေးဖြေစာမေးပွဲကို ၄-၃-၂၀၁၇ရက် နံနက် ၉နာရီတွင် စတင်ဖြေဆိုရမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်ကတ်များကို ၂၇-၂-၂၀၁၇ ရက်မှ ၂၈-၂-၂၀၁၇ရက်အထိ စီမံကိန်းဦးစီးဌာန၊ နေပြည်တော်ရုံးအမှတ်(၄၃)တွင် ထုတ်ပေးသွားမည်ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများအား လူတွေ့စစ်ဆေးခြင်းကို ၁၈-၃-၂၀၁၇ရက်တွင် ၀၉း၃၀နာရီတွင် စတင်ပြုလုပ်မည်။ လူတွေ့စစ်ဆေးချိန်တွင် အပိုဒ်(၄)ပါ စာရွက်စာတမ်းမူရင်းများ တင်ပြရမည်။

၈။ ပြည့်စုံခြင်းမရှိသော၊ အချိန်မီရောက်ရှိလာခြင်းမရှိသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဖုန်း-၀၆၇-၄၁၀၅၅၄၊ ၄၁၀၁၁၀၊ ၄၁၀၁၁၂၊ ၄၁၀၁၁၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။







## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀**
**သာကေတမြို့နယ်တရားရုံးတော်၌**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၆၇**

၁။ ဦးဇော်မင်းဖြိုး (၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်စိုးစိုးမော်)
၂။ ဒေါ်စိုးစိုးမော်
**တရားလိုများ**

နှင့်

၁။ ဦးအေး
၂။ ဒေါ်ထွေးရီ
**တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြို့မ(၁၂)လမ်း၊ အမှတ် (၂၇၀/က)နေ တရားပြိုင်များဖြစ်သော (၁)ဦးအေး၊ (၂)ဒေါ်ထွေးရီ သိစေရမည်။

သင့်အပေါ်၌ တရားလိုများဖြစ်ကြသော (၁)ဦးဇော်မင်းဖြိုးနှင့် (၂)ဒေါ်စိုးစိုးမော်တို့က ပဋိညာဉ်အတိုင်း မြေနှင့် အိမ် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုတို့စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်နီနီအေး)**
**မြို့နယ်တရားသူကြီး**
**သာကေတမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မကွေးမြို့၊ အလက(ကန်သာ) ပဉ္စမတန်း(A)မှ မအိန္ဒြေဟန်၏ ဖခင်အမည်မှန်မှာ ဦးကျော်တင်ဇော်ဖြစ်ပါကြောင်းနှင့် မအိန္ဒြေဟန်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၇-၂၀၀၅ ဖြစ်ပါကြောင်း။

**ဦးကျော်တင်ဇော်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ဃ/၈၃၄၆၁ Honda Wave NF 100 မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်လေး ၆/မမန(နိုင်)၁၈၆၅၃၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/3270 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**




## မိဘအမည်မှန်

မော်လမြိုင်မြို့၊ အထက (၁၁)၊ တက္ကသိုလ်ဝင်တန်း(က)မှ မခင်သီတာညို၏ မိဘအမည်မှန်မှာ ဦးအောင်တိုး(ခ) ဦးလှနွယ် ၁၀/မလမ(နိုင်)၁၃၄၁၀၉ နှင့် ဒေါ်ရီရီမွန် (ခ)ဒေါ်လေးလေးမြင့် ၁၀/မလမ(နိုင်)၁၇၄၂၆၀ ဖြစ်ပါကြောင်း။

**ဦးလှနွယ်**
**၁၀/မလမ(နိုင်)၁၃၄၁၀၉**
**ဒေါ်လေးလေးမြင့်**
**၁၀/မလမ(နိုင်)၁၇၄၂၆၀**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/3218 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

**အမည်ပြောင်း**

ဦးဝင်းတင့်၏သမီး မြစ်ကြီးနားမြို့၊ အထက(၁) သတ္တမတန်း(A)မှ မမီမီကျော်အား ယနေ့မှစ၍ မခိုင်ဇာခြည်သင်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**အမည်ပြောင်း**

ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ရေတာရှည်လမ်းဟောင်း၊ တိုက် ၂၃၊ အခန်း(ဘီ-၂)နေ ဦးတင်မောင်၏သား၊ ဦးဝင်းထွန်း ၁၄/ပသရ(နိုင်) ၀၄၂၇၃၁ အား ဦးဖေကြီးအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ဦးဖေကြီးအောင်**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တနန္ဒဝံသမဟာထေရ် (စာသင်ဘုန်းဘုန်း)**

**သက်တော်(၉၁)နှစ်၊ သိက္ခာတော်(၇၁)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ငပကျေးရွာ၊ ရွာဦးလင်းရောင်ခြည်ကျောင်း တိုက်၏နာယကဆရာတော် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်ကျောင်းတိုက်၏ နာယကချုပ် ဆရာတော်(ဆွမ်းစားကျောင်း) ဖြစ်တော်မူသော ကျေးဇူးတော်ရှင်ဘဒ္ဒန္တနန္ဒဝံသမဟာထေရ် ဆရာတော်ကြီးသည် (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၃ရက်) (တနင်္လာနေ့)ည ၇ နာရီတွင် ဘဝနတ် ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၉ရက်) ၅-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် အန္တိမအဂ္ဂိစျာပန ပူဇာသဘင်ကို သန်လျင်မြို့ အမိုးနီသုသာန်၌ ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ဈာပနကျင်းပရေးကော်မတီ**
**ငပကျေးရွာ**

---

## ဘုရား၊ ကျောင်းဒါယကာကြီး

**ဦးစောဟန်ငယ် (ကော့မှူး/ကော့ကရိတ်)**

**မြို့နယ်ဦးစီးအရာရှိ(ငြိမ်း)မွေး/ကု ဦးစီးဌာန၊ ကော့မှူးမြို့နယ်**

**အသက်(၇၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ နော်မြည္ဝန့်လမ်း၊ အမှတ် ၄၀၀နေ (ဦးရွှေရင်-ဒေါ်နော်ဝါး)တို့၏သား၊ (ဒေါ်နော်မြည္ဝန့်)၏ခင်ပွန်း၊ ဦးခင်မောင်ဦး(ဒု-ညွှန်မှူး၊ မွေး/ကုဦးစီးဌာန)၊ ဒေါ်နော်ထူးထူးထွေလာဆန်း (ထက်/ပြ၊အထက ကော့မှူး)၊ စောတိုးရာဇာ၊ စောကျော်မောင်မောင်ဟန်-မခင်သီတာသန်း၊ နော်မိုးကလျာဟန် (PSI,MYANMAR)၊ နော်စုမြမြတ်မွန် (ထက်/ပြ၊ အထက -၂၊ မ/ဒဂုံ)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၃၁-၁-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၃း၁၀နာရီတွင် ရန်ကုန်မြို့ အောင်ရတနာ ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကိုနီ

**အသက်(၆၄)နှစ်**

ခင်မင်လေးစားရပါသော အစ်ကိုကြီး ဦးကိုနီ (တရားလွှတ်တော်ရှေ့နေကြီး) သည် ၂၉-၁-၂၀၁၇ ရက်တွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မန္တလေးမှ ၁၉၇၃-၇၈ ဘွဲ့ရ ဥပဒေကျောင်းသားများ**
**စိုင်းထွန်းလှ၊ ခင်မောင်သိန်း၊ တင်မောင်မြင့်၊ အောင်ငွေး၊ စံဝင်း၊ မောင်မောင်သွင်၊ မင်းအောင်၊ စောလွင်မောင်၊ ထွန်းမြင့်စိုး၊ ထင်အောင်စိန်၊ စိုးနိုင်၊ စိုင်းခွန်ဖုန်း၊ မြင့်ရီ၊ ခင်မအေး၊ နေနွယ်မြင့်၊ မြင့်မြင့်ကြည်၊ မြမြငွေး၊ ကြည်ကြည်လွင်**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကိုနီ

**(တရားလွှတ်တော်ရှေ့နေ)**

မြန်မာနိုင်ငံ လွတ်လပ်သော ရှေ့နေများအသင်း၏ ပြန်ကြားရေး တာဝန်ခံ ဦးကိုနီ (တရားလွှတ်တော်ရှေ့နေ) သည် ၂၉-၁-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရ၍ မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံလွတ်လပ်သောရှေ့နေများအသင်း**
**(ရှမ်းပြည်နယ်)**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီးမောင်ဝင်း (ငြိမ်း) အသက်(၅၇)နှစ်**

**D.S.A(23)**

ရန်ကုန်မြို့နေ ဒေါ်သင်းသင်းမာ(အမက-၈၊ မူလွန်၊ သဃ်္ဃန်းကျွန်းမြို့နယ်)၏ ခင်ပွန်း ဗိုလ်ကြီးမောင်ဝင်း(ငြိမ်း)သည် ၂၂-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးအောင်လင်းထက်-ဒေါ်ဖြူဖြူအောင်**
**(လ/ထ ညွှန်ကြားရေးမှူး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ)**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂ဘီ၊ မြေကွက်အမှတ်- ၅၂ဝဒီ/၄၊ မြေကွက်တည်နေရာအမှတ်-၇၊ ကိုယ့်မင်းကိုယ့်ချင်းရိပ်သာလမ်း၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ် ဦးမြင့်သိန်း(စီအီး-၀၈၀၁၉၀)၊ ဒေါ်မြင့်မြင့်တင်(အေစီ-၀၆၀၀၂၄) အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမြင့်သိန်းသည် Trinity the Hospice in the fylde, low Moor Road, Block pool ဆေးရုံ၌ ၁၀-၆-၂၀၁၆ ရက်တွင် သေဆုံးကြောင်းအထောက်အထား၊ လန်ဒန်မြို့ရှိ မြန်မာသံရုံး၊ သံအမတ်ကြီးကိုယ်စား ပထမအတွင်းဝန်၏ ၁၉-၈-၂၀၁၆ ရက်စွဲပါ စာအမှတ်- ၃၅/၄၈-၁၂ (၂၀၁၆) ဖြင့် ဒေါက်တာမြင့်သိန်း (နိုင်ငံကူးလက်မှတ်အမှတ်-M၉၆၇၇၁၇) သည် ကွယ်လွန်ခဲ့သည်မှာ မှန်ကန်ကြောင်း ထောက်ခံချက်၊ အိမ်ထောင်စုစာရင်း၊ ဒေါ်မြင့်မြင့်တင်(အေစီ-၀၆၀၀၂၄) ၁၂/ဗဟန(နိုင်)၀၇၂၂၁၆သည် ဦးမြင့်သိန်း၏ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်းနှင့် အမွေဆက်ခံကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးမြင့်စိုး**

**ရုပ်ရှင်ကောင်စီစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ(ဟောင်း)**

**ရုပ်ရှင်သက်ကြီးပညာရှင်**

**အသက်(၉၄)နှစ်**

ဦးမြင့်စိုး ရုပ်ရှင်ကောင်စီစည်းရုံးရေးကော်မတီဥက္ကဋ္ဌ(ဟောင်း) ၂၈-၁-၂၀၁၇ ရက်၊ နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၄၇၂၃၄ Dream 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဝင်း ၇/ပတတ(နိုင်)၀၇၉၉၇၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉၀)၊ မြေကွက်အမှတ်(၃၈၂)၊ မြေကွက်တည်နေရာအမှတ်(၃၈၂)၊ (၉၀)ရပ်ကွက်၊ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊(ဦးကျော်ထွန်း)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးကျော်ထွန်းထံမှ ၁၂-၁-၁၉၉၇ ရက်တွင် ဒေါ်ညွန့်ညွန့်အေးမှလည်းကောင်း၊ ဒေါ်ညွန့်ညွန့်အေးထံမှ ၃၀-၆-၁၉၉၈ရက်တွင် ဒေါ်အေး အေးချိုမှလည်းကောင်း၊ ဒေါ်အေးအေးချိုထံမှ ၂၈-၅-၂၀၁၅ ရက်တွင် ဒေါ်သီတာမှလည်းကောင်း၊ ဒေါ်သီတာထံမှ၁၁-၆-၂၀၁၅ ရက်တွင် ဒေါ်ခိုင်ဆုဝေမှ ဝယ်ယူခဲ့ပြီး ပါမစ်ရှိဖြင့် ဂရန်သစ်လျှောက်ထားရာ ကွင်းဆင်းစစ်ဆေးရာတွင် လူမနေမြေကွက်လပ် ဖြစ်ပါသည်။ ၁၉၉၈ခုနှစ်တွင်ဒေါ်ညွန့်ညွန့်အေးမှ ဂရန်သစ်လျှောက်ထားခြင်းအား မသိရှိပါကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။သို့ဖြစ်ပါ၍ ဒေါ်ခိုင်ဆုဝေ၏ ပါမစ်မူရင်းဖြင့် နှစ်၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## နတ်တလင်းအသင်း(ရန်ကုန်)

**ဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်ဥဥခင် (မိုးကုတ် ယောဂီ)**

**အသက်(၈၃)နှစ်**

အသင်း၏နာယက (ဒုတိယဗိုလ်မှူးကြီး လှမောင်၊ ပဲခူးတိုင်း တရားသူကြီး အဖွဲ့ဝင်-ငြိမ်း)၏ ဇနီး နှစ်စဉ်ပညာရည်ချွန်ဆု ဦးသန်းမောင်ဆုအလှူရှင် မောင်နှမများ၏ အစ်မကြီး ဒေါ်ဥဥခင် အသက် (၈၃)နှစ်သည် ၂၃-၁-၂၀၁၇ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**

---

## ဗိုလ်ကြီးအောင်သူဟိန်း

**ကြည်း-၃၈၆၉၁**

**အသက်(၃၃)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ် ၅၂ နေ ဦးဝင်းမြင့်-ဒေါ်ခင်နှင်းယုတို့၏သား၊ မောင်စည်သူဟိန်း၊ မောင်ကျော်သူဟိန်းတို့၏အစ်ကို၊ မစုပိုးဖြူ၏ခင်ပွန်းသည် ၂၅-၁-၂၀၁၇ရက်တွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ရှေ့တန်းတစ်နေရာတွင် ကျဆုံးသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ သူငယ်ချင်းကောင်းရာသုဂတိလားပါစေလို့ ဆုတောင်းလျက်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၄၆)မှ သူငယ်ချင်းများ**

---

## ကျေးဇူးအထူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်ဒါယကာကြီး**

**ဦးရဲမြင့်ဦး (Managing Director)**

**(Golden One Star Co., Ltd)**

**အသက် (၅၈) နှစ်**

မန္တလေးမြို့၊ အမှတ် (၃၈၅)၊ (၈၂) လမ်း (၃၀ × ၃၁ လမ်းကြား) နှင့် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ် (Q-8)၊ မြကန်သာလမ်းနေ (ဦးယုံစိန်)-ဒေါ်ဂျာဂျာမြင့် (စိန်ရတနာအထည်ဆိုင်) တို့၏သားကြီး၊ (ဦးခင်မောင်တိုး) - ဒေါ်မြင့်မြင့်စိန် (Director, Golden One Star Co., Ltd)၊ ဒေါ်မြင့်မြင့်ယဉ်၊ ဒေါ်မြင့်မြင့်တင် (စိန်ရတနာအထည်ဆိုင်)၊ ဦးရဲမြင့်ထွန်း (Golden Treasure Group Co., Ltd)၊ ဦးရဲမြင့်စိုး + ဒေါ်ဝါဝင်းကြိုင် (Daung Nyi Naung Int'l Co., Ltd) တို့၏ အစ်ကိုကြီး၊ ဒေါက်တာ မပြည့်ဖြိုးသော်၊ မောင်ဉာဏ်လင်းမောင်၊ မေဘရဏီစိုးကြိုင်၊ မေသီရိစိုးကြိုင် တို့၏ ဘဘကြီးသည် (၂၃-၁-၂၀၁၇) ရက်နေ့၊ တနင်္လာနေ့၊ နံနက် (၅း၀၅) နာရီတွင် ကွယ်လွန်သွားပါသဖြင့် (၂၅-၁-၂၀၁၇) ရက်တွင် ရေဝေး ယူနန်သုသာန်၌ ဂူသွင်း သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

နာရေးကိစ္စဆောင်ရွက်စဉ် အဆင်ပြေချောမွေ့စေရန် မိသားစုသဖွယ် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သောဆွေမျိုး၊ မိတ်ဆွေများ၊ နောက်ဆုံးခရီးသို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြသော ရပ်နီး၊ ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများသူငယ်ချင်းများ၊ ဆရာတော်ကြီးများ၊ ရဟန်းရှင်၊ သီလရှင်များအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

*ကျန်ရစ်သူမိသားစု*

---

# အထူးဝမ်းနည်းကြေကွဲခြင်း

**ကျွန်ုပ်တို့အား အလ္လာဟ်သည်သာ စိုးပိုင်တော်မူ၏။**
**အမှန်ပင် ကျွန်ုပ်တို့သည် အရှင်မြတ်ထံတော်သို့သာ ပြန်သွားရမည့်သူများဖြစ်ကြသည်။**
**(ကျမ်းမြတ်ကုရ်အာန်)**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟိုဥပဒေအထောက်အကူပြုအဖွဲ့ဝင် တရားလွှတ်တော်ရှေ့နေကြီး ဆရာဦးကိုနီ မမျှော်လင့်ဘဲ ရုတ်တရက်ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ထို့ပြင်သက်စွန့်သွားခဲ့သူ ဦးနေဝင်း အတွက်လည်း မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲခြင်းဖြစ်ရပါသည်။

**အပြစ်မဲ့လူသားတစ်ဦးကို သတ်ဖြတ်ခြင်းသည် လူသားထုတစ်ရပ်လုံးကို သတ်ဖြတ်ခြင်းမည်၏။ (ကျမ်းမြတ်ကုရ်အာန်)**

**အဟ်မဒီယာမွတ်စလင်အသင်းတော်-မြန်မာနိုင်ငံ**

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2B/3499၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ် ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးစိန်မာဒင် (သံတွဲမြို့၊ကင်းမော်ရွာ)**

**အသက်(၉၄)နှစ်**

ရခိုင်ပြည်နယ်ကမ်းရိုးတန်းသွားသင်္ဘောပိုင်ရှင်များအသင်း၊ (အတွင်းရေးမှူး) ဦးဝင်းကြိုင်-ဒေါ်အမာနီ၏ဖခင် ဦးစိန်မာဒင် အသက်(၉၄)နှစ်သည် ၃၀-၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက်ပိုင်းတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရခိုင်ပြည်နယ်ကမ်းရိုးတန်းသွားသင်္ဘောပိုင်ရှင်များအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကိုနီ**

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ဥပဒေအကြံပေးတရားလွှတ်တော်ရှေ့နေ**

**အသက်(၆၄)နှစ်**

သူနာပြုတက္ကသိုလ်(ရန်ကုန်)၊ ဆေးဝါးဗေဒဌာနမှ လက်ထောက်ကထိက ဒေါက်တာယဉ်နွယ်ခိုင်၏ဖခင် ဦးကိုနီအသက်(၆၄)နှစ်သည် ၂၉-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၅း၀၈ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်**
**ဒုတိယပါမောက္ခချုပ်**
**ဆရာ/ဆရာမများနှင့်ဝန်ထမ်းများ**
**သူနာပြုတက္ကသိုလ်၊ ရန်ကုန်**

---

## ရဲမှူးမျိုးလွင်

**ရဲ ၃၀၈၇**

**ရှားတောမြို့နယ်ရဲတပ်ဖွဲ့မှူး**

**တပ်တွင်း ဒုရဲအုပ်လောင်းအမှတ်စဉ်(၁၄/၉၀)**

**အသက်(၅၃)နှစ်**

ကယားပြည်နယ်ရဲတပ်ဖွဲ့၊ လွိုင်ကော်ခရိုင်၊ ရှားတောမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးလွင်သည် ၂၈-၁-၂၀၁၇ရက် ညနေ ၁၅း၁၀နာရီတွင် လွိုင်ကော်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရှားတောသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်း သိရှိနိုင်ပါရန်နှင့် ကျန်ရစ်သူမိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါကြောင်း။

**ကယားပြည်နယ်ရဲတပ်ဖွဲ့နှင့်တပ်တွင်းဒုရဲအုပ်လောင်း**
**အမှတ်စဉ်(၁၄/၉၀) သင်တန်းသား/သင်တန်းသူများ**

---

# အထူးကျေးဇူးတင်ရှိပါကြောင်း

၂၁-၁-၂၀၁၇ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပြီဖြစ်သော ဦးနန်းဖိန်းလအောင် (လ/ထ ညွှန်ကြားရေးမှူး) လားရှိုးမြို့နယ် စည်ပင်၊ အသက် (၅၀)၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၂၄-၁-၂၀၁၇ ရက်တွင် မြေသို့အပ်နှံခြင်းအစီအစဉ်၌ လာရောက်မေတ္တာပြသပေးကြသော အသင်းတော်အသီးသီးမှ ဆရာတော်များနှင့် ဓမ္မမိတ်ဆွေများ၊ ရပ်နီးရပ်ဝေးမှ နှစ်သိမ့်အားပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ လိုက်ပါပို့ဆောင်ပေးခဲ့ကြသော မောင်နှမများ၊ နာရေးကိစ္စအဝဝတွင် မေတ္တာရှေ့ထား၍ ကူညီဆောင်ရွက်ပေးခဲ့ကြသော ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီ၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီရုံးခွဲ (လားရှိုး)၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းမိသားစုများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**အားလုံးအပေါ် ဘုရားသခင်ကောင်းချီးပေးပါစေ**
**ကျန်ရစ်သူမိသားစု**

---

## အထူးကျေးဇူးတင်ရှိခြင်း

**ပါမောက္ခ ဒေါက်တာဒေါ်မေသွင် (OG)**

**အသက်(၈၈)နှစ်**

၁၅-၁-၂၀၁၇ရက်တွင် ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊သုဝဏ္ဏ(၂၉)ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ မနအောင်လမ်းသွယ်၊ အမှတ် ၃၀၂နေအိမ်တွင် ကွယ်လွန်သွားသော ပါမောက္ခ ဒေါက်တာ ဒေါ်မေသွင်(သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး)နာမကျန်းဖြစ်နေစဉ်မှ ကွယ်လွန်ချိန်အထိ ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သော ရန်ကုန်ဆေးရုံကြီးမှ အထူးကုသမားတော်ကြီး၊ ပါမောက္ခကြီးများ၊ လက်ထောက်ဆရာဝန်များ၊ ဆရာမများ၊ ဆေးရုံဝန်ထမ်းများ၊ ကွယ်လွန်ချိန်မှ နာရေးကိစ္စများ ပြီးဆုံးသည်အထိ အဘက်ဘက်မှ ကူညီပံ့ပိုး ဆောင်ရွက်ပေးခဲ့ကြသူများ၊ နာရေးသို့ ကိုယ်တိုင်လိုက်ပါပို့ဆောင်ခဲ့သူများ၊ လွမ်းသူ့ပန်းခြင်းများ ပို့ပေးကြသူများ၊ မြန်မာနိုင်ငံသားဖွားမီးယပ်ဆရာဝန်များအသင်း၊ ပါမောက္ခဌာနမှူး၊ ပါမောက္ခများနှင့် သားဖွားမီးယပ်အထူးကုဆရာဝန်များ၊ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ၁၉၆၄ ခုနှစ် ဆေးတက္ကသိုလ်(၁)မှ တပည့် ဆရာဝန်များ၊ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်လာ၍သော်လည်းကောင်း အားပေးစကားပြောကြားကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ငွေအား၊ လူအား၊ လှူဖွယ်ပစ္စည်းများပေးပို့ကူညီသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျန်ရစ်သူမိသားစုက အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ပျောက်ဆုံးကြောင်း**

ဒေါ်ငွန်နဲ့မ်း(ဘ)ဦးထန်ကျဲအို ၄/ဟခန(နိုင်)၀၀၆၀၁၁၏ မြန်မာနိုင်ငံကူးလက်မှတ် (နံပါတ် မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွား၍ တွေ့ရှိက အကြောင်းကြားပေး ပါရန်။

**ဖုန်း-၀၉-၃၆၄၈၁၂၆၄**



# မိုင်းခွဲခံရမှုကြောင့် ပျက်စီးခဲ့သော နမ္မတူချောင်းကူးတံတားပြုပြင်ပြီးစီး၍ ပြန်လည်ဖွင့်လှစ်

**ဟန်ဌေး(လားရှိုး)**

**လားရှိုး ဖေဖော်ဝါရီ ၁**

၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၀ ရက်က မိုင်းခွဲခံရပြီး ပျက်စီးသွားခဲ့သော မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နမ္မတူချောင်းကူးသံကူကွန်ကရစ်တံတားအား ပြန်လည်ပြုပြင်နေစဉ်ကာလအတွင်း ယာဉ်ကြောတစ်ဖက်သာ သွားလာခွင့်ပြုခဲ့ရာမှ ဖေဖော်ဝါရီ ၁ ရက်တွင် နှစ်လမ်းသွားတံတားအဖြစ် ပြန်လည်ဖွင့်လှစ်ပေးလိုက်ပြီဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန္နီမြို့နယ်ရှိ နမ္မတူချောင်းကူး သံကူကွန်ကရစ်တံတားဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက အဆိုပါတံတားထိပ်၌ ကျင်းပရာ လမ်းဦးစီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း)ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝဏ္ဏဇော်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြင့်ဦး၊ Oriental Highway (BOT) Co.,Ltd. မှ တာဝန်ခံ ဦးတင်ကိုကိုနှင့် သိန္နီမြို့မိ၊ မြို့ဖ ဦးစိုင်းစံအေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ နမ္မတူတံတားသည် အရှည်ပေ ၁၈၀ နှစ်လမ်းသွား သံကူကွန်ကရစ်တံတားဖြစ်ပြီး မိုင်းခွဲဖျက်ဆီးခံရမှုကြောင့် တံတား၏အရှည်ပေ ၆၀ သံကူကွန်ကရစ်ရက်မနှစ်ချောင်း အပြင် ကြမ်းခင်းလက်ရန်းများပါ ပျက်စီးသွားခဲ့သည်။ မန္တလေး-လားရှိုး-မူဆယ်လမ်းမကြီး တစ်လျှောက် ဒေသခံပြည်သူများ လုံခြုံချောမွေ့စွာ သွားလာနိုင်စေရန်နှင့် ယာဉ်ကြောပိတ်ဆို့မှုမရှိစေဘဲ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရန် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့၏ကြီးကြပ်မှုဖြင့် Oriental Highway (BOT) Co.,Ltd. မှ မူလအတိုင်း နှစ်လမ်းသွားတံတားအဖြစ် ပြုပြင်ချိန် နှစ်လတာကာလအတွင်း ငွေကျပ် သိန်း ၇၀၀ ကျော် အကုန်အကျခံ ပြန်လည်ပြုပြင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

## တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် ၂၀၁၇ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ သိကောင်းစရာ မြန်မာစာ

အချပ်ပို စာမျက်နှာ (က) (ခ) တွင် ဖော်ပြထားသည်



## တောင်ကိုရီးယားသမ္မတ ရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ဘန်ကီမွန်းပြောကြား

စ၁-၁၀

# MNL ပြိုင်ပွဲ ပွဲစဉ်(၄)တွင် လက်ရှိချန်ပီယံရတနာပုံ ပွဲကျပ်ကစားရမည်

**သတင်း - ညီမြတ်သော်တာ**
**ဓာတ်ပုံ - ဖိုးသော်ဇင်**

**ရန်ကုန် ဖေဖော်ဝါရီ ၁**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၄)ကို ယခုတစ်ပတ်စနေ၊ တနင်္ဂနွေနေ့များတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံ ရတနာပုံအသင်း ပွဲကျပ်ကစားရမည်ဖြစ်သည်။

ပွဲစဉ်(၄)အဖြစ် ဖေဖော်ဝါရီ ၄ ရက်တွင် သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်၊ တောင်ငူကွင်း၌ ဟံသာဝတီအသင်းနှင့် GFA အသင်း၊ ဖေဖော်ဝါရီ ၅ ရက်တွင် ပုသိမ်ကွင်း၌ ရောဝတီအသင်းနှင့် ရတနာပုံအသင်း၊ ဝေသာလီကွင်း၌ ရခိုင်အသင်းနှင့် ဇွဲကပင်အသင်း၊ YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် Southern အသင်း၊ ဝဏ္ဏသိဒ္ဓိကွင်း၌ နေပြည်တော်အသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပွဲစဉ်(၃)အပြီးတွင် ရန်ကုန်နှင့် ရတနာပုံအသင်းတို့က ခုနစ်မှတ်စီ၊ ဇွဲကပင်နှင့် ရှမ်းယူနိုက်တက်အသင်းတို့က ခြောက်မှတ်စီ၊ ချင်းယူနိုက်တက်၊ နေပြည်တော်နှင့် ရောဝတီအသင်းတို့က လေးမှတ်စီ၊ ရခိုင်အသင်းက သုံးမှတ်၊ ဟံသာဝတီနှင့် Southern အသင်းတို့က နှစ်မှတ်စီ၊ GFA နှင့် မကွေးအသင်းတို့က တစ်မှတ်စီရထားသည်။

*စာမျက်နှာ ၁၄ ကော်လံ ၁* ●



ရောဝတီနှင့် ရတနာပုံအသင်း ၂၀၁၆ ရာသီက တွေ့ဆုံခဲ့စဉ်



# ၂၀၁၇ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ သိကောင်းစရာ မြန်မာစာ

ဒီကနေ့ပို့ချမယ့် ပို့ချချက်ကတော့ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေအတွက် "မြန်မာစာဘာသာရပ် မေးခွန်းလွှာဆိုင်ရာ သိမှတ်ဖွယ်ရာများ" ဖြစ်ပါတယ်။ ဒီပို့ချချက်ဟာ မြန်မာစာပြဋ္ဌာန်းစာတွေကို လေ့လာကျက်မှတ်ရာမှာ အထောက်အကူပြုနိုင်ဖို့နဲ့ တက္ကသိုလ်ဝင် စာမေးပွဲကြီး ဖြေဆိုရာမှာ ထူးချွန်ပေါက်မြောက်စွာ ဖြေဆိုစေနိုင်ဖို့ ရည်ရွယ်ပါတယ်။

ကျောင်းသား ကျောင်းသူများ သိပြီးဖြစ်တဲ့အတိုင်း ဒသမတန်း မြန်မာစာ ဘာသာရပ်အတွက် ပြဋ္ဌာန်းထားတဲ့စာအုပ် ၄ အုပ်ရှိပါတယ်။

အဲဒီစာအုပ်တွေကတော့ -

မြန်မာသဒ္ဒါအတွဲ(၂) အခန်း(၆)

မြန်မာကဗျာလက်ရွေးစင်

မြန်မာစကားပြေလက်ရွေးစင်နဲ့

ရေသည်ပြဇာတ်တို့ ဖြစ်ပါတယ်။

မြန်မာစာဘာသာရပ်ကိုလေ့လာရာမှာ ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံ လေ့လာထားရမှာဖြစ်ပေမယ့် စာမေးပွဲဖြေဆိုရာမှာတော့ စာမေးပွဲမေးခွန်းနဲ့အံဝင်ခွင်ကျဖြစ်အောင်၊ ပေးထားတဲ့အချိန်အတိုင်းအတာအတွင်း ကွက်တိဖြေဆို နိုင်အောင်၊ လေ့လာကျက်မှတ် လေ့ကျင့်ထားဖို့လိုအပ်ပါတယ်။ ဒီလိုလေ့လာ ကျက်မှတ်လေ့ကျင့်နိုင်ဖို့အတွက် မြန်မာစာမေးခွန်းပုံစံကို ဦးစွာကျေကျေညက်ညက် သိရှိထားဖို့ လိုအပ်ပါတယ်။

မြန်မာစာမေးခွန်းဟာ (၃) နာရီမေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ မေးခွန်းကြီး (၆)ပုဒ် မေးထားပါတယ်။ သဒ္ဒါ(၁)ပုဒ်၊ ဝေါဟာရ အလင်္ကာ (၁)ပုဒ်၊ ကဗျာခမ္မဓိဋ္ဌာန်နဲ့ ကဗျာ မေးခွန်းရှည် (၁)ပုဒ်၊ စကားပြေခမ္မဓိဋ္ဌာန်နဲ့ စကားပြေမေးခွန်းရှည် (၁)ပုဒ်၊ ပြဇာတ်မေးခွန်း (၁)ပုဒ်၊ စာစီစာကုံး မေးခွန်း (၁)ပုဒ်တို့ ဖြစ်ပါတယ်။ မေးခွန်းအလိုက် ရွေးချယ်စရာတွေ ပါဝင်မှာ ဖြစ်ပါတယ်။

မေးခွန်း(၁)ကတော့ မြန်မာသဒ္ဒါပြဋ္ဌာန်းစာ အတွဲ(၂) အခန်း(၆)ကို အခြေခံထားတဲ့ မေးခွန်းဖြစ်ပါတယ်။ မြန်မာသဒ္ဒါ အတွဲ (၂) အခန်း(၆)မှာ အပိုင်း (၃) ပိုင်း ပါဝင်ပါတယ်။ (က) မြန်မာစာ မြန်မာစကားဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ (ခ) ဝါစင်္ဂဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ (ဂ) ဝါကျဆိုင်ရာ သိမှတ်ဖွယ်ရာများတို့ ဖြစ်ကြပါတယ်။ မေးခွန်း (၁) မှာ ဒီကဏ္ဍတွေကို မေးခွန်းပုဒ်ခွဲ ၃ ခုခွဲပြီး မေးလေ့ရှိပါတယ်။ မေးခွန်းပုဒ်ခွဲမေးရာမှာ ကဏ္ဍအလိုက် မေးတာမျိုးမဟုတ်ဘဲ မေးခွန်း ၁ (က)မှာ အပိုင်း ၃ ခုစလုံးက အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ရှင်းလင်းဖော်ပြချက်စတဲ့ ကျက်မှတ်မှုဆိုင်ရာ မေးခွန်းနဲ့၊ မေးခွန်း ၁ (ခ) နဲ့ (ဂ) ကတော့ မြန်မာသဒ္ဒါကို ဘယ်လောက်နားလည်မှု ရှိ မရှိ၊ ဘယ်လောက်လက်တွေ့အသုံးချနိုင်စွမ်း ရှိ မရှိဆိုတဲ့ နားလည်မှုနဲ့ ကျွမ်းကျင်မှုကို စစ်ဆေးအကဲဖြတ်တဲ့ မေးခွန်းဖြစ်ပါတယ်။

**မေးခွန်း ၁ (က)** မှာ အပိုင်း (၁) မြန်မာစာ မြန်မာစကားဆိုင်ရာ သိမှတ်ဖွယ်ရာများအခန်းမှာ ကဏ္ဍ ၃ ခု ပါဝင်တဲ့အနက် မူရင်းအရေးအသားများ၊ စဉ့်ကွင်းစာ၊ ကျောက်စာ၊ အုတ်ခွက်စာ၊ ပေစာ ပုရပိုက်စာ စတဲ့ စာအမျိုးမျိုး၊ ခရာဝန်း၊ ခရာထောင့်၊ ဇကွဲပြောင်းလဲပုံ၊ ည ပြောင်းလဲပုံ၊ ဒထွေး ပြောင်းလဲပုံ၊ နငယ် ပြောင်းလဲပုံ၊ အ ပြောင်းလဲပုံစတဲ့ မြန်မာအက္ခရာကဏ္ဍက မြန်မာအက္ခရာတွေရဲ့ ယေဘုယျပုံသဏ္ဌာန်နဲ့ အက္ခရာပုံသဏ္ဌာန် ပြောင်းလဲပုံတွေ၊ ဌာန်၊ ကရိုဏ်းနဲ့ ပယတ်တို့ရဲ့ ဖွင့်ဆိုချက်များ၊ ဌာန်၊ ကရိုဏ်း၊ ပယတ်တို့ကြောင့် ဖြစ်ပေါ်လာတဲ့ စကားသံအကြောင်း၊ လှုပ်ရှားနိုင်တဲ့ စကားသံဖြစ် အင်္ဂါ၊ မလှုပ်ရှားနိုင်တဲ့ စကားသံဖြစ်အင်္ဂါ၊ ဌာန် ၇ မျိုး၊ ကရိုဏ်း ၇မျိုး၊ ဌာန်နှင့်ကရိုဏ်း အတွဲ ၇မျိုး၊ ပယတ် ၄ မျိုး၊ သရရွတ်ဆိုပုံ၊ ဗျည်းရွတ်ဆိုပုံစတဲ့ ဌာန်၊ ကရိုဏ်း၊ ပယတ်ကဏ္ဍက သိမှတ်ဖွယ်ရာတွေ၊ ပါဌ်ဆင့်ရေးနည်းနှင့် ဖတ်နည်းအခန်းက ပါဌ်ဆင့်ရေးနည်းနှင့် ဖတ်နည်း၊ အက္ခရာတူနှစ်လုံးဆင့်နည်း၊ အက္ခရာကွဲနှစ်လုံးဆင့်နည်း စတဲ့ရေးနည်းတွေကို ထုတ်နုတ်မေးမြန်းလေ့ရှိပါတယ်။

အပိုင်း(၂) ဝါစင်္ဂဆိုင်ရာ သိမှတ်ဖွယ်ရာများအခန်းက နာမ်၊နာမ်စား၊ နာမဝိသေသန၊ ဝိသေသ၊ ကြိယာ၊ ဝိဘတ်၊ သမ္ဗန္ဓ၊ လိင်၊ စတဲ့ ဝါစင်္ဂများ အမျိုးမျိုးရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်တွေနဲ့ အမျိုးအစားတွေအကြောင်းကို မေးမှာဖြစ်ပါတယ်။

အပိုင်း(၃) ဝါကျဆိုင်ရာသိမှတ်ဖွယ်များအခန်းက ဝါကျရိုး သတ်မှတ်ချက်၊ ဝါကျရိုး ဖွဲ့ပုံအမျိုးမျိုး၊ ဝါကျရော သတ်မှတ်ချက်၊ ဝါကျရောဖွဲ့ပုံအမျိုးမျိုး၊ အနက်အဓိပ္ပာယ်အရ ဝါကျ (၅)မျိုး၊ ဖွဲ့စည်းတည်ဆောက်ပုံအရ ဝါကျ(၂) မျိုး၊ ပုဒ်အမျိုးအစား (၄) မျိုး၊ ပုဒ်စု အမျိုးအစား (၃) မျိုး စတာတွေကိုလည်း မေးလေ့ရှိပါတယ်။

ဒီမေးခွန်းမှာ မေးတဲ့အကြောင်းအရာ အမျိုးအစား များပြားစုံလင်ပေမယ့်ရွေးချယ်စရာတွေပါဝင်တာကြောင့် မိမိစိတ်ကြိုက် အပုဒ်တွေကို ရွေးချယ်ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။ ဖြေဆိုတဲ့အခါမှာ ကျက်မှတ်ထားသမျှကို အစီအစဉ် တကျရေးပြရမှာ ဖြစ်ပါတယ်။ သဒ္ဒါအဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို ဖြေဆိုရာမှာ လိုအပ်တဲ့သာဓကတွေကို ထည့်သွင်းဖြေဆိုရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လိုအပ်တဲ့နေရာတွေမှာ သာဓကဆောင်နိုင်အောင် သာဓကများကိုလည်း ကျက်မှတ်ထားရမှာ ဖြစ်ပါတယ်။

သာဓကအနေနဲ့ ပေစာ ပုရပိုက်စာကို ဖြေမယ်ဆိုကြပါစို့။

- ပေစာ ပုရပိုက်စာတို့ကို စာရေးကိရိယာအဖြစ် ပုဂံခေတ်ကပင် စတင်အသုံးပြုခဲ့ကြမယ်လို့ ယုံကြည်ရကြောင်း၊
- သို့သော် နှစ်ကာလ အလွန်ကြာညောင်းပြီဖြစ်လို့ ထိုခေတ်က ပေ၊ ပုရပိုက်တို့ကို တွေ့နိုင်ရန် မလွယ်ကူတော့ကြောင်း၊
- အစောဆုံးအနေဖြင့် မြန်မာသက္ကရာဇ် ၁၀၀၀ ခန့် (အေဒီ ၁၇ ရာစု)က ရေးခဲ့သည့် ပေများကို တွေ့နိုင်ကြောင်း၊
- ဒါ့ကြောင့် သက္ကရာဇ် ၁၀၀၀မှ ယနေ့ ၁၃၀၀ ကျော်အထိ နှစ်ပေါင်း ၃၀၀ ကျော်အတွင်း ရေးသားခဲ့တဲ့ အက္ခရာတို့ရဲ့ ပုံသဏ္ဌာန်ကို ထိုပုရပိုက်များတွင်လည်း တွေ့နိုင်ကြောင်း ဆိုတဲ့အချက်တွေကို ပြည့်ပြည့်စုံစုံ ဖြေဆိုရမှာ ဖြစ်တယ်။

**မေးခွန်း ၁ (ခ)** ကတော့ သဒ္ဒါလေ့ကျင့်ခန်းမေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ မေးခွန်း(၆)ခု မေးပြီးတော့ (၄)ခုကို ဖြေဆိုရမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေဆိုနိုင်ဖို့အတွက် သဒ္ဒါစာအုပ်ထဲက လေ့ကျင့်ခန်းတွေကို အထပ်ထပ်အခါခါ လေ့ကျင့်ထားဖို့အပြင် မေးခွန်းကို သေချာဖတ်ပြီး မေးထားတဲ့အတိုင်း အတိအကျ ဖြေပေးရပါမယ်။

သာဓကပြရမယ်ဆိုရင် အောက်ပါတို့မှ လေးခုကို ရွေးချယ်၍ ဖွဲ့စည်းတည်ဆောက်ပုံအရ မည်သည့်နာမ်ဖြစ်ကြောင်း မေးထားတဲ့ "နေ၊ လက်စွပ်၊ ကူညီမှု၊ အကောင်း၊ မေတ္တာ၊ လွယ်အိတ်"တို့ကို ဖြေမယ်ဆိုရင်-

- "နေ"သည် ပင်ကိုနာမ်၊
- "လက်စွပ်"သည် ပေါင်းစပ်နာမ်၊
- "ကူညီမှု"သည် ကြိယာနာမ်၊
- "အကောင်း" သည် ဂုဏ်ရည်ပြနာမ်၊
- "မေတ္တာ"သည် ပင်ကိုနာမ်၊
- "လွယ်အိတ်" သည် ပေါင်းစပ်နာမ်

ဖြစ်ကြောင်း တိတိကျကျ ဖြေဆိုနိုင်အောင် ကျက်မှတ်လေ့ကျင့်ထားရမှာ ဖြစ်ပါတယ်။

ပင်ကို နာမ်ကို ရေးသားရာမှာ စာလုံးပေါင်းမှန်ကန်ဖို့သတိပြုရမှာ ဖြစ်ပါတယ်။ "ပင်ကို"ကို ရေးသားရာမှာ ယပက်လက်သတ် မပါဝင်ပါဘူး။ "ပင်ကိုယ်" လို့ရေးသားမိရင် စားလုံးပေါင်းမှားတဲ့အတွက် အမှတ်ဆုံးရှုံးမှာ ဖြစ်ပါတယ်။

"ဖွဲ့စည်းတည်ဆောက်ပုံအရ မည်သည့်ကြိယာဝိသေသနဖြစ်ကြောင်း မေးထားတဲ့ "ခင်ခင်မင်မင်၊ တမှိုင်မှိုင်၊ တက်လိုက် ဆင်းလိုက်၊ စီရရီ၊ ချိုချို သာသာ၊ ဆာတာတာ" တို့ကို ဖြေရင်-

- "ခင်ခင်မင်မင်" သည် နှစ်ကြိမ်ထပ် ကြိယာဝိသေသန၊
- "တမှိုင်မှိုင်"သည် ပစ္စည်းဆက် ကြိယာဝိသေသန၊
- "တက်လိုက် ဆင်းလိုက်" သည် ပစ္စည်းဆက် ကြိယာဝိသေသန၊
- "စီရရီ" သည် ကာရန်လိုက် ကြိယာဝိသေသန၊
- "ချိုချိုသာသာ" သည် နှစ်ကြိမ်ထပ် ကြိယာဝိသေသန၊
- "ဆာတာတာ" သည် ကာရန်လိုက် ကြိယာဝိသေသန

ဆိုပြီး တိတိကျကျဖြေဆိုရမှာ ဖြစ်ပါတယ်။

**မေးခွန်း ၁ (ဂ)** ကတော့ သဒ္ဒါကို အမှန်တကယ် နားလည်တတ်ကျွမ်းမှု ရှိ၊ မရှိ စမ်းသပ်တဲ့ မေးခွန်းဖြစ်တယ်။ ဒီမေးခွန်းမှာ (၅) ခု မေးပြီး (၃)ခု ဖြေရမှာ ဖြစ်ပါတယ်။ များသောအားဖြင့် သဒ္ဒါအမျိုးအစားအလိုက် စကားလုံးတွေကို ပေးထားပြီးတော့ ဝါကျဖွဲ့ခိုင်းလေ့ ရှိပါတယ်။ ဝါကျထဲက စကားလုံးကို မျဉ်းသားပြီး ဝါစင်္ဂအမျိုးအစား ဖြေဆိုခိုင်းတာမျိုးလည်း မေးနိုင်ပါတယ်။

ဝါစင်္ဂအလိုက် ပေးထားတဲ့စကားလုံးတွေကို ဝါကျထဲမှာ ကွက်လပ်ဖြည့်ပြီး ဝါစင်္ဂ အမျိုးအစားဖော်ပြခိုင်းတာမျိုးလည်း မေးနိုင်ပါတယ်။

သာဓကအနေနဲ့-

- "အပူတပြင်း"ဆိုတဲ့ ကြိယာဝိသေသနကို ဝါကျဖွဲ့ခိုင်းရင်-
  "ကျွန်တော်သည် ပိုက်ဆံအိတ်ကျပျောက်သွားသဖြင့် အပူတပြင်း ရှာဖွေနေသည်။"
- "တိုင်အောင်"ဆိုတဲ့ အချိန်ဆက်တိုက်ပြဝိဘတ်ကို ဝါကျဖွဲ့ခိုင်းရင်-
  "ညီမလေးသည် နေ့စဉ် ည၁၂နာရီ တိုင်အောင် ကျောင်းစာများကို ကျက်မှတ်လေ့ရှိသည်။"
- "နိုင်" ဆိုတဲ့ ကြိယာပစ္စည်းကို ဝါကျဖွဲ့ခိုင်းရင်-
  "ကျောင်းသားတိုင်းသည် စာမကြိုးစားလျှင် စာမေးပွဲ မအောင်နိုင်ပါ။"

စသဖြင့် ဝါကျဖွဲ့ရမှာ ဖြစ်ပါတယ်။ ဝါကျဖွဲ့တဲ့အခါမှာ ဝါကျတွေ ပြည့်စုံမှန်ကန်ပြီး အဓိပ္ပာယ်ပေါ်လွင်ဖို့လိုပါတယ်။

**မေးခွန်း ၂ (က)** ဟာ စကားပြေ၊ ကဗျာ၊ ရေသည်ပြဇာတ်တွေထဲက စာသုံး ပေသုံး ရှေးသုံးဝေါဟာရတွေကို အဓိပ္ပာယ်ဖွင့်ခိုင်းတဲ့မေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ (၈)ခု ပေးထားပြီး (၅)ခု ဖြေရမှာ ဖြစ်ပါတယ်။ ဖြေဆိုတဲ့အခါမှာ ပြဋ္ဌာန်းစာပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုဖို့ လိုအပ်ပါတယ်။ အဓိပ္ပာယ်ဖွင့်ပုံ တိကျဖို့လည်း လိုအပ်ပါတယ်။

ဝေါဟာရရဲ့ သဒ္ဒါ အမျိုးအစားနဲ့ ကိုက်ညီတဲ့ အဓိပ္ပာယ်ဖြစ်ဖို့လည်း လိုအပ်ပါတယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်တွေထဲကခက်ဆစ်အဓိပ္ပာယ်တွေကို သေသေချာချာကျက်ထားရင် လုံလောက်ပါတယ်။

သာဓကအနေနဲ့ -

သိယံသူ့စကားပြေထဲက "သတင်းစင်" ဆိုတဲ့ ဝေါဟာရကို အနက်ဖွင့်မယ်ဆိုရင် "အကျင့်စင်ကြယ်သည်" ဆိုပြီး ဖွင့်ရပါမယ်။

"သတင်းစင်"ဟာ ကြိယာဖြစ်တဲ့အတွက်ကြောင့် အဖွင့်ဟာလည်း ကြိယာ အနက်ပဲ ဖြစ်ရပါမယ်။ ကိုယ့်အဓိပ္ပာယ်နဲ့ကိုယ် ဖွင့်တာမျိုးတွေ၊ ကြိယာ အနက်မဟုတ်ဘဲ နာမဝိသေသန အနက်၊ ကြိယာဝိသေသနအနက် စသည်ဖြင့် အနက်ပြောင်း ဖွင့်တာမျိုး မဖြစ်သင့်ပါဘူး။

မြင်စိုင်းရွှေပြည် ကဗျာထဲက "စောလူး" ဝေါဟာရကို အနက်ဖွင့်မယ်ဆိုရင် မြင့်မြတ်၊ ပျို့ရွှယ်သောမင်း" လို့ဖွင့်ဆိုရမှာ ဖြစ်ပါတယ်။ နာမ်ဝေါဟာရဖြစ်တဲ့အတွက် ဖွင့်တဲ့အနက်ကလည်း နာမ်အနက်ပဲ ဖြစ်ရပါမယ်။

ရေသည်ပြဇာတ်ထဲက "ကရောသောပါး" ဆိုတဲ့ဝေါဟာရကို အနက်ဖွင့်မယ်ဆိုရင် "ကတိုက်ကရိုက်၊အလောတကြီး" လို့ဖွင့်ဆိုရပါမယ်။ "ကရောသောပါး"ဟာ ကြိယာဝိသေသနဖြစ်တာမို့ အနက်ဖွင့်ကလည်း ကြိယာဝိသေသနအနက် ဖြစ်ရပါတယ်။

**မေးခွန်း ၂(က)** မှာ စာသုံးပေသုံးရှေးသုံး ဝေါဟာရတွေ အနက်ဖွင့်တဲ့ အခါမှာ အဓိပ္ပာယ် မှန်ကန်ဖို့နဲ့ သဒ္ဒါအသုံး မှန်ကန်ဖို့ အထူးလိုအပ်တယ်ဆိုတာ သတိပြုရမှာ ဖြစ်ပါတယ်။

**မေးခွန်း ၂ (ခ)** မှာတော့ စကားပြေ၊ ကဗျာ၊ ရေသည်ပြဇာတ်တွေမှာပါတဲ့ ဝေါဟာရတွေထဲက မျက်မှောက်ခေတ်တိုင် အသုံးပြုဆဲဖြစ်တဲ့ ခေတ်သုံး ဝေါဟာရတွေကို ဝါကျဖွဲ့ခိုင်းတာ ဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း (၈) ခု မေးပြီးတော့ (၅)ခု ဖြေရမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ ဝေါဟာရဟာ အဓိပ္ပာယ်တစ်မျိုးထက်မက ကွဲပြားမှုရှိနိုင်ပေမယ့် မေးခွန်းသဘောအရ ဝါကျဖွဲ့ရာမှာ ပြဋ္ဌာန်းစာမှာသုံးတဲ့အဓိပ္ပာယ်မျိုးပဲ ဖြစ်ရပါမယ်။ ဝေါဟာရရဲ့အနက်ပေါ်လွင်တဲ့ ဝါကျမျိုးလည်း ဖြစ်ရပါမယ်။

ဝါကျဖွဲ့တဲ့အခါ အဓိပ္ပာယ်ပြည့်စုံဖို့ လိုအပ်ပါတယ်။ ကတ္တားမပါတဲ့ ဝါကျမျိုးလည်း မဖြစ်သင့်ပါဘူး။

သာဓကအနေနဲ့ -

ဦးပေါင်းကျားနဲ့ မြင်းကျားရှင်စကားပြေထဲက "ကြုံးဝါး" ဆိုတဲ့ ဝေါဟာရကိုဝါကျဖွဲ့ရင် -

- "မောင်မောင်သည် စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရအောင် ဖြေဆိုမည်ဟု ကြုံးဝါးသည်။" ဆိုတဲ့ဝါကျမျိုးရေးသားနိုင်ပါတယ်။
  နွှေဦးကာလ မြူထသောခါ ကဗျာက "မြူ" ဆိုတဲ့ဝေါဟာရကို ဝါကျဖွဲ့ရင်-
- " နွှေဦးကာလတွင် ပတ်ဝန်းကျင်တစ်ခုလုံး မြူ များအုံ့ဆိုင်းလျက်နေသည်။" ဆိုတဲ့ ဝါကျမျိုးရေးဖွဲ့နိုင်ပါတယ်။
  ရေသည်ပြဇာတ်ထဲက "ဒလဟော" ဆိုတဲ့ဝေါဟာရကို ဝါကျဖွဲ့ရင်-
- "တောင်ကျချောင်းမှ ရေတို့သည် တောင်အောက်သို့ ဒလဟော စီးဆင်းနေသည်။" ဆိုတာမျိုးရေးနိုင်ပါတယ်။

ဝါကျဖွဲ့ရာမှာ ပေးထားတဲ့ဝေါဟာရရဲ့အဓိပ္ပာယ် အသုံးမှန်ကန်ဖို့လိုသလို သဒ္ဒါနေရာလည်း မှန်ဖို့လိုပါတယ်။ နာမ်စကားလုံးဆိုရင် နာမ်နေရာ၊ ကြိယာဆိုရင် ကြိယာနေရာ၊ ကြိယာဝိသေသနဆိုရင် ကြိယာဝိသေသန သူ့နေရာနဲ့သူ မှန်အောင်ဝါကျဖွဲ့ရမှာ ဖြစ်ပါတယ်။

အလင်္ကာကို ဖြေဆိုရာမှာ ဥပမာအလင်္ကာကိုဖြေရင် အနှိုင်းခံနဲ့အနှိုင်းကို ဘယ်လို ခိုင်းနှိုင်းဖွဲ့ဆိုထားကြောင်း၊ ရူပကအလင်္ကာကိုဖြေရင် အနှိုင်းခံ နဲ့ အနှိုင်းကို ဘယ်လို ထပ်တူပြုထားကြောင်း၊ ဝင်္ကဝုတ္တိအလင်္ကာကိုဖြေရင် ဘယ်လို တိုက်ရိုက်မရေးဘဲ သွယ်ဝိုက်ရေးထားကြောင်း၊ အတိသယဝုတ္တိ အလင်္ကာကိုဖြေရင် ဘယ်လိုအလွန်အကြူးရေးထားကြောင်း၊ မြည်သံစွဲအလင်္ကာဖြေရင် ဘာမြည်သံကို ထည့်သွင်းဖွဲ့ဆိုထားကြောင်းဆိုတဲ့ သက်ဆိုင်ရာ အလင်္ကာရဲ့ သတ်မှတ်အသုံးအနှုန်းတွေကို သုံးစွဲပြီးရှင်းပြရမှာ ဖြစ်ပါတယ်။

သာဓကအနေနဲ့ -

"မုဆိုးညစ်ထေး ငမိုက်ခွေး" ဆိုတဲ့ ရူပကအလင်္ကာကို ဖြေမယ်ဆိုရင်-

- ဤအလင်္ကာကို သောနုတ္တရမုဆိုးနှင့် ဆဒ္ဒန်ဆင်မင်း စကားပြေမှ သောနုတ္တရမုဆိုး၏ မိုက်မဲပုံဖော်ပြရာ၌ ဆက်စပ်သုံးထားခြင်း ဖြစ်ကြောင်း၊
- မိုက်မဲဆိုးသွမ်းသော ဂုဏ်ရည်ချင်းတူသည့် မုဆိုး (အနှိုင်းခံ) နှင့် ငမိုက်ခွေး/ခွေးမိုက် (အနှိုင်း) ဂုဏ်ရည်တူချင်း ထပ်တူပြုရေးဖွဲ့ထားသောကြောင့် ရူပကအလင်္ကာမြောက်ကြောင်း ရှင်းပြရမှာ ဖြစ်ပါတယ်။

"ရွှေချသလို" ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေမယ်ဆိုရင်-

- ဤအလင်္ကာကို ဦးပုည၏ ရေသည်ပြဇာတ်တွင် ရေသည်ယောကျ်ားက မိမိဘဝ အခြေအနေ တိုးတက်လာမည့် အကြောင်းနှင့် ဆက်စပ်၍ ပြောဆိုသည့် စကားအဖြစ် သုံးနှုန်းထားကြောင်း၊
- ဘဝအခြေအနေ ကောင်းမွန်တိုးတက် ပြောင်လက်လာပုံ (အနှိုင်းခံ) ကို ပစ္စည်းရွှေချ၍ ပြောင်လက်လာပုံ (အနှိုင်း)နှင့် ခိုင်းနှိုင်းရေးဖွဲ့ထားသောကြောင့် ဥပမာအလင်္ကာ မြောက်ကြောင်း ရှင်းပြဖြေဆိုရမှာ ဖြစ်ပါတယ်။

"ထိမ်ကွန်းငယ်ခို" ဆိုတဲ့ ဝင်္ကဝုတ္တိအလင်္ကာကို ဖြေမယ်ဆိုရင်-

- ဤအလင်္ကာကို "ဌာနီပြည်ကြီးကဝေးသနင့်" ကဗျာတွင် နေဝင်သွားကြောင်း ဖော်ပြရာ၌ ဆက်စပ်သုံးနှုန်းထားကြောင်း၊
- "နေဝင်သွားသည်" ဟု တိုက်ရိုက်မရေးဘဲ နေသည် ထိမ်ပင်ပေါက်ရောက်ရာ အနောက်ကျွန်းသို့ ခိုဝင်သွားကြောင်း "ထိမ်ကွန်းငယ်ခို"ဟု သွယ်ဝိုက်ရေးသားထားသဖြင့် ဝင်္ကဝုတ္တိအလင်္ကာမြောက်ကြောင်း ရှင်းပြဖြေဆိုရမှာ ဖြစ်ပါတယ်။

အလင်္ကာမေးခွန်းမှာ အလင်္ကာမြောက်ကြောင်း ပေါ်လွင်ထင်ရှားမှု မရှိတဲ့ အရေးအဖွဲ့မျိုးကို မေးမှာမဟုတ်သလို ဝိဝါဒကွဲပြားနိုင်တဲ့ အရေးအဖွဲ့ မျိုးကိုလည်း မေးမှာမဟုတ်ဘဲ အလင်္ကာမြောက်ကြောင်း ပေါ်လွင်ထင်ရှားတဲ့ အရေးအဖွဲ့မျိုးကိုသာမေးမှာ ဖြစ်ပါတယ်။ ဖြေဆိုရာမှာလည်းပါဝင်တဲ့ ပြဋ္ဌာန်းစာ၊ သက်ဆိုင်ရာအလင်္ကာအမျိုးအစားအလိုက် ပါဝင်ရမယ့် သော့ချက် စကားလုံးတွေပါဝင်ပြီး မည်သည့်အလင်္ကာမြောက်ကြောင်း မှန်ကန်စွာ ဖြေဆိုနိုင်မယ်ဆိုရင် အမှတ်ပြည့်ရရှိမှာ ဖြစ်ပါတယ်။

မေးခွန်း(၃)ကတော့ ကဗျာလက်ရွေးစင်ထဲက ကဗျာဆိုင်ရာမေးခွန်းများ ဖြစ်ပါတယ်။

၃ (က)မှာ ခမ္မဓိဋ္ဌာန်မေးခွန်းတွေ မေးပါတယ်။ ၃(က) ခမ္မဓိဋ္ဌာန် မေးခွန်းတွေအတွက်-

- ကဗျာတစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ ကဗျာစာဆို အကြောင်း-
- ကဗျာရေးတဲ့ခေတ်၊
- ကဗျာအမျိုးအစား၊
- ကဗျာအကြောင်းနဲ့ ကဗျာ့သဘော၊
- ကဗျာမှာပါတဲ့ အချက်အလက်နဲ့ အနက်အဓိပ္ပာယ်၊
- ကဗျာနဲ့သက်ဆိုင်တဲ့ ထူးခြားချက်တွေကို လေ့လာကျက်မှတ်ထားဖို့ လိုအပ်ပါတယ်။

ရွှေနှင့်ယိုးမှား ပန်းစကား ကဗျာကို ပုဂံခေတ်မှာ ရေးခဲ့ကြောင်း၊ မြင်စိုင်း ရွှေပြည် ကဗျာကို ငါးစီးရှင်ကျော်စွာ ရေးဖွဲ့ခဲ့ကြောင်း၊ ဝိဇ္ဇာသိပ္ပ လူ့ကိစ္စ ကဗျာကို ကိုးခန်းပျို့မှ ထုတ်နုတ်ထားကြောင်း၊ ဌာနီပြည်ကြီးကဝေးသနင့် ကဗျာအမျိုးအစားမှာ ညည်းချင်းကဗျာ ဖြစ်ကြောင်း၊ ဆိုတာတွေ အပြင် ကဗျာမိတ်ဆက်မှာပါတဲ့ ကာချင်း၊ တျာချင်း၊ ရှစ်ဆယ်ပေါ်အဲ အစရှိတဲ့ ကဗျာအမျိုးအမည်တွေရဲ့အနက်အဓိပ္ပာယ်များက အစ၊ သိမှတ်ဖွယ်ရာတွေကို မှတ်သားထားဖို့လိုအပ်ပါတယ်။

**အချပ်ပို (ခ)သို့**

**အချပ်ပို (က)မှ**

မေးခွန်းနံပါတ် ၃ (က) ကဗျာမေးခွန်းတိုကို ဖြေဆိုရာမှာ အထူးသတိပြုရမယ့်အချက်ကတော့ မေးခွန်းမှာ (၈) ခုပေးထားပြီး (၅) ခုကိုသာ ရွေးချယ်ဖြေဆိုရတာဖြစ်လို့ ကိုယ်ရွေးချယ် ဖြေဆိုလိုက်တဲ့ (၅) ပုဒ်ရဲ့မေးခွန်းမှာပါတဲ့ နံပါတ်စဉ်ကို မှန်ကန်စွာ ရေးသားဖို့လိုပါတယ်။ (၈) ပုဒ် ပေးထားတဲ့ အထဲက (၅) ပုဒ်ကိုရွေးပြီး ဖြေဆိုလိုက်တဲ့အခါ မေးခွန်းမှာ ပေးထားတဲ့နံပါတ်အတိုင်း မဟုတ်ဘဲ ဖြေတဲ့အမှတ်စဉ်အတိုင်း ၁၊၂၊၃၊၄၊၅ အမှတ်စဉ် တပ်လိုက်လို့ ကိုယ်တပ်လိုက်တဲ့အမှတ်စဉ်နဲ့ မေးခွန်းရဲ့အမှတ်စဉ် ကွဲလွဲနေမယ်ဆိုရင် အမှတ်ဆုံးရှုံးသွားမှာ ဖြစ်ပါတယ်။ ရွေးချယ်စရာပါလာတဲ့အခါမှာ မေးခွန်းရဲ့နံပါတ်နဲ့ အဖြေမှာရေးတဲ့နံပါတ် ကိုက်ညီရမယ်ဆိုတာ အထူးသတိပြုရမှာ ဖြစ်ပါတယ်။

**မေးခွန်း ၃ (ခ)** ကတော့ ရှင်းလင်းဆွေးနွေးရတဲ့ မေးခွန်းဖြစ်ပါတယ်။ ကဗျာတစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအဖွဲ့နဲ့ ရရှိတဲ့ သုတရသတွေကို လေ့လာထားရပါမယ်။

အရေးအကြီးဆုံး အဓိကအချက်ကတော့ ဖြေဆိုရာမှာ မေးခွန်းနဲ့ဘောင်ဝင်ဖို့ပဲ ဖြစ်ပါတယ်။ ကဗျာပါအကြောင်းအရာကို တိုက်ရိုက်မေးတာလား၊ ကဗျာစာဆိုက ဘယ်လို ဖွဲ့ထားလဲလို့မေးတာလား၊ ဒီကဗျာနဲ့ပတ်သက်တဲ့ မိမိရဲ့အတွေးအမြင် ခံစားချက်ကို မေးတာလား စသည်ဖြင့် ကွဲကွဲပြားပြား သိဖို့လိုအပ်ပါတယ်။

သာဓကအနေနဲ့-

တောင်သူကြီး ကဗျာမှပေးသော ရသနှင့်အသိအမြင်ကို တင်ပြပါဆိုတဲ့ မေးခွန်းကို ဖြေမယ်ဆိုပါစို့။

- ရသကိုသာဖြေပြီး အသိအမြင်ကိုမဖြေလို့ မရပါဘူး။ အသိအမြင်ဆိုတာ ဒီကဗျာနဲ့ပတ်သက်တဲ့ ကဗျာကပေးတဲ့ အသိကို ဖော်ပြရမှာ ဖြစ်တယ်။
- တောင်သူကြီးဟာဘေးဘိုးစဉ်ဆက် ဘုရင့် အမှုတော်ထမ်းခဲ့ပုံ၊ ရန်အပေါင်း ဖြိုခွင်းနိုင်ပုံ၊ စတဲ့စွမ်းရည်သတ္တိတွေကို သိရတဲ့အတွက် ဝီရ ရသခံစားရကြောင်း၊
- ကုန်းဘောင်ခေတ်ကတည်းကပင် တိုင်းပြည်နဲ့ အရှင်မင်းမြတ်အပေါ် သစ္စာရှိတဲ့ ရဲစွမ်းသတ္တိနဲ့ပြည့်စုံတဲ့ သူရဲကောင်းတွေရှိနေပြီဆိုတာကို သိမြင်ရကြောင်း၊
- တိုင်းရေးပြည်မှုပြီးချိန်မှာ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ စိုက်ပျိုးပုံ၊ လူပျိုကြီးဘဝ ပျော်မွေ့ပုံ ကျေနပ်ပုံတို့ကိုသိရတဲ့အတွက် အေးငြိမ်းတဲ့ သန္တရသခံစားရကြောင်း၊
- မြန်မာလူမျိုးတို့ဟာ တောင်သူလယ်လုပ် ရိုးရာအသက်မွေးမှုတို့ဖြင့် လုပ်ကိုင်ကြတယ်ဆိုတဲ့ အသိအမြင်များ သိမြင်လာကြောင်း၊
- တောင်သူကြီးဟာ ချက်ပြုတ်ပြီးတဲ့အခါ အပျိုငယ် ရွှေနံကားအောင် စားပါလှည့်လို့ ဖိတ်ခေါ်နေတဲ့အတွက် ပြုံးရွှင်ဖွယ်ဟာသရသ ခံစားရကြောင်း၊
- ရိုးသားပွင့်လင်းတဲ့ မြန်မာတို့ရဲ့ စိတ်ဓာတ်နဲ့စရိုက်ဟာ မြတ်နိုးဖွယ်ကောင်းတယ်ဆိုတဲ့ အသိအမြင်တွေရရှိကြောင်း တင်ပြရမှာဖြစ်ပါတယ်။

ဒါကြောင့် ကဗျာမေးခွန်းကို ဖြေတဲ့အခါမှာ မေးခွန်းမှာပေးထားတဲ့ တောင်သူကြီး ကဗျာမှ ရသနဲ့အသိအမြင်ဆိုတဲ့ (၂) ပိုင်းကို (၂) ပိုင်း စလုံးပါအောင် ပြည့်စုံစွာ ဖြေဆိုနိုင်ဖို့ အလွန်အရေးကြီးပါတယ်။

ဖြေဆိုရာမှာ အချက်တစ်ချက်စီကို ရသတစ်လှည့် အသိအမြင်တစ်လှည့် ဖြေဆိုနိုင်သလို ရသတစ်ပိုင်း အသိအမြင်တစ်ပိုင်းလည်း ဖြေဆိုနိုင်ပါတယ်။ ဖြေဆိုတင်ပြမှုဟာ ကျောင်းသားကျောင်းသူတွေရဲ့ကိုယ်ပိုင်အတင်အပြပဲ ဖြစ်သင့်ပါတယ်။ ကဗျာစာသား အကိုးအကား ကောက်နုတ်ချက်တွေကိုလည်း အလျဉ်းသင့်သလို ထည့်သွင်းဖော်ပြသင့်ပါတယ်။ ကျောင်းသားကျောင်းသူတွေအနေနဲ့ ကဗျာမေးခွန်းရှည်ဖြေဆိုနိုင်ဖို့အတွက် ပြင်ဆင်ရာမှာ ကဗျာတစ်ပုဒ်ရဲ့အဓိကကျတဲ့အချက်အလက်နဲ့ ပေါ်လွင်ကောင်းမွန်တဲ့ ကဗျာစာသား ကောက်နုတ်ချက်တွေကို ထုတ်နုတ်ကျက်မှတ်ထားဖို့ လိုပါတယ်။ ကဗျာတစ်ပုဒ်ကို ရှုထောင့်အမျိုးမျိုးက မေးမြန်းနိုင်တဲ့အတွက် အဓိကကျတဲ့အချက်နဲ့ ကောင်းမွန်တဲ့ စာသားကောက်နုတ်ချက်တွေကို အမိအရ ကျက်မှတ်ထားမယ်ဆိုရင် ဘယ်လိုရှုထောင့်ကပဲမေးမေး မိမိရဲ့ကိုယ်ပိုင်အတင်အပြနဲ့ အံဝင်ခွင်ကျဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ဘဲ အဆင်သင့်အဖြေ အမျိုးမျိုးကို အစအဆုံး ကျက်မှတ်နေမယ်ဆိုရင် ပုဒ်ရေများစွာ ကျက်မှတ်နေရမယ့်အပြင် မိမိကိုယ်ပိုင်အတင်အပြလည်း ဖြစ်မလာတဲ့အတွက် ကောင်းမွန်တဲ့ ရမှတ်ကို ရရှိနိုင်မှာ မဟုတ်ပါဘူး။

**မေးခွန်း ၄** ကတော့ မြန်မာစကားပြေ လက်ရွေးစင်ထဲက မေးတာဖြစ်ပါတယ်။ မေးခွန်း ၄ မှာ (က) နဲ့(ခ)ဆိုပြီး နှစ်ပိုင်းပါဝင်ပါတယ်။

**မေးခွန်း ၄ (က)** က ဓမ္မဓိဋ္ဌာန်မေးခွန်း ဖြစ်ပါတယ်။ ဒီနေရာမှာလည်း-

- စကားပြေတစ်ပုဒ်ချင်းရဲ့မိတ်ဆက်မှာပါတဲ့ စာရေးသူအကြောင်း
- ထုတ်နုတ်သည့် မူရင်းစာအုပ်
- စကားပြေ၏ ဆိုလိုချက် အကြောင်းအရာ၊
- အဲဒီစကားပြေရေးတဲ့ခေတ်၊

စတဲ့ စကားပြေဆိုင်ရာအချက်အလက်တွေကို လေ့လာကျက်မှတ်ထားရပါမယ်။ တိတိကျကျဖြေဆိုဖို့လည်း လိုအပ်ပါတယ်။

သိင်္ယသူ့သမီးသည် မထိလို၏ မြေးဖြစ်ကြောင်း၊ ကျောင်းနေ ရဟန်း သံဃာတို့အတွက် လယ်၊ ဥယျာဉ်နှင့် ကျွန်များ လှူကြောင်း၊ စီးချင်းတိုက်ပွဲစကားပြေကို ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းမှ ထုတ်နုတ်ထားကြောင်း၊ ဦးပေါင်းကျားနှင့် မြင်းကျားရှင် စကားပြေတွင် "ငါမအိုသေး"ဟု မိန့်တော်မူသော မင်းကြီးမှာ အလောင်းစည်သူဖြစ်ကြောင်း၊ မိခင်သောက စကားပြေကို ဝေဿန္တရာဇာတ်တော်ကြီး မဒ္ဒီပဗ္ဗခန်းမှ ကောက်နုတ်ထားခြင်းဖြစ်ကြောင်း၊ မိတဆိုးရှင်ပြုစကားပြေသည် ကိုထွန်းကျော်၏သား ရှင်လောင်းငပု၏ ရှင်ပြုပွဲကို အသေးစိတ်ရေးထားသော စကားပြေဖြစ်ကြောင်း၊ ပတ္တမြားကျောက်စီခား ဝတ္ထုတိုတွင် သူရဲကောင်းတို့၏ လေးစားထိုက်သော ဂုဏ်ရည်ကိုပေါ်လွင်စွာ ရေးဖွဲ့ထားကြောင်းစတဲ့ စကားပြေဆိုင်ရာ သိမှတ်ဖွယ်ရာတွေကို စေ့စပ်သေချာစွာ လေ့လာကျက်မှတ်ထားရမှာ ဖြစ်ပါတယ်။

မေးခွန်း ၄ (က) စကားပြေ ဓမ္မဓိဋ္ဌာန်မေးခွန်းမှာလည်း မေးခွန်း ၃(က) ကဗျာဓမ္မဓိဋ္ဌာန်မေးခွန်းမှာလိုပဲ ရွေးချယ်စရာများပါဝင်တာကြောင့် မေးခွန်းမှာ ပေးထားတဲ့ မေးခွန်းနံပါတ်နဲ့ အဖြေမှာ ကိုယ်ရွေးချယ်ဖြေဆိုတဲ့ နံပါတ်တူညီဖို့ သတိပြုရမှာ ဖြစ်ပါတယ်။

**မေးခွန်း ၄ (ခ)** ကတော့ ရှင်းလင်းဆွေးနွေးရတဲ့ စကားပြေ မေးခွန်းဖြစ်ပါတယ်။ စကားပြေတစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအသားနဲ့ သုတရသ သင်ခန်းစာတွေကို လေ့လာရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း ကဗျာမေးခွန်းတုန်းကလိုပဲ မေးခွန်းရဲ့ ဦးတည်ချက်ကို ကွဲကွဲပြားပြား သိဖို့လိုအပ်ပါတယ်။ မေးထားတဲ့မေးခွန်းဟာ အကြောင်းအရာကို ဦးတည်မေးတာလား၊ အရေးအဖွဲ့ကို ဦးတည်မေးတာလား အဲဒါတွေကို ကွဲကွဲပြားပြားနားလည်ရန် လိုအပ်ပါတယ်။ မိမိလေ့လာကျက်မှတ်ထားသမျှကို မေးခွန်းနဲ့ အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုနိုင်ဖို့ အထူးအရေးကြီးပါတယ်။

၄ (ခ) မေးခွန်းသာဓကအနေနဲ့ "စီးချင်းတိုက်ပွဲ စကားပြေမှ ဗညားဒလ၏ သရုပ်ဖော်အဖွဲ့များကို လေ့လာတင်ပြပါဆိုတဲ့မေးခွန်းကို တင်ပြလိုပါတယ်။"

ဒီမေးခွန်းကိုဖြေတဲ့အခါမှာ ဒီစကားပြေမှာပါတဲ့ ကောင်းနိုးရာရာ သရုပ်ဖော် အရေးအဖွဲ့တွေကို ထုတ်နုတ်တင်ပြရမှာဖြစ်ပါတယ်။

နိဒါန်းအနေနဲ့ ဒီစကားပြေကို တောင်ငူခေတ် မွန်ဝန်ကြီး ဗညားဒလရဲ့ရာဇဓိရာဇ်အရေးတော်ပုံကျမ်းမှ ကောက်နုတ်ထားခြင်းဖြစ်ကြောင်း၊ ခေတ်သဘော၊ စစ်သဘော၊ သူရဲကောင်းတို့ရဲ့သဘောကို ဖော်ပြလိုတဲ့ ရည်ရွယ်ချက်နဲ့ သရုပ်ဖော်ရေးသားထားခြင်းဖြစ်ကြောင်းဖော်ပြပြီး ဗျည်းနွဲ့နှင့် ဗညားနွဲ့စီးချင်းထိုးရသည့်အကြောင်း၊ စီးချင်းမထိုးမီ အခြေအနေသရုပ်ဖော်အဖွဲ့၊ စီးချင်းတိုက်ပွဲ မြင်ကွင်းသရုပ်ဖော်အဖွဲ့၊ စီးချင်းတိုက်ပွဲအပြီး အခြေအနေသရုပ်ဖော်အဖွဲ့၊ သူရဲကောင်းတို့သဘောနှင့် သူရဲကောင်းစိတ်ဓာတ်ကို ဖော်ပြသည့် သရုပ်ဖော်အဖွဲ့၊ စစ်သဘော သူရဲကောင်းတို့၏ သဘောကို မြင်ယောင်ကြားယောင်လာအောင်၊ အသက်ဝင်လာအောင် ရေးဖွဲ့ထားသော သရုပ်ဖော်အဖွဲ့တို့ကို စိတ်ဝင်စားဖွယ် ထုတ်နုတ်တင်ပြပြီး ထိုသရုပ်ဖော်အဖွဲ့များကြောင့် စကားပြေ အသက်ဝင်လာပုံကို ရှင်းလင်းဖြေဆိုရမှာ ဖြစ်ပါတယ်။

စကားပြေမေးခွန်းရှည် ဖြေဆိုနိုင်ဖို့အတွက် ပြင်ဆင်ရာမှာ ကဗျာမေးခွန်းရှည်မှာလိုပဲ စကားပြေတစ်ပုဒ်ရဲ့အဓိကကျတဲ့ အချက်အလက်နဲ့ ပေါ်လွင်ကောင်းမွန်တဲ့ စာသားကောက်နုတ်ချက်တွေကို ထုတ်နုတ်ကျက်မှတ်ထားဖို့ လိုပါတယ်။ စကားပြေတစ်ပုဒ်ကိုလည်း ကဗျာမေးခွန်းရှည်လိုပဲ ရှုထောင့်အမျိုးမျိုးက မေးမြန်းနိုင်တဲ့အတွက် အဓိကကျတဲ့အချက်နဲ့ ကောင်းမွန်တဲ့ စာသားကောက်နုတ်ချက်တွေကို အမိအရ ကျက်မှတ်ထားမယ်ဆိုရင် ဘယ်လိုရှုထောင့်ကပဲမေးမေး မိမိရဲ့ကိုယ်ပိုင်အတင်အပြနဲ့ အံဝင်ခွင်ကျဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

**မေးခွန်း ၅** ကတော့ ရေသည်ပြဇာတ် မေးခွန်းဖြစ်ပါတယ်။ မေးခွန်း ၅ မေးခွန်းမှာ (က) နဲ့(ခ) ဆိုပြီးတော့ ၂-ပုဒ် မေးပါတယ်။

**မေးခွန်း ၅ (က)** မှာ စကားစပ် မေးပါတယ်။ စကားစပ်ကို ဖြေတဲ့အခါမှာတော့ ပေးထားတဲ့စာပိုဒ်ဟာ ဘယ်အခန်းက စကားဖြစ်တယ်။ ဘယ်သူက ဘယ်သူ့ကို ဘယ်အချိန် ဘယ်နေရာမှာ ဘာအကြောင်းနဲ့စပ်ပြီး ဘယ်လိုပြောတယ်ဆိုတာကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ရေးနိုင်ရပါမယ်။ ဒီမေးခွန်းကို ဖြေနိုင်ဖို့အတွက် ပြဇာတ်ကို ကြေညက်နေအောင် လေ့လာထားရပါမယ်။

နောက်တစ်ခုကတော့ စကားစပ်မှာ ဖြေရမယ့်ဆိုလိုရင်းအဓိပ္ပာယ် ကိစ္စဖြစ်ပါတယ်။ ပေးထားတဲ့စာပိုဒ်ရဲ့အဓိပ္ပာယ်ကို ဖြေရတဲ့အခါမှာ သတိပြုရမယ့်အချက်ကတော့ မူရင်းစာပိုဒ်အတိုင်း ပြန်မရေးရပါဘူး။ မပါတဲ့ စကားကိုဆက်ပြီး ထည့်ရေးတာမျိုး မဖြစ်သင့်ပါဘူး။ ဆိုလိုရင်းအဓိပ္ပာယ်ကို ဖြေတဲ့အခါမှာ မိမိစကားပြေနဲ့ ပြေပြေပြစ်ပြစ် ပြန်လည်ရေးသားဖို့တော့ အထူးလိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းတွေ ဖြေနိုင်ဖို့ ပြဇာတ်ကို ကျေညက်နေအောင် လေ့လာထားရုံမျှသာမက ကိုယ့်စကားနဲ့ကိုယ် ပြန်ရေးတတ်ဖို့ လေ့ကျင့်ထားဖို့လည်း လိုအပ်ပါတယ်။

မေးခွန်း(၅) ပုဒ်ခွဲ (ခ)မှာတော့ ရေသည်ပြဇာတ်ရဲ့ အကြောင်းအရာကဏ္ဍကို မေးမှာ ဖြစ်ပါတယ်။ ပြဇာတ်ရဲ့ အကြောင်းအရာကဏ္ဍကို ၂-ပိုင်းခွဲလို့ ရပါတယ်။

(၁) ကတော့ ဇာတ်လမ်းအဖြစ်အပျက်ပိုင်း ဖြစ်ပါတယ်။

(၂) ကတော့ ဇာတ်ဆောင်တွေအကြောင်းနဲ့ ဇာတ်ဆောင်တွေရဲ့စရိုက် သဘာဝအဖွဲ့ ဖြစ်ပါတယ်။

ဇာတ်လမ်းအဖြစ်အပျက်ပိုင်းမှာ ၅ ပိုင်းရှိပါတယ်။

(၁) ရေသည်ယောကျ်ားနှင့် ရေသည်မိန်းမဆင်းရဲပုံ

(၂) ရေသည်ယောကျ်ားငွေလေးရွှေးတပ်မက်ပုံ

(၃) ဥဒယမင်းအား သတ်ရန်ကြံစည်ပုံ

(၄) အိမ်ရှေ့မင်းသား သတိသံဝေဂရပုံနဲ့

(၅) တောထွက်ရန်ပြောဆိုပုံတို့ ဖြစ်ပါတယ်။

အဲဒီ ဇာတ်လမ်းအဖြစ်အပျက် (၅) မျိုးကို အကြောင်းအရာကဏ္ဍမှာ မေးပါမယ်။ နောက်တစ်ပိုင်းက ဇာတ်ဆောင်စရိုက်အဖွဲ့ ဖြစ်ပါတယ်။ ဇာတ်ဆောင်စရိုက်မှာ ရေသည် ယောကျ်ား၊ ရေသည်မိန်းမ၊ ဥဒယမင်းကြီးဆိုတဲ့ ဇာတ်ဆောင် ၃-ယောက်ရဲ့ စရိုက်တွေကို မေးလေ့ရှိပါတယ်။

အဲဒီအကြောင်းအရာမေးခွန်းကို ဖြေတဲ့အခါမှာလည်း စကားစပ်ရဲ့ဆိုလိုရင်း အဓိပ္ပာယ်ကို ဖြေသလိုပဲ ဇာတ်စာမူရင်းအတိုင်း မရေးရပါဘူး။ မေးတဲ့ မေးခွန်းနဲ့ မသက်ဆိုင်တဲ့ အချက်အလက်တွေကိုထည့်ပြီး မရေးရပါဘူး။ ဒါပေမယ့် ရေသည်ပြဇာတ် စာဆို ဦးပုညရဲ့သူသုံးစွဲခဲ့တဲ့ စကားလုံးတွေ၊ အသုံးအနှုန်းတွေ၊ သူရေးသားတင်ပြခဲ့တဲ့ အချက်အလက်တွေကိုတော့ သုံးစွဲရေးဖွဲ့ရမှာ ဖြစ်ပါတယ်။ ရေးတဲ့အခါမှာ ကိုယ်ပိုင်စကားပြေနဲ့ရေးရမှာ ဖြစ်ပါတယ်။

ကိုယ်ပိုင်စကား ပြေကိုပိုပြီးအသက်ဝင်အောင်၊ မိမိအဖြေကို ပိုပြီးပြည့်စုံအောင် ပြဇာတ်စာသားအကိုးအကား ထည့်မယ်ဆိုရင်လည်း ထည့်ရေးနိုင်ပါတယ်။

သာဓကအနေနဲ့ အကြောင်းအရာ မေးခွန်းဖြစ်တဲ့ ရေသည်ယောကျ်ားရဲ့ပုံပန်းသွင်ပြင်နဲ့ ဘဝသရုပ်ကို ဖြေဆိုမယ်ဆိုကြပါစို့။ ရေသည်ယောကျ်ားရဲ့ ရုပ်အသွင်အပြင်၊ ဝတ်စားဆင်ယင်ပုံနဲ့ ဘဝအခြေအနေတို့ပါအောင် ဖြေဆိုရပါမယ်။ သေးငယ်လွန်းလှတဲ့ ယောင်ဆံထုံး၊ မွဲခြောက်စုတ်ချာနေတဲ့ဆံပင် စတဲ့ရုပ်သွင်၊ စုတ်ဖွာညံ့ဖျင်းလှတဲ့ ခါးဝတ်ပုဆိုးကို ဝတ်ဆင်ထားပုံ၊ ထမင်းနှင့် ချဉ်ပေါင်ကိုသာ စားသောက်ရတဲ့ဘဝ၊ ခြိုးခြိုးခြံခြံနှင့် ငွေလေးရွှေး စုဆောင်းထားနိုင်ပုံ စတဲ့ရေသည် ယောကျ်ားရဲ့ ဘဝအခြေအနေတို့ကို ပြဇာတ်ပါ ဇာတ်လမ်းနဲ့ဆက်စပ်ပြီး ဖြေပေးရမှာ ဖြစ်တယ်။

**မေးခွန်း(၆)** ကတော့ စာစီစာကုံးမေးခွန်းဖြစ်ပါတယ်။ စာစီစာကုံးဟာ မြန်မာစာမေးခွန်းလွှာမှာ အမှတ်အများဆုံးပေးထားတဲ့ မေးခွန်းတစ်ပုဒ်ဖြစ်ပါတယ်။ အမှတ် (၂၀) ပေးတဲ့မေးခွန်းဖြစ်ပါတယ်။ ခေါင်းစဉ် ၃-ခု ပေးထားပြီးတော့ အဲဒီခေါင်းစဉ် ၃-ခုထဲက နှစ်သက်ရာတစ်ခုကို ဖြေဆိုရမှာ ဖြစ်ပါတယ်။ ခေါင်းစဉ် ၃-ခုလုံးမှာလည်း ပုံကြမ်း အချက်အလက်တွေ ပေးထားမှာဖြစ်ပါတယ်။ စာစီစာကုံးရေးတဲ့အခါမှာ ပုံကြမ်းအချက်အလက်တွေကို အခြေခံပြီးတော့ ရေးရမှာဖြစ်ပါတယ်။

စာစီစာကုံးဟာ တစ်ပုဒ်လုံး အစအဆုံး အလွတ်ကျက်မှတ်ထားရမယ့် စာမျိုးမဟုတ်ဘဲ ကျက်သင့်တဲ့ အချက်အလက်တွေကိုကျက်၊ မှတ်သင့်တဲ့ အချက်အလက်တွေကိုမှတ်ပြီး မြန်မာစာအရေးအသားဆိုင်ရာ နည်းနာများနဲ့ အကြိမ်ကြိမ် အထပ်ထပ် လေ့ကျင့်ဆည်းပူးထားရမယ့် ကျင့်စာဖြစ်တယ်ဆိုတာ နားလည်ထားရမယ်။

စာစီစာကုံးဆိုတာ စာကိုပြေပြေပြစ်ပြစ် စီကုံးရေးသားရတဲ့ စကားပြေအဖွဲ့ပုံစံတစ်မျိုးဖြစ်တယ်။ စကားပြေအရေးအသားမှာ စာဟန်နဲ့ပြောဟန်ဆိုပြီး ဟန်နှစ်မျိုးရှိတဲ့အနက် စာစီစာကုံး ရေးသားရင်တော့ စာဟန်ကိုပဲ အသုံးပြုရပါမယ်။

စာစီစာကုံးအမျိုးအစားကို အဖွဲ့ပုံသဏ္ဌာန်အရ သရုပ်ဖော်အဖွဲ့၊ ဖြစ်စဉ်ပြအဖွဲ့၊ ဖွင့်ဆိုရှင်းပြအဖွဲ့၊ ကျိုးကြောင်းပြအဖွဲ့ဆိုပြီး ၄ မျိုးခွဲလေ့ရှိတယ်။ သရုပ်ဖော်အဖွဲ့ဟာ သက်ရှိသက်မဲ့တွေရဲ့ ပုံပန်းသွင်ပြင်တွေ၊ အသံတွေ စတာကို မြင်ယောင်ကြားယောင်လာအောင် ရေးဖွဲ့ထားတဲ့ အရေးအဖွဲ့မျိုးဖြစ်တယ်။ မြင်ကွင်းနဲ့ ရှုခင်းတွေကို သရုပ်ဖော်ရလေ့ရှိတယ်။

ဖြစ်စဉ်ပြအဖွဲ့ကတော့ အချိန်ကာလရွေ့လျားတဲ့ အစဉ်အတိုင်း အဖြစ်အပျက်တွေကို စီကာစဉ်ကာရေးဖွဲ့ထားတဲ့ အရေးအဖွဲ့မျိုးဖြစ်တယ်။ ဖြစ်စဉ်ပြအဖွဲ့ဟာ သရုပ်ဖော်အဖွဲ့နဲ့ တွဲဖက်လေ့ရှိပါတယ်။ ခရီးသွားအတွေ့အကြုံတစ်ခု၊ အားကစားပြိုင်ပွဲမြင်ကွင်းစတဲ့ ခေါင်းစဉ်တွေဟာ ဖြစ်ရပ်ဖြစ်စဉ် တစ်ခုကို ရွေ့လျားတဲ့အစဉ်အတိုင်း ရေးသားရမှာဖြစ်ပြီး ထိုဖြစ်စဉ်ကို ပေါ်လွင်အောင် သရုပ်ဖော်ရေးသားရမယ့် စာစီစာကုံးမျိုးဖြစ်တယ်။

ဖွင့်ဆိုရှင်းပြအဖွဲ့ဟာ အကြောင်းအရာတစ်ခုခုကို နားလည်သဘောပေါက်အောင် ရှင်းလင်းဖွင့်ဆိုပြတဲ့ အရေးအဖွဲ့မျိုးဖြစ်တယ်။ စည်းကမ်းလိုက်နာ ဘေးကင်းကွာ၊ စာအုပ်စာပေ လူ့မိတ်ဆွေ၊ ဝန်းကျင်သန့်ရှင်းရောဂါကင်း၊ စတဲ့ ခေါင်းစဉ်တွေဟာ အကြောင်းရပ်တစ်ခုခုကို နားလည်သဘောပေါက်အောင် ဖွင့်ဆိုရှင်းလင်းရေးသားရတဲ့ စာစီစာကုံးခေါင်းစဉ်မျိုး ဖြစ်ပါတယ်။ ဖွင့်ဆိုရှင်းပြအဖွဲ့ဟာ ကျိုးကြောင်းပြအဖွဲ့နဲ့ ဆက်စပ်လျက်ရှိပါတယ်။

ကျိုးကြောင်းပြအဖွဲ့ကတော့ သဘောတစ်ခုခု အယူအဆတစ်ခုခုကို ယုံကြည်လက်ခံလာအောင် အကျိုးအကြောင်း ဆက်စပ်ဖွဲ့ပြတဲ့ အဖွဲ့မျိုးဖြစ်ပါတယ်။ ဝန်းကျင်အလှ ထိန်းသိမ်းကြ၊ ပညာမြင့်မား ပြည်ထွန်းကား၊ ကျန်းမာခြင်းသည် လာဘ်တစ်ပါး စတဲ့ ခေါင်းစဉ်တွေဟာ ဆိုလိုချက်တစ်ရပ်ကို စာဖတ်သူ လက်ခံယုံကြည်လာအောင် အကျိုးသင့်အကြောင်းသင့် ဆက်စပ်ရေးသားရတဲ့ ခေါင်းစဉ်မျိုး ဖြစ်ပါတယ်။

ဖော်ပြခဲ့တဲ့ စာစီစာကုံးအမျိုးအစား ၄ မျိုးမှာ ဘယ်ခေါင်းစဉ်ဟာ မိမိနဲ့သင့်လျော်မယ်ဆိုတာချိန်ဆပြီး ကိုယ်ရေးမယ့် စိတ်ကြိုက်ခေါင်းစဉ်ကို မှန်ကန်စွာ ရွေးချယ်ရမှာ ဖြစ်ပါတယ်။ စာမေးပွဲမေးခွန်းမှာ ပေးထားတဲ့ခေါင်းစဉ်တွေဟာ ကျောင်းသားကျောင်းသူများ စိတ်ကြိုက်ရွေးချယ်နိုင်ဖို့အတွက် စာစီစာကုံး အမျိုးအစားတွေ မျှတစွာ ပေးထားလေ့ရှိပါတယ်။

စာစီစာကုံးမေးခွန်းမှာ ခေါင်းစဉ်နဲ့အတူ ရေးသားမယ့် အကြောင်းအရာအတွက် ပုံကြမ်းများလည်း ပေးထားပါတယ်။ ပုံကြမ်းများဟာ ခေါင်းစဉ်နဲ့ အံဝင်ခွင်ကျ ရေးသားနိုင်စေဖို့အတွက် အထောက်အကူပြုချက်တွေသာ ဖြစ်ပါတယ်။ ပုံကြမ်းပါ အချက်တွေဟာ ယေဘုယျအချက်တွေသာ ဖြစ်တဲ့အတွက် မိမိအတွေ့အကြုံ၊ ဗဟုသုတကြွယ်ဝရင် ကြွယ်ဝသလောက်၊ အလေ့အကျင့်ကောင်းရင် ကောင်းသလောက် ထိရောက်စွာ အသုံးပြုနိုင်မယ့်အချက်များသာ ဖြစ်ပါတယ်။ အထူးသတိပြုရမယ့်အချက်ကတော့ ပုံကြမ်းပါ အချက်တွေကို သတိမမူဘဲ ကိုယ်အလွတ်ကျက်ထားတာတွေကိုပဲ ပြန်ရေးချမယ်ဆိုရင်တော့ မေးခွန်းနဲ့ အံဝင်ခွင်ကျမဖြစ်နိုင်တော့တဲ့အတွက် ရမှတ်တွေဆုံးရှုံးမှာ ဖြစ်ပါတယ်။

စာစီစာကုံးရေးသားဖြေဆိုရာတွင် နိဒါန်း၊ စာကိုယ်၊ နိဂုံး ပြည့်စုံဖို့ လိုပါတယ်။ စာစီစာကုံးဟာ မေးခွန်းရဲ့နောက်ဆုံးအပုဒ်ဖြစ်တဲ့အတွက် ကျောင်းသား ကျောင်းသူအများစုဟာ စာစီစာကုံးကို နောက်ဆုံးမှ ရေးသားဖြေဆိုလေ့ရှိကြပါတယ်။ ဒီလိုဖြေဆိုရာမှာ စာစီစာကုံးကို စာမျက်နှာများစွာ ရေးသားခဲ့ပေမယ့် နိဂုံးမချုပ်မီ စာမေးပွဲအချိန်စေ့သွားတဲ့အတွက် အဆုံးမသတ်နိုင်ခြင်းမျိုး ဖြစ်တတ်ပါတယ်။ ဒီအခါမှာ မိမိ စာစီစာကုံးဟာ ရှေ့ပိုင်းမှာ ဘယ်လောက် ကောင်းမွန်အောင် ရေးထား ရေးထား နိဂုံးမပါတဲ့၊ နိဂုံးမချုပ်နိုင်တဲ့၊ စာစီစာကုံး အင်္ဂါရပ်နဲ့ မပြည့်စုံတဲ့ စာစီစာကုံးဖြစ်သွားပြီး ရမှတ်များစွာ ဆုံးရှုံးသွားမှာ ဖြစ်ပါတယ်။ စာစီစာကုံးဟာ ကျောင်းသူ ကျောင်းသားတစ်ယောက် ဂုဏ်ထူးနဲ့ထိုက်တန်မတန်ဆိုတာ အဆုံးအဖြတ်ပေးနိုင်တဲ့ မှတ်ကျောက်တစ်ခုဖြစ်တဲ့အတွက် အထူးအလေးထား ရေးသားရမယ့် စာတစ်ပုဒ် ဖြစ်ပါတယ်။

ခြုံပြီးပြောရရင် မြန်မာစာဘာသာရပ် မေးခွန်းကို ကောင်းစွာဖြေဆိုနိုင်ပြီး ဂုဏ်ထူးမှတ်ရဖို့အတွက် ကျက်မှတ်နိုင်မှုအပြင် စာလုံးပေါင်း သတ်ပုံမှန်ကန်မှု၊ တစ်ချောင်းပုဒ်၊ ပုဒ်မစတဲ့ သင်္ကေတတွေကို တိကျမှန်ကန်စွာ အသုံးပြု တတ်မှု၊ ဆီလျော်သော စကားအသုံးအနှုန်း ရွေးချယ်တတ်မှု၊ ပုဒ်အထားအသို မှန်ကန်မှု၊ ဝါကျဖွဲ့ထုံးမှန်ကန်မှု၊ ဝါကျတစ်ခုနှင့်တစ်ခု ပြေပြစ်ညီညွတ်စွာ ချိတ်ဆက်နိုင်မှု၊ စာပိုဒ်ဖွဲ့ပုံကောင်းမွန်မှု၊ စာပိုဒ်တစ်ပိုဒ်နှင့်တစ်ပိုဒ် ပြေပြစ်ညီညတ်စွာ ချိတ်ဆက်နိုင်မှု၊ စာပုဒ်လုံးဟာ ဆိုလိုချက်ကို ရှင်းလင်းစွာ ပေါ်လွင်စေမှုစတာတွေနဲ့ ပြည့်စုံဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် လက်ရေးလက်သား သပ်ရပ်သန့်ရှင်းမှု၊ ဖျက်ရာခြစ်ရာကင်းစင်မှု၊ သေသပ်စွာ မျဉ်းသားမှု စတဲ့ သေသေသပ်သပ် ရေးသားဖြေဆိုနိုင်ဖို့လည်း အရေးကြီးပါတယ်။

အခု ဆွေးနွေးပို့ချခဲ့တဲ့ ပို့ချချက်ဟာတက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုကြမယ့် ကျောင်းသားကျောင်းသူတွေအတွက် အထောက်အကူများစွာ ဖြစ်စေမယ်လို့ ယုံကြည်ပါတယ်။ ကျောင်းသားကျောင်းသူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာနဲ့ စာမေးပွဲကြီးကို ကောင်းမွန်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ပို့ချချက်ကို နိဂုံးချုပ်လိုက်ပါတယ်။ ။

